# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၄)ရက် ၊ ကြာသပတေးနေ့ ၊ (15-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၆၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သန်လျင်ရေနံချက်စက်ရုံ(အပိုင်း-၁) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးပြီး ဂုဏ်ပြုအမှာစကားပြောကြား






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သန်လျင်ရေနံချက်စက်ရုံ ပင်မထိန်းချုပ်ခန်းဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၄**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သန်လျင်ရေနံချက်စက်ရုံ(အပိုင်း-၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်မြို့ရှိ အဆိုပါစက်ရုံ နေရာ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဒေါက်တာစိုးဝင်း၊ ဒေါက်တာသက်သက်ဇင်၊ ဦးမင်းနောင်၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊

စာမျက်နှာ ၁၆ ကော်လံ ၁

## တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့သည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၄**

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ် (Land Depression)၏ အရှိန်ကြောင့် တနင်္သာတိုင်းဒေသကြီးအတွင်း ပြိုကျ၍ လမ်းပိတ်ဆို့မှုများ ဖြစ်ပွားခဲ့သည့် ထားဝယ် - လောင်းလုံး - ကျောက်နီမော်- ရှင်မော်လမ်းမကြီးပေါ်ရှိ နေရာများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျေးရွာရပ်ကွက်များ၌ ယနေ့တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုကူညီရေးအဖွဲ့များ၊

စာမျက်နှာ ၂၆ ကော်လံ ၄



သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့သည့် နေရာများတွင် စက်ယန္တရားများအသုံးပြု၍ မြေစိုင်ခဲများ ဖယ်ရှားရှင်းလင်းခြင်း ဆောင်ရွက်ပေးစဉ်။



## မလေးရှားနိုင်ငံတွင် အခက်အခဲဒုက္ခများကြုံတွေ့ခဲ့ရပြီး ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို နေရပ်ဒေသများသို့ ပြန်လည်ပို့ဆောင်ပေး

**မြိတ် အောက်တိုဘာ ၁၄**

နိုင်ငံတော်က ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲဒုက္ခများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကို ကူညီကယ်ဆယ်ရေး၊ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေးတို့ကို အစဉ်တစိုက်အလေးထားဆောင်ရွက်ပေးလျက်ရှိပြီး မလေးရှားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ခေါ်ဆောင်ခဲ့ရာ အောက်တိုဘာ ၄ ရက်က မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ကာ ၎င်းတို့အနက်မှ ၁၄၂ ဦးသည် ရန်ကုန်မြို့မှတစ်ဆင့် မြိတ်မြို့သို့ ယနေ့နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိလာရာ မြိတ်ဆိပ်ကမ်း၌ တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုခဲ့ကြသည်။

ထိုသို့ တနင်္သာရီတိုင်းဒေသကြီးအတွင်း နေထိုင်သူ ၁၄၂ ဦးကို ရန်ကုန်မြို့မှ မြိတ်မြို့သို့

စာမျက်နှာ ၂၆ ကော်လံ ၁

ရတနာပုံ

၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၅ ရက်

အယ်ဒီတာ့အာဘော်

# NCA မှသည် ထာဝရငြိမ်းချမ်းရေးဆီသို့

နိုင်ငံတစ်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးသည် အဓိကကျလှပေသည်။ နိုင်ငံအတွင်း ပြည်သူအားလုံးလိုလားတောင့်တနေသော ငြိမ်းချမ်းရေးကို ဖော်ပေးနိုင်မည်ဆိုလျှင် နိုင်ငံသည် အနေးနှင့်အမြန် ဖွံ့ဖြိုးတိုးတက်လာမည်ပင်ဖြစ်ပေသည်။ ထို့ကြောင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးနိုင်ရေးအတွက် အစိုးရ၊ တပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ စဉ်ဆက်မပြတ်ပြုလုပ်ခဲ့ကြရာ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် မွန်ပြည်သစ်ပါတီ(NMSP)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)တို့ ပါဝင်လက်မှတ်ရေးထိုးခဲ့ခြင်းကြောင့် NCA စာချုပ်တွင် လက်မှတ်ရေးထိုးသည့်အဖွဲ့ ၁၀ ဖွဲ့ထိ ရှိလာခဲ့သည်။ NCA လက်မှတ်စတင်ရေးထိုးသည့် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှစ၍ NCA အထိမ်းအမှတ် နှစ်ပတ်လည်နေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်ဆိုလျှင် ၁၁ နှစ်ပြည့် နှစ်ပတ်လည်နေ့သို့ပင် ရောက်ရှိပြီဖြစ်သည်။

လက်ရှိနိုင်ငံတော်အစိုးရလက်ထက်တွင် နိုင်ငံတော်သမ္မတဦးဆောင်သော အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ(NSPCC)သည် ငြိမ်းချမ်းရေးတံခါးကို ထာဝရဖွင့်ထားပြီး လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် ထာဝရငြိမ်းချမ်းရေးရရှိရန် NCA လမ်းကြောင်းအတိုင်း ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေ လုပ်ဆောင်ရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်နိုင်ရန် ကြိုတင်ကန့်သတ်ချက်များမထားသော ဆွေးနွေးပွဲများ ကျင်းပနိုင်ရေး ကြေငြာချက်အမှတ် ၁/ ၂၀၂၆ ဖြင့် ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ထားရှိသည်။

NCA ၏ အနှစ်သာရသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး လွတ်လပ်မှု၊ တန်းတူညီမျှရှိမှုနှင့် တရားမျှတမှုတို့ကို အခြေခံသော ပြည်ထောင်စုစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားမည်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးက NCA ၏ အနှစ်သာရများကို သိရှိနားလည်ပြီး နိုင်ငံတော်အတွက်ဆိုသော အသိတရားနှင့် ပူးပေါင်းပါဝင်လာကြရန် လိုအပ်ပေသည်။

သမိုင်းကြောင်းသင်ခန်းစာများအရ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အလွန်အရေးကြီးပေသည်။ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး တိုင်းရင်းသားပြည်သူအားလုံး ပြည်ထောင်စုကြီးအတွင်း စိတ်ချမ်းသာစွာ နေထိုင်နိုင်ရန် ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးသည် အဓိကဖြစ်သည်။ ငြိမ်းချမ်းရေးရရှိရန်အတွက် အမှန်တကယ်လိုလားသောဆန္ဒ၊ ငြိမ်းချမ်းစွာညှိနှိုင်းလိုမှု၊ စိတ်ရှည်သည်းခံမှုနှင့် တစိုက်မတ်မတ် ကြိုးစားအားထုတ်မှုများ ရှိမှသာလျှင် ပန်းတိုင်ခရီးကို လျင်မြန်စွာရောက်ရှိမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အသိဉာဏ်ပညာဖြင့် သတိတရားကို လက်ကိုင်ထားပြီး NCA လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်ကြကာ တစ်ဦးနှင့်တစ်ဦးစိတ်ရှည်သည်းခံ၍ စည်းလုံးညီညွတ်စွာဖြင့် အနာဂတ်ကာလတွင် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် အားသွန်ခွန်စိုက် အတူတကွကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားအပ်ပါသည်။

# ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေပဲဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီး



**ရေဦး အောက်တိုဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်မြေပဲဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၇၇၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲခင်းများကို ယခုနှစ် ဩဂုတ်လပထမပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၆၁ ဒသမ ၄၉ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ မြေပဲ ၉၇၇၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့မြေပဲခင်းတွေ အခုလက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြသည်။

ရေဦးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြ၍ သိရသည်။ (၂၀၆)

# ပြင်ဦးလွင်မြို့နယ် သင်္ဂတုံကျေးရွာ၌ ချင်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ပြင်ဦးလွင် အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သင်္ဂတုံကျေးရွာ၌ ချင်းကျောက် ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက သင်္ဂတုံကျေးရွာ၌ ချင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းက ကုမ္ပဏီတာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ သင်္ဂတုံကျေးရွာ၌ လမ်းအရှည်တစ်မိုင် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ချင်းကျောက်ခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ဘဏ္ဍာနှစ်တွင် မူလခွင့်ပြုရန်ပုံငွေကျပ် ၂၆၉ ဒသမ ၀၀၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် လင်းလက်ပြည့်စုံအောင် ကုမ္ပဏီက ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းထံမှ သိရသည်။

အောင်ရဲကျော်

# မြန်အောင်မြို့နယ်တွင် ဒေသထွက် ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ



**မြန်အောင် အောက်တိုဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ဒေသထွက် ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း မြန်အောင် မြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ဌေးက ပြောပြ၍ သိရသည်။

မြန်အောင်မြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များအပါအဝင် ငါးခြောက်မျိုးစုံကို တင်ပို့ရောင်းချလျက်ရာ ယခုနှစ် အောက်တိုဘာလ ပထမပတ်မှစတင်၍ ယနေ့ထိ ငါးကွမ်းရှပ်ခြောက်များ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့် ငါးကွမ်းရှပ်ခြောက်များ လက်ရှိ တစ်ရက်လျှင် ပိဿာချိန် ၁၅၀၀ မှ ၂၅၀၀ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"မြန်အောင်မြို့နယ်က ငါးကွမ်းရှပ်ခြောက်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ အခုလ ပထမပတ်လောက်ကတည်းက စတင်အရောင်းအဝယ် ကောင်းမွန်ခဲ့တာပါ။ ဒေသထွက် ငါးကွမ်းရှပ်ခြောက်တွေအပါအဝင် ငါးခြောက်မျိုးစုံကိုအခြားဒေသတွေက ဝယ်ယူအား ကောင်းနေတာကြောင့် အရောင်းအဝယ် ကောင်းမွန်နေတာပါ။ ပိုမိုအရောင်းအဝယ် ကောင်းမွန်နေတာကတော့ ငါးကွမ်းရှပ်ခြောက်တွေဖြစ်ပါတယ်"ဟု မြန်အောင်မြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ဌေးက ပြောပြသည်။

မြန်အောင်မြို့နယ်တွင် အရောင်းအဝယ် ကောင်းမွန်နေသည့် ငါးကွမ်းရှပ်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၂၅၀၀ မှ ၅၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

Yadanarbon newspaper

# ပျော်ဘွယ်မြို့နယ် လျှော်ဖြူပင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ပျော်ဘွယ် အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လျှော်ဖြူပင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့် ခရိုင်၊ မြို့နယ် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရှိ ရေရရှိရေး ကော်မတီဝင်များနှင့်အတူ လျှော်ဖြူပင်ကျေးရွာ၌ ရေရရှိရေးအတွက် 5.5 HP Submersible Pump တပ်ဆင်ခြင်း၊ 10KW ပါဝါမီတာတပ်ဆင်ခြင်း၊ ဂါလန် ၂၄၀၀၀ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်းနှင့် အလျား ၄၀ပေ၊ အနံ ၄၀ပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

လျှော်ဖြူပင်ကျေးရွာ၌ အဆိုပါရေရရှိရေးလုပ်ငန်းကို ၂၀၂၆-၂၀၂၇ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၉ ဒသမ ၉၅ သန်းဖြင့် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၃ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းထံမှ သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ အကွက် (၈၅၂) ချမ်းတောင်ရပ်နေ ဒေါ်လှလှမြင့် မိသားစုက ဦးထွန်းကြည် အားရည်စူး၍ တစ်နေ့တာဆွမ်းအတွက် ငွေကျပ် ၄၀သိန်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ် ၁၅ သိန်းလှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

# တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၃၀၈ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**တမူး အောက်တိုဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၃၀၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၁၅၃ ဧက၊ တမူးမြို့နယ်တွင် ၈၀၅ ဧက၊ ခါမ်းပါတ်မြို့တွင် ဧက ၂၃၅၀ စုစုပေါင်း ၃၃၀၈ ဧကဖြစ်ပြီး အဆိုပါ နေကြာစိုက်ပျိုးမှုကို အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ နေကြာဧက ၃၃၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ ပြည်ပက တင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့ ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေးဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံနေကြာတစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်ပိုများပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးသိန်းက ပြောပြသည်။

တမူးခရိုင်တွင် နေကြာစိုက်ပျိုးမည့်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးမျိုးသိန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# သာစည်မြို့နယ် ပွင့်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကျီးကန်ကျေးရွာအုပ်စု ပွင့်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို အောက်တိုဘာ ၁၃ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ပွင့်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၀ ဒသမ ၅ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပွင့်ကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၁၉ ဒသမ ၃၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၁၃ ဒသမ ၆၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၁၇ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၉ ဦးကို ရန်ပုံငွေကျပ် ၅၀ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ရောပဒေသာစပါးတင်းရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် အောက်တိုဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ရောပဒေသာစပါး တင်းရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဆန်စပါးအပါအဝင် လယ်ယာထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိရာ ဩဂုတ်လအတွင်း ရောပဒေသာစပါးတင်းရေ ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ရောပဒေသာစပါးတင်းရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း မအူပင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ရောပဒေသာစပါးတင်းရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ မအူပင်မြို့နယ်က ဆန်စပါးအပြင် လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ရောပဒေသာစပါးက ဆန်ကြမ်းအုပ်စုထဲမှာပါပါတယ်။ ရောပဒေသာစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်"ဟု မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ရောပဒေသာစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ရောပဒေသာစပါးများ တင်ပို့ရောင်းချအားကောင်းလာသောကြောင့် စပါးစိုက်တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေလျက်ရှိကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# တိမ်မြုပ်နေသော မဟော်တရားစီရင်ခန်းပျို့

ဗိုလ်ရှိတ်(ရတနာပူရ)

ပျူမြို့ပြယဉ်ကျေးမှုထွန်းကားခဲ့သော မိုင်းမော၊ ဟံလင်း၊ သရေခေတ္တရာ စသည့်ပျူခေတ်ကာလမှစ၍ မျက်မှောက်ခေတ်တိုင်အောင်ပင် မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာကို အစဉ်တစိုက် ကိုးကွယ်ခဲ့သော နိုင်ငံဖြစ်သည်။ မိုင်းမောပျူမြို့ဟောင်းကို ဘီစီ ၂ ရာစု တွင် ထွန်းကားခဲ့သော မြို့ဟောင်းတစ်မြို့ဟု ပညာရှင်များက မိန့်ဆိုခဲ့ကြသောကြောင့် မိုင်းမောမြို့သက်နှင့်အတူ ဗုဒ္ဓဘာသာသည် နှစ်ပေါင်း ၂၀၀၀ ကျော်တိုင်အောင် မြန်မာ့မြေပေါ်တွင် ဗုဒ္ဓဘာသာအဆုံးအမများ အခြေတည်ခဲ့သည်ဟု ဆိုနိုင်သည်။ ပျူခေတ်ကာလမှစ၍ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ် စသည့် ခေတ်အဆက်ဆက်တိုင်အောင် စိုးစံခဲ့ကြသော မြန်မာမင်းတို့သည် ဗုဒ္ဓဘာသာကို ကိုးကွယ်ချီးမြှောက်ခြင်းများ အစဉ်တစိုက်ပြုလုပ် ကိုးကွယ်ခဲ့ကြသဖြင့် ဗုဒ္ဓဘာသာအဆုံးအမများနှင့် မြန်မာနိုင်ငံသည် ခွဲခြား၍မရအောင် ဗုဒ္ဓဘာသာယဉ်ကျေးမှုများ ပြန့်ပွားခဲ့သည်။ ဗုဒ္ဓဘာသာကို အခြေခံသည့် ယဉ်ကျေးမှုဓလေ့ထုံးစံများ ထွန်းကားခဲ့သည်။ မြန်မာ့သမိုင်းကို လေ့လာလိုလျှင် ဗုဒ္ဓဘာသာကိုပါလေ့လာမှ ပြည့်စုံနိုင်မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မြန်မာလူ့အဖွဲ့အစည်းသည် ဗုဒ္ဓဘာသာအဆုံးအမများကို အခြေခံကာ ဖွဲ့စည်းထားသော လူမှုအဖွဲ့အစည်းဖြစ်ခြင်းကြောင့်ဖြစ်သည်။

**ဇာတ်တော် ၅၅၀ နှင့် မြန်မာ့လူ့အဖွဲ့အစည်း**

မြတ်စွာဘုရားရှင်ဟောကြားခဲ့သော တရားတော်များတွင် ၅၅၀ ဇာတ်တော်များဟူ၍ ရှိသည်။ ၅၅၀ ဇာတ်တော်များသည် ခေတ်အဆက်ဆက် မြန်မာ့လူ့အဖွဲ့အစည်းအပေါ်များစွာ ဩဇာလွှမ်းမိုးမှုရှိခဲ့သည်။ ရဟန်းပညာရှိ၊ လူပညာရှိတို့သည် ၅၅၀ လာဇာတ်တော်များကို ဟောကြားပြီး ပြည်သူပြည်သားများကို ဆုံးမသွန်သင်မှုများ ပြုခဲ့ကြသည်။ ၅၅၀ ဇာတ်တော်များမှ အတုယူစရာများ၊ ရှောင်ကြဉ်စရာများကို ဆုံးမသွန်သင်ဟောပြခဲ့ကြသည်။ ထို့ကြောင့် မြန်မာ့လူ့အဖွဲ့အစည်းသည် ၅၅၀ ဇာတ်တော်လာအဆုံးအမများနှင့် ရင်းနှီးခဲ့ကြသည်။

ရှေးက ၅၅၀ ဇာတ်တော်များကို ရဟန်းပညာရှိ၊ လူပညာရှိတို့က နှုတ်ဖြင့် ဟောပြောဆုံးမခဲ့သည်သာမက ရှေးကလိုဏ်ခံစေတီနံရံပန်းချီများ၊ ဘုန်းတော်ကြီးကျောင်းရှိ ပန်းပုလက်ရာများတွင်လည်း ၅၅၀ ဇာတ်တော်များကို ရေးဆွဲခဲ့ကြသည်။ နံရံပန်းချီများတွင် ၅၅၀ ဇာတ်တော်များကို ရေးဆွဲပြီး ပြည်သူလူထုနှင့် ရင်းနှီးအောင်ပြုလုပ်ခဲ့ကြသလို ဘုန်းတော်ကြီးကျောင်းများတွင် ၅၅၀ ဇာတ်တော်များကို ပန်းပုရုပ်လုံးများဖြင့်လည်း ပုံဖော်ခဲ့ကြသည်။ ထိုပန်းချီများ၊ ပန်းပုရုပ်လုံးများကို မြင်ရလျှင် စာမတတ်သူများပင်လျှင် မည်သည့်ဇာတ်တော်ကို ရေးဆွဲ၊ ထွင်းထုထားကြောင်း အလွယ်သိနိုင်သည်။ ထို့ကြောင့် ဘုရားဟော ၅၅၀ ဇာတ်တော်များသည် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ပန်းချီ၊ ပန်းပု၊ စာပေ စသည့်ပုံစံအမျိုးမျိုးဖြင့် ပျံ့နှံ့လျက်ရှိသည်။

စေတီပုထိုးနံရံပန်းချီများတွင် ၅၅၀ ဇာတ်တော်များ ရေးဆွဲခြင်းကို ပုဂံခေတ်ကတည်းကပင်တွေ့ရှိရသည်။ ပုဂံခေတ်ထိုး ကျောက်စာများတွင် "ဇာတ်ငါးရာလည်း အတင့်အတယ်ရေး၏" "ဇာတ် ၅၅၀၊ ၁၂ ရက် တနင်္လာနေ့ပြီး၏" စသည်ဖြင့် ရေးထိုးခဲ့ကြသည်။ ဇာတ်တော် ၅၅၀ ရေးဆွဲခြင်းသည် ပုဂံခေတ်မှစ၍ ကုန်းဘောင်ခေတ်တိုင်အောင် အစဉ်တစိုက် ရေးဆွဲခဲ့ကြသည်။

**မဟော်သဓာဇာတ်တော်**

ဘုရားဟောဇာတ်တော် ၅၅၀ တွင် မဟော်သဓာဇာတ်တော်သည် ၅၄၂ ဇာတ်မြောက် ဇာတ်တော်ဖြစ်သည်။ ဇာတ်တော် ၅၅၀ မှ ဇာတ်တော်ကြီးဆယ်ဘွဲ့ဟူ၍ ခွဲထုတ်ရေတွက်ရာတွင် မဟော်သဓာဇာတ်တော်သည် ငါးဇာတ်မြောက် ဇာတ်တော်ကြီးဖြစ်သည်။ မဟော်သဓာဇာတ်တော်သည် အလွန်ထင်ရှားသော ဇာတ်တော်ကြီးဖြစ်သည်။ မဟော်သဓာဇာတ်တော်ကို ပုဂံခေတ်မှစ၍ ကုန်းဘောင်ခေတ်တိုင်အောင်ပင် နံရံပန်းချီများတွင် ရေးဆွဲခဲ့ကြသည်။ ပုဂံမြို့ဟောင်းလောကထိပ်ပန်ဘုရား နံရံပန်းချီတွင် မဟော်ကျေးစေခန်းပန်းချီပုံများ၊ မဟော်သဓာသုခမိန်က အမတ်ကြီးလေးပါး၏ လျှို့ဝှက်စကားများကို ချောင်းမြောင်းနားထောင်နေသည့် ပန်းချီများ ရေးဆွဲထားသည်။ ကုန်းဘောင်ခေတ်တွင် ရေးဆွဲခဲ့သော စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးရွာ လောင်းဦးမှော်လိုဏ်ဂူတွင်လည်း မဟော်သဓာဇာတ်တော် နံရံပန်းချီများရှိသည်။ ထို့ကြောင့် မဟော်သဓာဇာတ်တော်ကို ပုဂံခေတ်နံရံပန်းချီမှသည် ကုန်းဘောင်ခေတ်နံရံပန်းချီထိ ရေးဆွဲခဲ့သည်ကို တွေ့နိုင်သည်။ ထို့ပြင် ပုဂံခေတ်အာနန္ဒာဘုရားပစ္စယာတွင် မဟော်ကျေးစေခန်းစဉ့်ကွင်းများရှိသည်။ အထက်ပါ အချက်များကို ထောက်ဆခြင်းအားဖြင့် မဟော်သဓာဇာတ်တော်သည် အလွန်ထင်ရှားသော ဇာတ်တော်ဖြစ်ကြောင်း သိသာသည်။

**မဟော်သဓာဇာတ်နှင့်မြန်မာစာပေ**

မဟော်သဓာဇာတ်တော်သည် ရှေးကနံရံပန်းချီများတွင် နေရာယူခဲ့သလို မြန်မာစာပေနယ်ပယ်တွင်လည်း များစွာနေရာယူခဲ့သည်ကို တွေ့ရသည်။ မဟော်သဓာဇာတ်တော်သည် ခေတ်အဆက်ဆက် စာဆိုကဝိတို့ မျက်စိကျရာဇာတ်တော်ကြီး တစ်ဇာတ်ဖြစ်ခဲ့သည်။ မဟော်သဓာဇာတ်တော်ကို စာဆိုကဝိတို့သည် ပုံစံအမျိုးမျိုးဖြင့် မြန်မာစာပေနယ်အတွင်းသို့ ပို့ဆောင်ခဲ့ကြသည်။ ပျို့၊ လင်္ကာ၊ ပြဇာတ်၊ ရတု၊ စကားပြေ စသည့်ပုံစံအမျိုးမျိုးဖြင့် မြန်မာစာပေနယ်အတွင်း သွတ်သွင်းခဲ့ကြသည်။ ကုန်းဘောင်ခေတ်စာဆိုတော် မင်းဘူးဆရာတော် ဦးဩဘာသသည် မဟော်သဓာဇာတ်တော်ကြီးကို ပါဠိဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုရေးသားခဲ့သဖြင့် မဟော်သဓာဇာတ်တော်သည် လူထုကြားပိုမိုထင်ရှားခဲ့သည်။ ပါဠိဘာသာမတတ်သူများပင် မဟော်သဓာဇာတ်တော်ကို အလွယ်တကူလေ့လာနိုင်ခဲ့သည်။ မင်းဘူးဆရာတော် ဦးဩဘာသသည် မဟော်သဓာဇာတ်တော်ကို စကားပြေဖြင့်ရေးခဲ့သလို အခြားစာဆိုကဝိတို့ကလည်း မဟော်သဓာဇာတ်တော်တို့ ကဗျာ၊ လင်္ကာပုံစံအမျိုးမျိုးဖြင့် ရေးဖွဲ့ခဲ့ကြသည်။ မဟော်သဓာဇာတ်တော်ကို ကဗျာလင်္ကာအဖြစ် ရေးဖွဲ့ခဲ့ကြသော စာဆိုကဝိများတွင် ကမ္ဘာကျော်လယ်တီဆရာတော်ကြီးကဲ့သို့သော ထိတ်ထိတ်ကြဲဆရာတော်ကြီးများပင် ပါဝင်သည်။

> ❖ မဟော်တရားစီရင်ခန်းပျို့သည် "ဗောဓိရတနာ၊ အောင်ချာမြတေ"ဟူသော စကားဖြင့် အစချီထားသည်။ ပျို့စာကိုယ်ပိုဒ်ရေ ၁၂၆ ပိုဒ်၊ နိဂုံးတစ်ပိုဒ် စုစုပေါင်း ၁၂၇ ပိုဒ်ရှိသည်။ မဟော်တရားစီရင်ခန်းပျို့ကို မည်သည့်ခုနှစ်တွင် ရေးသားပြုစုခဲ့သည်ကို မသိရပါ။ ကျမ်းပြီးနိဂုံးတွင်လည်း ကျမ်းပြီးသက္ကရာဇ် ထည့်သွင်းရေးဖွဲ့ထားခြင်းမရှိပါ။ ကျမ်းပြီးနိဂုံးတွင် "အသက်ခုနစ်နှစ်အရွယ်၊ မဟော်သဓာသတို့သား ဆုံးဖြတ်သော တရားစီရင်ခန်းကား ဤတွင်ရွှေ့ပြီး၏"ဟူ၍သာပါရှိသည်။ ❖

မဟော်သဓာဇာတ်တော်ကို ပျို့၊ ကဗျာ၊ လင်္ကာအဖြစ် ပြန်လည်ရေးဖွဲ့ကြရာတွင် တချို့စာဆိုကဝိတို့က မဟော်သဓာဇာတ်တော်ကြီးတစ်ခုလုံးကို ရေးဖွဲ့ကြသည်။ တချို့က ဇာတ်တော်ကြီးတစ်ခုလုံးကို မရေးဖွဲ့ဘဲ မဟော်သဓာဇာတ်တော်မှ အခန်းတစ်ခန်း၊ အပိုင်းတစ်ပိုင်းကို ရေးဖွဲ့ကြသည်။ တွေ့ရသမျှ မဟော်ပျို့ကဗျာလင်္ကာများတွင် ဇာတ်တော်ကြီးတစ်ခုလုံးကိုရေးဖွဲ့သည့် အရေအတွက်ထက် အခန်းတစ်ခန်း၊ အပိုင်းတစ်ပိုင်းကိုရေးဖွဲ့သည့် ပျို့ကဗျာအရေအတွက်က ပိုများသည်။ မြန်မာစာပေနယ်ပယ်တွင် စာဆိုကဝိအသီးသီးတို့ ရေးဖွဲ့ခဲ့သော မဟော်သဓာဇာတ်တော် နောက်ခံပျို့ကဗျာများမှာ–

- ၁။ မဟော်ကျေးစေခန်းပျို့ – ဦးထွန်းညိုဆို
- ၂။ မဟော်ဥမင်ခန်းပျို့ – ဦးထွန်းညိုဆို
- ၃။ မဟော်ဥမင်ခန်းပျို့ – ဦးရွှန်းဆို(ပုံမနှိပ်ရသေး)
- ၄။ မဟော်ပြဿနာခန်းပျို့ – ဦးရွှန်း(ပုံနှိပ်ပြီး)
- ၅။ မဟော်ဥမင်ခန်းပျို့ – ဦးရွှေမူ၊ ဦးရေးဆို (ပုံမနှိပ်ရသေး)
- ၆။ မဟော်ပျို့ – ဆံရစ်ရွာဇာတိ စာဆို(ပုံမနှိပ်ရသေး)
- ၇။ မဟော်သဓာပျို့ – နေမျိုးသီဟရဲခေါင်(ပုံမနှိပ်ရသေး)
- ၈။ မဟော်ဇာတ်လင်္ကာ – ဗိသုကာဦးရွှေမြ (ပုံမနှိပ်ရသေး)
- ၉။ မဟော်ကျေးစေခန်း –လယ်တီဆရာတော်(ပုံနှိပ်ပြီး)
- ၁၀။ မဟော်လင်္ကာ – ဝါးကျောင်းဆရာတော်ဦးကေတု (ပုံမနှိပ်ရသေး)
- ၁၁။ မဟော်ပြဇာတ် – ဦးပုည
- ၁၂။ မဟော်ပြဇာတ် – ဦးကြင်ဥ
- ၁၃။ မဟော်တရားစီရင်ခန်းပျို့ – စာဆိုအမည်မသိ (ပုံမနှိပ်ရသေး)
- ၁၄။ မဟော်ပျို့ – စာဆိုအမည်မသိ ၁၁၉၂ ခု ကျမ်းပြီး (ပုံမနှိပ်ရသေး)
- ၁၅။ မဟော်သဓာပျို့ – စာဆိုအမည်မသိ (ပုံမနှိပ်ရသေး)
- ၁၆။ မဟော်သဓာလင်္ကာပျို့ – စာဆိုအမည်မသိ (ပုံမနှိပ်ရသေး)

ဟူ၍ဖြစ်သည်။ အလွန်များသော အရေအတွက်ဖြစ်သည်။ ဤစာရင်းအပြင် တိမ်မြုပ်နေသော မဟော်ပျို့လင်္ကာများလည်း ရှိနိုင်ပါသေးသည်။

**မဟော်တရားစီရင်ခန်းပျို့**

မဟော်သဓာဇာတ်တော်ကြီးကို ရေးဖွဲ့ခဲ့သော ပျို့များတွင် မဟော်သဓာတရားစီရင်ခန်းပျို့သည် တိမ်မြုပ်နေသော ပျို့တစ်စောင်ဖြစ်သည်။ ယခုအချိန်ထိ ပုံနှိပ်မှုမရှိဘဲ ပေမူဘဝဖြင့် တိမ်မြုပ်နေသည်။ မဟော်တရားစီရင်ခန်းပျို့ပေမူမှာ နှစ်မူတွေ့ရသည်။ ထိုနှစ်မူမှာ– ၁။ မန္တလေးတက္ကသိုလ်ပေမူ၊ ၂။ ရန်ကုန်တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် ပေမူတို့ဖြစ်သည်။ ထိုနှစ်မူတွင် မန္တလေးတက္ကသိုလ်ပေမူမှ မဟောတရားစီရင်ခန်းပျို့ကို လက်ရေးမူဖြင့် စုဆောင်းရရှိခဲ့သည်။ ထို့ကြောင့် မန္တလေးတက္ကသိုလ်ပေကူးမူကိုသာ အဓိကထား၍ ဖော်ပြပါမည်။

မဟော်တရားစီရင်ခန်းပျို့သည် "ဗောဓိရတနာ၊ အောင်ချာမြတေ"ဟူသော စကားဖြင့် အစချီထားသည်။ ပျို့စာကိုယ်ပိုဒ်ရေ ၁၂၆ ပိုဒ်၊ နိဂုံးတစ်ပိုဒ် စုစုပေါင်း ၁၂၇ ပိုဒ်ရှိသည်။ မဟော်တရားစီရင်ခန်းပျို့ကို မည်သည့်ခုနှစ်တွင် ရေးသားပြုစုခဲ့သည်ကို မသိရပါ။ ကျမ်းပြီးနိဂုံးတွင်လည်း ကျမ်းပြီးသက္ကရာဇ် ထည့်သွင်းရေးဖွဲ့ထားခြင်းမရှိပါ။ ကျမ်းပြီးနိဂုံးတွင် "အသက်ခုနစ်နှစ်အရွယ်၊ မဟော်သဓာသတို့သား ဆုံးဖြတ်သော တရားစီရင်ခန်းကား ဤတွင်ရွှေ့ပြီး၏" ဟူ၍သာ ပါရှိသည်။ ကျမ်းပြီးနှစ် မသိရသော်လည်း ပေကူးနှစ်ကို "သက္ကရာဇ် ၁၂၀၂ ခု၊ တပို့တွဲလပြည့်ကျော် ၄ ရက်နေ့ သုံးချက်တီးချိန်တွင် မဟော်ပျို့ကို ရေးကူးပြီးအောင်မြင်သည်"ဟူ၍ ပါရှိသဖြင့် ဤပေမူသည် ကုန်းဘောင်ခေတ် သာယာဝတီမင်းလက်ထက် ရေးကူးပြီးခဲ့သော ပေမူဖြစ်ကြောင်း သိရသည်။ ပေကူးနှစ်သည်ပင်လျှင် ၁၂၀၂ ခုနှစ် ဖြစ်သောကြောင့် ကျမ်းပြီးနှစ်မှာ ၁၂၀၂ ခုနှစ်ထက် စောမည်ဖြစ်ကြောင်းကား ထင်ရှားသည်။

မဟော်တရားစီရင်ခန်းပျို့သည် ကျမ်းပြီးနှစ်မသိရသကဲ့သို့ စာဆိုအမည်ကိုလည်း မသိရပါ။ ထို့ကြောင့် အမည်မသိစာဆို သို့မဟုတ် မိဘမဲ့ပျို့တစ်စောင်အဖြစ်သာ လောလောဆယ်မှတ်တမ်းတင်ထားရသည်။ နောက်ထပ်အသစ်ရှာဖွေတွေ့ရှိပါက စာဆိုအမည်ဖြည့်စွက်ကြရန်ဖြစ်သည်။

မဟော်တရားစီရင်ခန်းပျို့သည် မဟော်သဓာသတို့သား ခုနစ်နှစ်အရွယ်တွင် စီရင်ဆုံးဖြတ်ခဲ့သော တရားစီရင်ခန်းခုနစ်ခုကို ရေးဖွဲ့ထားသော ပျို့ဖြစ်သည်။ ထို့ကြောင့် ပျို့ဆရာက ကျမ်းပြီးနိဂုံး၌–

"အာကာသဓာတ်၊ မိုဃ်းစွတ်လတ်သို့
ပညတ်သေန၊ ချီပျံ့ထသား
မံသခေါ်ရိုး၊ သားဟင်းမျိုးကို
အားကြိုးယူထ၊ တူကြောင်းပြလျက်
ဂေါဏလည်ကုံး၊ ချည်လုံးနှင့်သား

စာမျက်နှာ ၅ သို့ á

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

( ဂ ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ကလေး အောက်တိုဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၅၈၂၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ နှမ်း ၁၅၈၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းတွေ စိုက်ပျိုးချိန်မှာလဲ စိုက်ဧကတိုးချဲ့ စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့ အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေးက ပြောပြသည်။

ကလေးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့်စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်း ကောင်းမွန်ရေးနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အရည်အသွေးနှင့် အထွက်နှုန်း တိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံနှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေးက ပြောပြ၍ သိရသည်။

(၂၀၆)

## ဥစ္စာ

\- အခြေမလှ မနေရ၍
သေကြသည့်ခါ ကိုယ့်နောက်မှာလျှင်
ဥစ္စာငွေစ ဂုဏ်ခနေတို့
ဘာမျှမပါ လက်ချည်းသာဟု
ငါဆင်ခြင်သိ နားလည်၏။

\- သိပါလျက်သား အစီးပွားကို
အားထုတ်ဖွေရ နေ့နေ့ည။

\- သိပါလျက်က ကြိုးလုံ့လနှင့်
သုတပညာ ဆည်းပူးကြ။

\- သိပါလျက်နှင့် ကိုယ့်တန်းဆင့်ကို
မြှင့်တင်ကြိုးပမ်း လှမ်းပြီးလှမ်း။

\- သိလျက်နှင့်ပင် ခံစားမြင်သည့်
လကာ်ာတေးချင်း ၄ဝေရင်း။

\- သခါ်ရဟု
ဓမ္မယှဉ်ကြည့် ဉာဏ်မြင်ရှိမို့
အသိခေါက်ခက် ဝင်မနက်ပါ
ထမ်းရွက်ကြံဆ ကြိုးသမျှကား
ဘဝလွှင်ပြင် အရာထင်လျက်
သားစဉ်မြေးမြစ် နောင်တစ်ခေတ်သို့
ချန်ရစ်အမွေ ကျန်ရစ်စေ။ ။

**ချစ်စုအောင်**

## လက်ပံတန်းမြို့နယ် အလယ်စုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**လက်ပံတန်း အောက်တိုဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေဖြင့် အလယ်စုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုးနှင့် ဝန်ထမ်းများက အလယ်စုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများအချိန်မီ ပြီးစီးအောင် ဆောင်ရွက်သွားကြရန်၊ စံချိန်စံနှုန်းသတ်မှတ်ချက်များ ပြည့်မီစေရေး အထူးအလေးထား ဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးက ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် လမ်းအရှည်ပေ ၁၀၅၀၊ အကျယ်သုံးပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်းအသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၃၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သန္တာ**

á စာမျက်နှာ ၄ မှအဆက်

စီရင်ခန်းခုနစ်ခန်းကို ရေးဖွဲ့ထားကြောင်း ဖွဲ့ဆိုထားသည်။ ပျို့ဆရာက ကျမ်းပြီးနိဂုံး၌ တရားစီရင်ခန်းခုနစ်ခန်းကို ရေးဖွဲ့သည်ဟု ဆိုထားသော်လည်း ပျို့စာကိုယ်အတွင်း၌ မြတ်စွာဘုရားရှင်ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်မဟောသဓာဇာတ်တော်ကြီးကိုဟောရသောအကြောင်းမှ စတင် ရေးဖွဲ့ထားသည်။ အလွယ်အားဖြင့်မှတ်လျှင် မဟောသဓာ တရားစီရင် ခန်းပျို့သည် မဟောသဓာဇာတ်တော်နိဒါန်းမှစ၍ တရားစီရင်ခန်း အဆုံးထိ ရေးဖွဲ့ထားသော ပျို့တစ်စောင်ဟု မှတ်သားနိုင်သည်။ ထို့ကြောင့် မဟောတရားစီရင်ခန်းပျို့တွင် ရေးဖွဲ့ထားသော အခန်းများမှာ–

၁။ နိဒါန်း

၂။ မဟောသဓာဖွားတော်မူခန်း

၃။ ဇရပ်ဆောက်ခန်း

၄။ အိပ်မက်အရ ပညာရှိကိုရှာခန်း

၅။ အမဲသားတစ်ချစေခန်း

၆။ နွားတရားစီရင်ခန်း

၇။ လည်ရွဲတရားစီရင်ခန်း

၈။ ချည်ထွေးတရားစီရင်ခန်း

၉။ သားတရားစီရင်ခန်း

၁၀။ မယားခိုးတရားစီရင်ခန်း

၁၁။ ရထားတရားစီရင်ခန်းတို့ဖြစ်သည်။

စာဆိုသည် ပျို့ကိုရေးဖွဲ့ရာတွင် တရားစီရင်ခန်းတစ်ခန်းလျှင် ပျို့ပိုဒ်ရေများစွာ ရေးဖွဲ့ထားသည်။ မဟောသဓာ သားတရားစီရင်ခန်းဆိုလျှင် ပိုဒ်ရေကိုးပိုဒ်ထိ ရေးဖွဲ့ထားသည်။

စာပေသည် နိုင်ငံတစ်နိုင်ငံ၏တန်ဖိုးကြီးမားသော ယဉ်ကျေးမှုအမွေအနှစ်အသက်သွေးကြောဖြစ်သည်။ စာပေမရှိသော နိုင်ငံထက် စာပေရှိသောနိုင်ငံက ပို၍ယဉ်ကျေးမှုတန်ဖိုးမြင့်မားသည်။ စာပေမြင့်မှ လူမျိုးတင့်မည်ဆိုသော စကားပင်ရှိသည်။ ရှေးဟောင်းပျို့စာပေတို့သည်လည်း မြန်မာစာပေဖွံ့ဖြိုးတိုးတက်အောင် တစ်ထောင့်တစ်နေရာမှ ပါဝင်အားဖြည့်ခဲ့ကြသည်သာဖြစ်သည်။ ထို့ကြောင့် ရှေးကတိမ်မြုပ်နေသော ပျို့စာပေများကို ရှာဖွေဖော်ထုတ်ပုံနှိပ်ထုတ်ဝေရန် ယခုအခါကြိုးပမ်းသင့်သည်။ မဟောတရားစီရင်ခန်းပျို့သည်လည်း ပေမူဖြင့်တိမ်မြုပ်နေသော ပျို့တစ်စောင်ဖြစ်သည်။ မဟောတရားစီရင်ခန်းပျို့ကို ပေမှပုံနှိပ်မူအဖြစ်သို့ရောက်အောင် ကြိုးစားရန်မှာ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်။ မဟောတရားစီရင်ခန်းပျို့မှမဟုတ် အခြားတိမ်မြုပ်နေသော ပျို့ကဗျာ၊ မြန်မာစာပေများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်မှာ တစ်မျိုးသားလုံးတာဝန်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

# ပုပ်ရဟန်းမင်းကြီး လီယို၌ အဆုတ်ကင်ဆာစစ်ဆေးတွေ့ရှိ



ရောမ အောက်တိုဘာ ၁၄

ရိုမန်ကက်သလစ် ခရစ်ယာန်သာသနာပိုင် ပုပ်ရဟန်းမင်းကြီး လီယို၌ အဆုတ်ကင်ဆာ စစ်ဆေးတွေ့ရှိထားကြောင်း ဗာတီကန်နန်းတော်က အောက်တိုဘာ ၁၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပုပ်ရဟန်းမင်းကြီး လီယို၏ ယာဘက်အဆုတ်တစ်ခြမ်း တစ်စိတ်တစ်ပိုင်းကို ဆရာဝန်များက ခွဲစိတ်ဖယ်ရှားချိန်တွင် အဆုတ်ကင်ဆာရောဂါရှိနေမှုကို စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။

တစ်သျှူးစမ်းသပ်မှု ရလဒ်များအရ ပုပ်ရဟန်းမင်းကြီး၌ ရှိနေသော အဆုတ်ကင်ဆာရောဂါမှာ lung adenocarcinoma ခေါ် အဖြစ်များသည့် အဆုတ်ကင်ဆာတစ်မျိုးဖြစ်ကြောင်း ဆရာဝန်များက ပြောကြားထားသည်။

ပုပ်ရဟန်းမင်းကြီး လီယိုသည် အဆုတ်တွင်ရှိနေသည့် တစ်သျှူးအပိုတစ်ခုကို ခွဲစိတ်ဖယ်ရှားရေးအတွက် အောက်တိုဘာ ၁၃ ရက်တွင် အီတလီနိုင်ငံ ရောမမြို့ ဂျီမယ်လီဆေးရုံသို့ တက်ရောက်ခဲ့သည်။

ပုပ်ရဟန်းမင်းကြီး လီယိုသည် အားကစားပြုလုပ်ရမှုကို ဝါသနာပါသူတစ်ဦးဖြစ်ပြီး ဆေးလိပ်သောက်သုံးသူ မဟုတ်ကြောင်းလည်း သိရသည်။

ပုပ်ရဟန်းမင်းကြီး လီယိုကို ၂၀၂၅ ခုနှစ် မေလတွင် ကမ္ဘာတစ်ဝန်းရှိ ခရစ်ယာန်ကာဒီနယ်ဘုန်းတော်ကြီးများက ရိုမန်ကက်သလစ် ခရစ်ယာန်သာသနာပိုင် ပုပ်ရဟန်းမင်းကြီးအဖြစ် ရွေးချယ် တင်မြှောက်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# တူကီယဲအခြေစိုက် ကော်ရန်ဒန်လေကြောင်းလိုင်း ခရီးသည်တင်လေယာဉ်ပြန်ပေးဆွဲခံရမှု သတင်းပေးပို့ချက် မှားယွင်းထုတ်လွှင့်မိ

ဘာလင် အောက်တိုဘာ ၁၄

ဂျရမ် ဂျာမနီနိုင်ငံသို့ ပျံသန်းနေသော တူကီယဲအခြေစိုက်ကော်ရန်ဒန်လေကြောင်းလိုင်း ခရီးသည်တင် လေယာဉ်တစ်စင်းသည် ပြန်ပေးဆွဲခံရမှု သတင်းပေးပို့ချက်ကို မှားယွင်းပေးပို့ခဲ့ပြီးနောက် အောက်တိုဘာ ၁၃ ရက်တွင် ဂျာမနီနိုင်ငံ နူရင်ဘာ့ဂ်လေဆိပ်သို့ ဘေးကင်းလုံခြုံစွာ ဆင်းသက်နိုင်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။




ခရီးသည်တင် လေယာဉ်သည် ရေဒီယို ဆက်သွယ်ရေးစနစ် ချွတ်ယွင်းမှုကြောင့် ပြန်ပေးဆွဲခံရမှု သတင်းပေးပို့ချက် မှားယွင်းထုတ်လွှင့်မိခြင်း ဖြစ်ကြောင်း ကော်ရန်ဒန် လေကြောင်းလိုင်းက သတင်းထုတ်ပြန်ထားသည်။

ဘိုးအင်း ၇၃၇-၈၀၀ ခရီးသည်တင်လေယာဉ်သည် ဂရိနိုင်ငံ ကော်ဖူကျွန်းမှ ဂျာမနီနိုင်ငံ နူရင်ဘာ့ဂ်လေဆိပ်သို့ ဦးတည်ပျံသန်းနေစဉ် ပြန်ပေးဆွဲခံရမှု သတင်းပေးပို့ချက်ကို မှားယွင်းထုတ်လွှင့်မိခဲ့ခြင်းဖြစ်သည်။

ထိုအမှားအယွင်းကြောင့် နူရင်ဘာ့ဂ်လေဆိပ်၌ လေယာဉ်အဆင်းအတက်များ ယာယီရပ်ဆိုင်းခဲ့ပြီး နောက်ပိုင်းတွင် လေဆိပ်လုပ်ငန်းများကို ပုံမှန်လည်ပတ်နိုင်ခဲ့သည်။

ကော်ရန်ဒန် လေကြောင်းလိုင်း ခရီးသည်တင်လေယာဉ် နူရင်ဘာ့ဂ်လေဆိပ်သို့ ဆင်းသက်နိုင်ချိန်ထိ ဂျာမနီလေတပ်မှ ယူရိုဖိုက်တာ တိုက်လေယာဉ်နှစ်စင်းက စောင့်ကြပ်ပျံသန်းပေးခဲ့သည်ဟု ဂျာမနီလေတပ်တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# သူလျှိုပြုလုပ်နေသူအဖြစ်ယူဆရသူ ဂျပန်သတင်းသမားတစ်ဦးကို ရုရှားဖက်ဒရယ်လုံခြုံရေးဌာန (အက်ဖ်အက်စ်ဘီ) ဖမ်းဆီးထိန်းသိမ်း

မော်စကို အောက်တိုဘာ ၁၄

သူလျှိုလုပ်ငန်း၌ ပါဝင်ပတ်သက်နေသူအဖြစ် ယူဆရသည့် ဂျပန် သတင်းသမားတစ်ဦးကို ရုရှားနိုင်ငံ ဆာခါလင်ကျွန်း၌ ဖမ်းဆီးထိန်းသိမ်း ထားကြောင်း ရုရှားပြည်တွင်း လုံခြုံရေးအေဂျင်စီက အောက်တိုဘာ ၁၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရုရှားသမ္မတပူတင်၏ ကူရိုင်ကျွန်းစုခရီးစဉ်ကြောင့် ရုရှားနှင့် ဂျပန်နိုင်ငံတို့ကြား ဆက်ဆံရေးတင်းမာနေချိန်တွင် ဂျပန်သတင်းသမားတစ်ဦးကို ဆာခါလင်ကျွန်း၌ ရုရှား ဖက်ဒရယ်လုံခြုံရေးဌာန (အက်ဖ်အက်စ်ဘီ)က ဖမ်းဆီးထိန်းသိမ်းထားခြင်းဖြစ်သည်။

ဖမ်းဆီးခံရသည့် ဂျပန်သတင်းသမားမှာ ဟော့ကိုင်းဒိုးရှင်ဘန်း သတင်းစာအတွက် အလုပ်လုပ်နေသူတစ်ဦးဖြစ်ကြောင်း ရုရှားဖက်ဒရယ်လုံခြုံရေးဌာန(အက်ဖ်အက်စ်ဘီ)က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ဂျပန်သတင်းသမားသည် ဂျပန်ထောက်လှမ်းရေးအေဂျင်စီအတွက် ရုရှားကာကွယ်ရေးအင်အားစုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို စုဆောင်းပေးနေဖွယ်ရှိကြောင်း အက်ဖ်အက်စ်ဘီ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ဂျပန်သတင်းသမားကို ရုရှားမှ ထွက်ခွာရန် ပြင်ဆင်နေချိန်တွင် ဖမ်းဆီးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း အက်ဖ်အက်စ်ဘီ တာဝန်ရှိသူများက ပြောကြားထားသည်။

ရုရှားသမ္မတပူတင်သည် ယခုနှစ် ဩဂုတ်လတွင် ပစိဖိတ်သမုဒ္ဒရာဒေသရှိ ကူရိုင်ကျွန်းစုသို့ သွားရောက်ခဲ့သည်။

အဆိုပါကျွန်းစုကို ရုရှားနိုင်ငံက လက်ရှိတွင် ထိန်းချုပ်ထားသော်လည်း ဂျပန်နိုင်ငံကလည်း ပိုင်ဆိုင်ခွင့် တောင်းဆိုထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# တောင်ကိုရီးယား ဈေးဝယ်ကုန်တိုက်တစ်ခုအတွင်း လူတစ်ဦး၏ ဓားဖြင့်တိုက်ခိုက်မှုကြောင့် လူရှစ်ဦး ဒဏ်ရာများရရှိ

ဆိုးလ် အောက်တိုဘာ ၁၄

တောင်ကိုရီးယားနိုင်ငံ အင်ချွန်မြို့ ဈေးဝယ်ကုန်တိုက်တစ်ခု၌ အသက် ၅၉ နှစ်ရှိ အမျိုးသားတစ်ဦး၏ ဓားဖြင့်တိုက်ခိုက်မှုကြောင့် အောက်တိုဘာ ၁၃ ရက်တွင် လူရှစ်ဦး ဒဏ်ရာရခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ တိုက်ခိုက်မှုအတွင်း ဒဏ်ရာရခဲ့သူများအနက် တစ်ဦးမှာ အသက်အန္တရာယ်စိုးရိမ်ရပြီး နီးစပ်ရာ ဆေးရုံတစ်ရုံ၌ ခွဲစိတ်ကုသမှုခံယူထားရကြောင်း အင်ချွန်မြို့ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

တိုက်ခိုက်မှု ကျူးလွန်သူအမျိုးသားသည် ဈေးဝယ်ကုန်တိုက်အတွင်း သွားလာနေစဉ် ဈေးဝယ်သူများကို ဓားဖြင့်လိုက်လံတိုက်ခိုက်ခဲ့ရာ ဆိုင်ရှင်များနှင့် ဈေးဝယ်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ရသည်။

တိုက်ခိုက်မှု ကျူးလွန်သူအမျိုးသားမှာ အကြမ်းဖက်မှုများကျူးလွန်ခဲ့ဖူးသူ၊ စိတ်ကျန်းမာရေးမကောင်းသူ တစ်ဦးဖြစ်ပြီး အီလက်ထရောနစ် စောင့်ကြည့်ရေး ခြေချင်း တပ်ဆင်ထားရသူဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

တောင်ကိုရီးယား ရဲတပ်ဖွဲ့၏ လုပ်ထုံးလုပ်နည်းများအရ တိုက်ခိုက်မှုကျူးလွန်သူ အမျိုးသား၏ အမည်ကို ကြေညာခြင်းမရှိခဲ့ကြောင်း သိရသည်။

အဆိုပါ အမျိုးသားသည် လူသတ်ရန်ကြိုးပမ်းမှုဖြင့် ၂၀၁၅ ခုနှစ်အတွင်း ထောင်ဒဏ်လေးနှစ် ချမှတ်ခံရသူဖြစ်သည်ဟု တောင်ကိုရီးယားမီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ပါကစ္စတန်ရဲတပ်ဖွဲ့နှင့် ဝန်ကြီးချုပ်ဟောင်း အီမရန်းခန်ထောက်ခံသူများ ခိုင်ဘာပခ်တွန်ခ်ဝါပြည်နယ်၌ ပဋိပက္ခဖြစ်ပွား



အစ္စလာမ္မာဘတ် အောက်တိုဘာ ၁၄

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာပခ်တွန်ခ်ဝါပြည်နယ်၌ ပါကစ္စတန်ရဲတပ်ဖွဲ့နှင့် ဝန်ကြီးချုပ်ဟောင်း အီမရန်းခန်ထောက်ခံသူများကြား အောက်တိုဘာ ၁၃ ရက်က ပဋိပက္ခများဖြစ်ပွားခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အီမရန်းခန်၏ ပါကစ္စတန်တီရစ်အီး အင်ဆက်ဖ်ပါတီ (ပီတီအိုင်) ဦးဆောင်သော ခိုင်ဘာပခ်တွန်ခ်ဝါ ပြည်နယ်အစိုးရကို ဖက်ဒရယ်အစိုးရက တာဝန်မှ ရပ်ဆိုင်းထားမှုနှင့် ပတ်သက်၍ အီမရန်းခန်ကို ထောက်ခံသူများနှင့် ရဲတပ်ဖွဲ့တို့ကြား ပဋိပက္ခများဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပီတီအိုင်ပါတီတာဝန်ရှိသူများက ပြောကြားထားသည်။

အောက်တိုဘာ ၁၃ရက် ပဋိပက္ခများအတွင်း ပါကစ္စတန်ရဲတပ်ဖွဲ့က အီမရန်းခန်ထောက်ခံသူများကို မျက်ရည်ယိုဗုံးများ၊ ကျည်စစ်များသုံး၍ လူစုခွဲရန်ကြိုးပမ်းခဲ့ကြောင်း သိရသည်။

ပါကစ္စတန်အစိုးရသည် ခိုင်ဘာပခ်တွန်ခ်ဝါပြည်နယ်၌ အရေးပေါ်အခြေအနေ ပြဋ္ဌာန်းချက်ကြေညာခဲ့ပြီးနောက် ပြည်နယ်ကို ဖက်ဒရယ်အစိုးရ တိုက်ရိုက်ထိန်းချုပ်မှုအောက် ထည့်သွင်းထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# နာဆာက အားတီးမစ် -၂ လေ့လာရေးမစ်ရှင်အတွင်းရရှိထားသော သိပ္ပံပညာဆိုင်ရာ အချက်အလက်များကို အများပြည်သူများအတွက် ထုတ်ပြန်ထား



ဝါရှင်တန် အောက်တိုဘာ ၁၄

အမေရိကန်အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) သည် အားတီးမစ်-၂ လေ့လာရေးမစ်ရှင်အတွင်းရရှိထားသော သိပ္ပံပညာဆိုင်ရာ အချက်အလက်များကို အများပြည်သူများအတွက် ထုတ်ပြန်ပေးထားကြောင်း အောက်တိုဘာ ၁၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

နာဆာ၏ ဂြိုဟ်ကြီးများဆိုင်ရာအချက်အလက်စနစ်မှတစ်ဆင့် ထုတ်ပြန်ပေးထားသော အထက်ပါ အားတီးမစ်-၂ မစ်ရှင် သိပ္ပံပညာရပ်ဆိုင်ရာ အချက်အလက်များမှာ ဂစ်ဂါဘိုက် ၈၀၀ ကျော်ထိရှိကြောင်း သိရသည်။

အထက်ပါ အားတီးမစ် -၂ မစ်ရှင်သိပ္ပံပညာရပ်ဆိုင်ရာ အချက်အလက်များထဲတွင် အိုရီယွန် အာကာသယာဉ်ကင်မရာစနစ်များက ရိုက်ကူးပေးထားသည့် ဓာတ်ပုံနှင့် ဗီဒီယိုဖိုင် ၁၁၀၀၀ ကျော်တို့လည်းပါဝင်သည်။

နာဆာအဖွဲ့သည် အားတီးမစ်-၂ မစ်ရှင်ကို အာကာသယာဉ်မှူးလေးဦးလိုက်ပါသွားသည့် အိုရီယွန်အာကာသယာဉ်ကို ယခုနှစ် ဧပြီ ၁ ရက်တွင် SLS ဒုံးပျံဖြင့် လွှတ်တင်ခဲ့သည်။

၁၀ ရက်ကြာမြင့်ခဲ့သော အားတီးမစ် -၂ မစ်ရှင်ကာလအတွင်း အိုရီယွန် အာကာသယာဉ်သည် အာကာသယာဉ်မှူး လေးဦးကို လကမ္ဘာအနီးသို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

အားတီးမစ် -၂ မစ်ရှင် အောင်မြင်ခဲ့မှုကြောင့် နာဆာအဖွဲ့သည် အားတီးမစ် -၃ မစ်ရှင်ကို ယခုနှစ်ကုန်ပိုင်းတွင် လွှတ်တင်ရန် စီစဉ်ထားသည်။

Ref : Russia Today

Trs : KKO

# ညပိုင်းကာလအစားအစာ စားသောက်မှုက အသည်းရောဂါများဖြစ်နိုင်ခြေမြင့်မားနိုင်

နယူးယောက် အောက်တိုဘာ ၁၄

ညပိုင်းကာလအစားအစာ စားသောက်မှုသည် အသည်းရောဂါများ ဖြစ်နိုင်ခြေမြင့်မားနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ အောက်တိုဘာ ၁၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အော်ရီဂွန်ကျန်းမာရေးနှင့် သိပ္ပံတက္ကသိုလ်မှ အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ညစာစားပြီးနောက်ပိုင်း အစားအစာ စားသုံးတတ်သူများ သို့မဟုတ် အိပ်ရာမဝင်မီအစားအစာစားသုံးတတ်သူများမှာ ထိုကဲ့သို့သောအလေ့အထမရှိသူများနှင့် နှိုင်းယှဉ်ပါက အသည်းရောဂါများ ဖြစ်နိုင်ခြေ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းထိ ပိုမြင့်မားကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် အရွယ်ရောက်သူ ၂၀၀၀၀၀ ခန့်တို့၏ အစားအစာစားသုံးမှုပုံစံ၊ ဘဝနေထိုင်မှုပုံစံနှင့် ကျန်းမာရေးအခြေအနေများကို နှိုင်းယှဉ် လေ့လာခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ ညပိုင်းကာလတွင် အစားအစာ စားသုံးသူများ၌ အသည်းအဆီဖုံးရောဂါနှင့် အသည်းခြောက် ရောဂါများဖြစ်နိုင်ခြေမြင့်လာနိုင်သည်ဟု သုတေသနပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

လူ့ကိုယ်ခန္ဓာ၏ ကိုယ်တွင်းနာရီစနစ်က အိပ်စက်ရန်အတွက် ပြင်ဆင်နေချိန်တွင် အစားအစာ စားသုံးမှုကြောင့် ကိုယ်ခန္ဓာ၏ ပုံမှန်ဇီဝဓာတုဖြစ်စဉ်များ ပျက်ပြားသွားနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

# နာဆာနှင့် စပေ့အိတ်ကုမ္ပဏီတို့က ဒရာဂွန်အာကာသကုန်တင်ယာဉ်ကို နိုင်ငံတကာအာကာသစခန်းသို့ လွှတ်တင်

ဝါရှင်တန် အောက်တိုဘာ ၁၄

အမေရိကန်အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)နှင့် စပေ့အိတ်ကုမ္ပဏီတို့သည် ဒရာဂွန် အာကာသ ကုန်တင်ယာဉ်ကို အောက်တိုဘာ ၁၃ ရက်တွင် နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဒရာဂွန်အာကာသ ကုန်တင်ယာဉ်ကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့သည်။

ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းအတွက် စားနပ်ရိက္ခာ၊ သိပ္ပံပညာစမ်းသပ်ပစ္စည်းနှင့် အခြားပစ္စည်းကိရိယာ စုစုပေါင်း ပေါင်ချိန် ၆၇၀၀ ကျော်ကို သယ်ဆောင်ထားသည်။



လွှတ်တင်ပြီးနောက် အဆိုပါ ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် အောက်တိုဘာ ၁၅ ရက်တွင် နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်နိုင်ဖွယ်ရှိကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် နာဆာနှင့် ရယူထားသည့် သဘောတူညီချက်အရ စပေ့အိတ်ကုမ္ပဏီက လွှတ်တင်သည့် ၃၅ ကြိမ်မြောက် နိုင်ငံတကာ အာကာသစခန်း ထောက်ပံ့မစ်ရှင် ဖြစ်ကြောင်း သိရသည်။

အဆိုပါမစ်ရှင်အတွင်း ဒရာဂွန် အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းအတွက် နောက်ဆုံးအသုတ် နေစွမ်းအင်ပြားများ ကိုလည်း သယ်ယူသွားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# အမေရိကန်နိုင်ငံ၌ အပူပေး၍ ပိုးသတ်ထားခြင်းမရှိသော နွားနို့များ ရောင်းချနေမှုများကို ပိတ်ပင်ရန်တောင်းဆို

နယူးယောက် အောက်တိုဘာ ၁၄

အမေရိကန် နိုင်ငံ၌ အပူပေး၍ ပိုးသတ်ထားခြင်းမရှိသော နွားနို့များ ရောင်းချနေမှုများကို ပိတ်ပင်ရန် အမေရိကန်ကလေးအထူးကုဆရာဝန်များ အကယ်ဒမီက တောင်းဆိုထားကြောင်း အောက်တိုဘာ ၁၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

နွားနို့အစိမ်းသောက်သုံးမှု၏ ကျန်းမာရေး အကျိုးကျေးဇူးများကို လူမှုနယ်ပယ်၌ ထင်ရှားသူများက ချဲ့ကားပြောကြားနေမှုကြောင့် အမေရိကန်နိုင်ငံ၌ နွားနို့အစိမ်း သောက်သုံးသူများ ပိုများလာကြောင်း သိရသည်။

သို့ရာတွင် မကြာသေးမီကာလများအတွင်း ပေါ်ပေါက်ခဲ့သည့် ရောဂါကူးစက်မှုဖြစ်စဉ်များမှာ နွားနို့အစိမ်းသောက်သုံးမှုများနှင့် ဆက်စပ်နေကြောင်း သုတေသန ပညာရှင်များက သတိပေးထားသည်။

အလားတူ နွားနို့အစိမ်း သောက်သုံးမှုမှာ ဓာတ်မတည့်မှု ရောဂါကို ကုသနိုင်သည့် ခုခံအားစနစ်ကို မြှင့်တင်ပေးနိုင်သည်ဟူသော အဆိုပြုချက်များနှင့်ပတ်သက်၍ ခိုင်လုံသည့် သက်သေအထောက်အထားများလည်း မရှိသေးကြောင်း ဆေးပညာရှင်များက ပြောကြားထားသည်။

သို့ဖြစ်ရာ အပူပေးပိုးသတ်ထားခြင်းမရှိသော နွားနို့အစိမ်းများ အမေရိကန်နိုင်ငံအတွင်း ရောင်းချမှုကို ပိတ်ပင်ထားဖြစ်သင့်ကြောင်း အမေရိကန်ကလေး အထူးကုများအကယ်ဒမီမှ ဆေးသိပ္ပံပညာရှင်များက တောင်းဆိုထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO




# နာဆာ၏ ကျူရီယိုစီတီအင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်က အင်္ဂါဂြိုဟ်အရုဏ်တက်ချိန်ကို ဓာတ်ပုံရိုက်ကူးမှတ်တမ်းတင်နိုင်ခဲ့

ဝါရှင်တန် အောက်တိုဘာ ၁၄

အမေရိကန်အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ကျူရီယိုစီတီအင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ် အရုဏ်တက်ချိန်ကို ဓာတ်ပုံရိုက်ကူး မှတ်တမ်းတင်နိုင်ခဲ့ကြောင်း အောက်တိုဘာ ၁၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

ကျူရီယိုစီတီက ရိုက်ကူးခဲ့သည့် အင်္ဂါဂြိုဟ်အရုဏ်တက်ချိန် ဓာတ်ပုံတွင် ထူးခြားဆန်းကြယ်သော တောင်ခါးပန်းများ အမှောင်ထုထဲမှ တိုးထွက်လာပုံကို တွေ့မြင်နိုင်ကြောင်း သိရသည်။

အဆိုပါ အင်္ဂါဂြိုဟ်အရုဏ်တက်ချိန် ရှုခင်းဓာတ်ပုံကို ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်က ယခုနှစ် ဩဂုတ် ၁၁ ရက်တွင် ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၁၁ ရက်သည် အင်္ဂါဂြိုဟ်ပေါ်သို့ ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်ရောက်ရှိခဲ့သော အင်္ဂါဂြိုဟ်ရက်အားဖြင့် ၄၉၈၂ ရက်မြောက်နေ့ဖြစ်သည်။

ကျူရီယိုစီတီသည် အင်္ဂါဂြိုဟ်အရုဏ်တက်ချိန် ရှုခင်းဓာတ်ပုံများကို Mustcam အမည်ရှိ ကင်မရာစနစ်ဖြင့် ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်ကို ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

Ref : Sputnik News

Trs : KKO

## ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် ဘာစီလိုနာအသင်းက ဂါလာတာစာရေးအသင်းကို လေးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရ

**ဘာစီလိုနာ အောက်တိုဘာ ၁၄**

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ကစားခဲ့သည့် ဘာစီလိုနာအသင်းနှင့် ဂါလာတာစာရေးအသင်းတို့ ပွဲစဉ်တွင် ဘာစီလိုနာအသင်းက လေးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဘာစီလိုနာအသင်းက ပွဲစကတည်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားခဲ့သော်လည်း ပွဲချိန် ၂၈ မိနစ်တွင် ဘာထရာကော့က ဂါလာတာစာရေးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၄၃ မိနစ်တွင် ကန်ဆယ်လိုက ဘာစီလိုနာအသင်းအတွက်ချေပဂိုး သွင်းယူခဲ့ပြီးနောက် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ဘာစီလိုနာအသင်းက ပိုမိုဖိအားပေးကစားခဲ့ရာ ပွဲချိန် မိနစ် ၅၀ တွင်လိုပက်ဇ်၊ ပွဲချိန် ၅၃ မိနစ်တွင် ဂေါ်ဒွန်၊ ပွဲချိန် ၆၅ မိနစ်တွင် အဒီယီမီတို့က ဘာစီလိုနာအသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူခဲ့ပြီးနောက် ပွဲပြီးဆုံးချိန်တွင် ဘာစီလိုနာအသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ယနေ့နံနက်ပိုင်းက ကစားခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲ အခြားပွဲစဉ်များတွင် အာဆင်နယ်အသင်းက လိုင်လီအသင်းကို သုံးဂိုး ဂိုးမရှိ၊ အေစီမီလန်အသင်းက မန်ယူအသင်းကို နှစ်ဂိုး ဂိုးမရှိ၊ ဘာရဂျာက်အသင်းက အင်တာမီလန်အသင်းကိုလေးဂိုး သုံးဂိုး၊ လိုက်ပ်ဇစ်အသင်းက ပီအက်စ်ဗွီအသင်းကို တစ်ဂိုး ဂိုးမရှိ၊ ဗီလာရီးရဲလ်အသင်းက နာပိုလီအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အသီးသီးအနိုင်ရခဲ့ကြောင်း သိရသည်။

Ref : Fotmob
Trs : STA



## နာအိုယာက ရိုဒရီဂွက်နှင့်ပွဲစဉ်ကိုဖျက်သိမ်းပြီး ဖယ်သာဝိတ်တန်း ရွှေ့ပြောင်းထိုးသတ်ရန်ပြင်ဆင်

**တိုကျို အောက်တိုဘာ ၁၄**

ဂျပန် ထိပ်တန်းလက်ဝှေ့သမား နာအိုယာက အမေရိကန်လက်ဝှေ့သမား ရိုဒရီဂွက်နှင့်ပွဲစဉ်ကို ဖျက်သိမ်းပြီး ဖယ်သာဝိတ်တန်း ရွှေ့ပြောင်းထိုးသတ်ရန် ပြင်ဆင်နေကြောင်း Source of Boxing သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် နာအိုယာသည် WBA စူပါဘင်တန် ဝိတ်တန်းချန်ပီယံ၊ WBC စူပါဘင်တန် ဝိတ်တန်းချန်ပီယံ၊ IBF စူပါဘင်တန်ဝိတ်တန်းချန်ပီယံ၊ WBO စူပါဘင်တန် ဝိတ်တန်းချန်ပီယံအဖြစ် ရပ်တည်နေသူဖြစ်သည်။

နာအိုယာသည် ၎င်း၏ချန်ပီယံခါးပတ်များ ပေါင်းစည်းကာကွယ်ပွဲစဉ်အဖြစ်ရိုဒရီဂွက်နှင့် ထိုးသတ်ရန် ကာလရှည်ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့သော်လည်း ကြန့်ကြာနေသည့်အတွက် ဝိတ်တန်း ရွှေ့ပြောင်းပြီး ဖယ်သာဝိတ်တန်းတွင် ထိုးသတ်ရန်ပြင်ဆင်နေကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

နာအိုယာက "ကျွန်တော် ရိုဒရီဂွက်နဲ့ ထိုးဖို့စောင့်နေတာကြာပါပြီ။ အခုတော့စောင့်နေမှာ မဟုတ်တော့ပါဘူး။ ကျွန်တော်ဝိတ်တန်းရွှေ့ပြောင်းထိုးဖို့ ပြင်ဆင်နေပါပြီ။ ဖယ်သာဝိတ်တန်းအတွက် စတင်ပြင်ဆင်နေပါပြီ" ဟု ပြောကြားခဲ့သည်။

နာအိုယာသည် ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝတွင် ရှုံးပွဲ မရှိသေးဘဲ ၃၃ ပွဲလုံး အနိုင်ရရှိထားပြီး အဆိုပါပွဲစဉ်များအနက် ၂၇ ပွဲကို အလဲထိုးဖြင့် အနိုင်ရရှိထားသူ ဖြစ်ကြောင်း သိရသည်။

Ref : Source of Boxing
Trs : STA

## ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် လားရှိုးအသင်း တံခွန်စိုက်ဆုဖလားဆွတ်ခူး

**တောင်ကြီး အောက်တိုဘာ ၁၄**




ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ် ဝန်ကြီးချုပ်ဖလားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများနှင့် ခရိုင်များအလိုက် အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို အောက်တိုဘာ ၁၃ ရက် ညနေ ၃ နာရီတွင် တောင်ကြီးမြို့ရှိ ပြည်နယ်လေ့ကျင့်ရေး အားကစားရုံ၌ ကျင်းပခဲ့ရာ လားရှိုးအသင်းက တံခွန်စိုက်ဆုဖလား ဆွတ်ခူးခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုးထိန်စိုး၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းထွန်းစိန်၊ ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်အားပေးခဲ့ကြသည်။

ဗိုလ်လုပွဲတွင် လားရှိုးအသင်းနှင့် ကျိုင်းတုံအသင်းတို့ အကြိတ်အနယ်ကစားခဲ့ရာ လားရှိုးအသင်းက ၁၀ ဂိုး ကိုးဂိုးဖြင့် အနိုင်ရပြီး ပထမဆုနှင့် တံခွန်စိုက်ဆုဖလားကို ဆွတ်ခူးခဲ့သည်။

ဗိုလ်လုပွဲစဉ်အပြီး ဆုပေးပွဲ အခမ်းအနားကျင်းပခဲ့ရာ အကောင်းဆုံးဂိုးသမားဆုရရှိသည့် လားရှိုးအသင်းမှ ကျောနံပါတ် (၁၂) မောင်ကောင်းမြတ်ကို ဆုတံဆိပ်နှင့် ငွေသားတစ်သိန်းကျပ်ကို ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းဝမ်းလှိုင်းတစ်ပ်က ချီးမြှင့်ခဲ့ပြီး ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆုရရှိသည့် ကျိုင်းတုံအသင်းမှ ကျောနံပါတ်(၉) မောင်နွေဇော်ကို ဆုတံဆိပ်နှင့် ငွေသားတစ်သိန်း ကျပ်ကို ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဦးလင်းအောင်ဆွေက ချီးမြှင့်ခဲ့သည်။

ထို့ပြင် ဒုတိယဆုရရှိသည့် ကျိုင်းတုံအသင်းကို ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌက လည်းကောင်း၊ ပူးတွဲ တတိယဆုရရှိသည့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသင်းကို ပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လည်းကောင်း၊ ပူးတွဲတတိယဆုရရှိသည့် မိုင်းဆတ်ခရိုင်အသင်းကို ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးကလည်းကောင်း ဆုများအသီးသီး ချီးမြှင့်ပေးအပ်ခဲ့သည်။

ပထမဆုရရှိသည့် လားရှိုးအသင်းကို တစ်ဦးချင်းဆုတံဆိပ်များနှင့် တံခွန်စိုက်ဆုဖလားကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုးထိန်စိုးက ချီးမြှင့်ပေးအပ်ခဲ့ပြီး ဆုရအသင်းများနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

STA

## AFC Challenge League ပြိုင်ပွဲကစားရန် မြန်မာနိုင်ငံကိုယ်စားပြု ရန်ကုန်ယူနိုက်တက်အသင်း အင်ဒိုနီးရှားနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၁၄**

AFC Challenge League ပြိုင်ပွဲဝင်ခွင့်ရရှိထားသည့် မြန်မာနိုင်ငံကိုယ်စားပြု ရန်ကုန်ယူနိုက်တက်အသင်း သည် ပြိုင်ပွဲကစားရန် ယနေ့တွင် အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

ရန်ကုန်ယူနိုက်တက် အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက မြန်မာလိဂ် ရှုံးထွက်ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးခဲ့ပြီးနောက် AFC Challenge League ပြိုင်ပွဲကို ခြေစစ်ပွဲအဆင့်မှ စတင်ကစားခဲ့ရပြီး ခြေစစ်ပွဲအဆင့်တွင် လာအိုကလပ် Ezra အသင်းကို အနိုင်ရပြီးနောက် ဝင်ခွင့်ရရှိခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်ယူနိုက်တက် အသင်းသည် အသင်းအုပ်ချုပ်သူ၊ နည်းပြ၊ ကစားသမားများ အပါအဝင် စုစုပေါင်း ၃၃ ဦးဖြင့် ယနေ့တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့သို့ ထွက်ခွာခဲ့ပြီး အောက်တိုဘာ ၁၅ ရက်တွင် ပြိုင်ပွဲကျင်းပမည့် ဆမာရင်ဒါမြို့သို့ဆက်လက်ထွက်ခွာမည်ဖြစ်သည်။

ရန်ကုန်ယူနိုက်တက် အသင်းသည် AFC Challenge League ပြိုင်ပွဲအုပ်စုပွဲစဉ်အဖြစ် အောက်တိုဘာ ၁၈ ရက်တွင် အိမ်ရှင်အင်ဒိုနီးရှားကလပ် ဘော်နီယိုဆမာရင်ဒါအသင်းနှင့် စတင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

STA

## ၂၀၂၆ ခုနှစ် ကမ္ဘာ့ကမ်းရိုးတန်းလှေလှော်ချန်ပီယံရှစ် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် အိမ်ရှင်တရုတ်အသင်း ရွှေတံဆိပ်ဆွတ်ခူး

**ပေကျင်း အောက်တိုဘာ ၁၄**

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ကမ်းရိုးတန်း လှေလှော်ချန်ပီယံရှစ် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် အိမ်ရှင်တရုတ်အသင်း က ရွှေတံဆိပ်ဆွတ်ခူးခဲ့ကြောင်း China Sports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။




၂၀၂၆ ခုနှစ်ကမ္ဘာ့ကမ်းရိုးတန်း လှေလှော်ချန်ပီယံရှစ်ပြိုင်ပွဲကိုယနေ့တွင်ကျင်းပခဲ့ရာ တရုတ်အသင်းမှ ကျန်းယွန်ယွန်နှင့် စွန်းလုပန်းတို့ အတွဲက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ပြိုင်ပွဲအမျိုးအစားခုနစ်မျိုး ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲများအလိုက် ရွှေတံဆိပ်ကို အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် အမေရိကန်အသင်း၊ အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲတွင် တရုတ်အသင်း၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ပြင်သစ်အသင်း၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် အမေရိကန်အသင်း၊ အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ဖင်လန်အသင်း၊ အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲတွင် အမေရိကန်အသင်း၊ အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် အီတလီအသင်းတို့က အသီးသီး ဆွတ်ခူးခဲ့သည်။

အဆိုပါ ပြိုင်ပွဲပြီးဆုံးချိန် နိုင်ငံအလိုက်ဆုတံဆိပ်ရရှိမှုတွင် အမေရိကန်အသင်းက ရွှေသုံးခု၊ ငွေနှစ်ခုဖြင့် ထိပ်ဆုံးမှရပ်တည်ခဲ့ကြောင်း သိရသည်။

Ref : China Sports
Trs : STA

# တူကီယဲကုမ္ပဏီ ASELSAN က ဒရုန်းတန်ပြန်တိုက်ခိုက်ရေးစနစ်ဖြင့် ပစ်မှတ်ဒရုန်းကို တိုက်ရိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း သရုပ်ပြသခဲ့






တူကီယဲ ကာကွယ်ရေးအီလက်ထရွန်နစ်နည်းပညာကုမ္ပဏီ ASELSAN သည် GOKALP ဒရုန်းတန်ပြန်တိုက်ခိုက်ရေးစနစ်ဖြင့် ပစ်မှတ်ဒရုန်းကို လေထဲတွင် တိုက်ရိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း သရုပ်ပြသခဲ့သည်ဟု Defence Blog သတင်းဌာနက အောက်တိုဘာ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါသရုပ်ပြသမှုကို တူကီယဲနိုင်ငံ အန်ကာရာမြို့ရှိ Ogulbey နည်းပညာစခန်း၌ လက်တွေ့သရုပ်ပြခဲ့ခြင်းဖြစ်သည်။ သရုပ်ပြသမှုတွင် ASELSAN ကုမ္ပဏီ၏ AURA ရေဒါက ချဉ်းကပ်လာသည့် ပစ်မှတ်ဒရုန်းကို ထောက်လှမ်းတွေ့ရှိခဲ့ပြီး ခြေရာခံအချက်အလက်များကို ကုမ္ပဏီ၏ DRONEDEF ဒရုန်းကာကွယ်ရေးစနစ် ကွပ်ကဲမှုနှင့် ထိန်းချုပ်မှုဆော့ဖ်ဝဲမှတစ်ဆင့် GOKALP စနစ်ကို အချိန်နှင့်တစ်ပြေးညီပေးပို့ခဲ့သည်။ ထို့နောက် GOKALP စနစ်သည် ပစ်မှတ်ကိုတိုက်ရိုက်ဝင်တိုက်၍ ဖျက်ဆီးနိုင်ခဲ့ကြောင်း သရုပ်ပြသခဲ့သည်။ ၎င်းနည်းလမ်းကို ပစ်မှတ်နှင့် တိုက်ရိုက်ထိတွေ့ဖျက်ဆီးသည့် Hit-to-Kill နည်းလမ်းဟုခေါ်ဆိုသည်။ သို့သော် ASELSAN ကုမ္ပဏီက စမ်းသပ်မှုပြုလုပ်သည့်ရက်၊ အသုံးပြုခဲ့သည့် ပစ်မှတ်ဒရုန်းအမျိုးအစား၊ ကြားဖြတ်ဖျက်ဆီးခဲ့သည့် အကွာအဝေးနှင့် အမြင့်တို့ကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

GOKALP စနစ်သည် ယာဉ်ပေါ်တွင် တပ်ဆင်အသုံးပြုနိုင်သည့် ဒရုန်းတန်ပြန်တိုက်ခိုက်ရေးစနစ်ဖြစ်ပြီး ရေဒါနှင့် အလင်းလျှပ်စစ်အာရုံခံကိရိယာများဖြင့် ခြိမ်းခြောက်မှုများကို ရှာဖွေထောက်လှမ်းကာ ရန်သူ့ဒရုန်းများကို အလိုအလျောက် လိုက်လံတိုက်ခိုက်နိုင်သည့် ကြားဖြတ်တိုက်ခိုက်ရေး ဒရုန်းများကို လွှတ်တင်အသုံးပြုနိုင်သည်။ မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များထက် ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများ၏ ကုန်ကျစရိတ် ပိုမိုသက်သာခြင်းကြောင့် GOKALP စနစ်ကို ရွေ့လျားအသုံးပြုနိုင်ပြီး ကုန်ကျစရိတ်သက်သာသည့် ဖြေရှင်းနည်းတစ်ရပ်အဖြစ် ASELSAN ကုမ္ပဏီက မိတ်ဆက်ထားသည်။

တူကီယဲမီဒီယာများ၏ ဖော်ပြချက်အရ ၎င်းစနစ်သည် အသေးစားဒရုန်းများကို မီတာ ၁၀၀၀ ကျော်အကွာအဝေးမှလည်းကောင်း၊ ပိုမိုကြီးမားသည့် ဒရုန်းများကို မီတာ ၇၀၀၀ ကျော်အကွာအဝေးမှလည်းကောင်း ထိရောက်စွာ တိုက်ခိုက်နိုင်ကြောင်း သိရသည်။

ASELSAN ကုမ္ပဏီသည် GOKALP စနစ်ကို ၂၀၂၆ ခုနှစ် မေလတွင် အစ္စတန်ဘူလ်မြို့၌ ကျင်းပသည့် SAHA 2026 ကာကွယ်ရေးပြပွဲတွင် မိတ်ဆက်ခဲ့သည်။ ၎င်းစနစ်ကို ဉာဏ်ရည်တု (AI) နည်းပညာအသုံးပြုထားသည့် မြန်နှုန်းမြင့် ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများတွင် FPV ဒရုန်းများနှင့် တစ်ကြိမ်တည်းအသုံးပြု၍ တိုက်ခိုက်သည့်ဒရုန်းများကိုဖျက်ဆီးရန် ရည်ရွယ် ထုတ်လုပ်ထားခြင်းဖြစ်သည်။ အထူးသဖြင့် ပြင်းထန်သော တိုက်ပွဲအခြေအနေများတွင် တင့်ကားများနှင့် သံချပ်ကာ တပ်ဖွဲ့ဝင်တင်ယာဉ်များကို အသေးစား ဒရုန်းတိုက်ခိုက်မှုများမှ ကာကွယ်ရန် ရည်ရွယ်ထားသည်။ ထို့ပြင် FPV ဒရုန်းများကို တိုက်ရိုက်ဖျက်ဆီး ကာကွယ်နိုင်သည့် လေးဘီးတပ် သံချပ်ကာယာဉ်ပေါ် တပ်ဆင်စနစ် MIGFER ကိုလည်း သီးခြားမိတ်ဆက်ခဲ့သည်။

GOKALP သည် တူကီယဲနိုင်ငံ၏ ပေါင်းစည်းလေကြောင်းရန်ကာကွယ်ရေးကွန်ရက် Steel Dome အတွင်းရှိ ဒရုန်းတန်ပြန်ကာကွယ်ရေးစနစ် DRONEDEF ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ DRONEDEF သည် ရန်သူ့ဒရုန်းများကို တန်ပြန်ရန် ရေဒီယိုဆက်သွယ်ရေးလှိုင်း နှောင့်ယှက်စနစ်များ၊ အမြောက်ပစ်စနစ်များ၊ လေဆာလက်နက်များနှင့် စွမ်းအားမြင့်မိုက်ခရိုဝေ့လက်နက်များကို ပေါင်းစပ်အသုံးပြုထားကြောင်း သိရသည်။

၎င်းစနစ်တွင် IHTAR ဒရုန်းတန်ပြန်စနစ်၊ GOKBERK လေဆာလက်နက်၊ KORKUT 100/25 SB ဒရုန်းတန်ပြန်အမြောက်စနစ်နှင့် EJDERHA စွမ်းအားမြင့် လျှပ်စစ်သံလိုက်စနစ်တို့ပါဝင်သည်။

တူကီယဲနိုင်ငံသည် Steel Dome စီမံကိန်းကို ၂၀၂၄ ခုနှစ်ဩဂုတ်လတွင်အတည်ပြုခဲ့ပြီး ASELSAN ကို အဓိကကန်ထရိုက်တာအဖြစ် တာဝန်ပေးအပ်ခဲ့သည်။ ၂၀၂၅ ခုနှစ် စက်တင်ဘာလတွင် တူကီယဲ၏ ကာကွယ်ရေးပစ္စည်းဝယ်ယူရေးအေဂျင်စီနှင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံတန်ဖိုးရှိ Steel Dome စာချုပ်ကိုလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၂၆ ခုနှစ်တွင်လည်း အမေရိကန်ဒေါ်လာ ၉၀၅ သန်းခန့်တန်ဖိုးရှိသည့် နောက်ထပ်သဘောတူညီချက် တစ်ရပ်လည်း ရရှိခဲ့သည်။ အဆိုပါစနစ်များကို ၂၀၂၈ ခုနှစ်မှ ၂၀၃၂ ခုနှစ်အတွင်း ထပ်မံပေးပို့ရန် စီစဉ်ထားသည်။

ဈေးနှုန်းသက်သာသည့် တိုက်ခိုက်ရေးဒရုန်းများကို တန်ပြန်ရန် ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများအသုံးပြုခြင်းသည် နိုင်ငံတကာတွင် ပိုမိုကျယ်ပြန့်လာသည်။ အထူးသဖြင့် ယူကရိန်းပဋိပက္ခတွင် ရုရှား၏ Shahed အမျိုးအစား ဒရုန်းများကိုတန်ပြန်ရန် ၎င်းဒရုန်းများကို အရေအတွက်များစွာ အသုံးပြုလျက်ရှိသည်။ ထို့ပြင် NATO အဖွဲ့ဝင်နိုင်ငံများ၏ တပ်ဖွဲ့များအတွက်လည်း အလားတူစနစ်များကို အနောက်နိုင်ငံကုမ္ပဏီအများအပြားက တီထွင်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**Turkish hunter drone destroys target by direct hit ကို ဘာသာပြန်ဆိုထားပါသည်။**

# ဂရိနိုင်ငံက လက်နက်များဝယ်ယူရေးနှင့် F-16 တိုက်လေယာဉ်များ အဆင့်မြှင့်တင်ရေးအတွက် ကန်ဒေါ်လာ လေးဘီလီယံထိ သုံးစွဲမည်



ဂရိနိုင်ငံသည် လက်နက်ဝယ်ယူရေး၊ F-16 တိုက်လေယာဉ်များ အဆင့်မြှင့်တင်ရေးတို့အတွက် အမေရိကန်ဒေါ်လာ လေးဘီလီယံထိ သုံးစွဲမည်ဖြစ်ကြောင်း The Defense Post သတင်းဌာနက ၂၀၂၆ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါအစီအစဉ်တွင် ဂရိလေတပ်၏ F-16 တိုက်လေယာဉ်ဟောင်းများကို Viper အဆင့်သို့ မြှင့်တင်ခြင်းအပြင် F-35 တိုက်လေယာဉ်များနှင့် Black Hawk ရဟတ်ယာဉ်များအတွက် အဆင့်မြင့် ဒုံးကျည်များ၊ ဗုံးများ ထောက်ပံ့ပေးခြင်းတို့ ပါဝင်သည်။

ဂရိနိုင်ငံသည် ကာကွယ်ရေးအသုံးစရိတ်အတွက် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP)၏ ၃ ဒသမ ၅ ရာခိုင်နှုန်းခန့် သုံးစွဲလျက်ရှိသည့်အပြင် ၂၀၃၆ ခုနှစ်ထိ တပ်မတော်၏စစ်လက်နက်နှင့် စစ်ဆင်ရေးစွမ်းရည်များ ခေတ်မီအောင် အဆင့်မြှင့်တင်ရန် အမေရိကန်ဒေါ်လာ ၃၁ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားသည်။

ဂရိနိုင်ငံသည် လက်ရှိ F-16 တိုက်လေယာဉ်များကို Viper အဆင့်သို့ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းကို အမေရိကန်နိုင်ငံ Lockheed Martin ကုမ္ပဏီနှင့် ဂရိနိုင်ငံ Hellenic Aerospace Industry ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆင့်မြှင့်တင်ထားသည့် F-16 Viper တိုက်လေယာဉ်များတွင် APG-83 အီလက်ထရွန်နစ်စနစ်ဖြင့် အလင်းတန်းကို အဆင့်ဆင့် စကင်ဖတ်ထောက်လှမ်းသည့် ရေဒါ၊ မစ်ရှင်ကွန်ပျူတာအသစ်များနှင့် အဆင့်မြှင့်တင်ထားသည့် လေယာဉ်မှူးခန်းအားပြသသည့် မျက်နှာပြင်များပါဝင်သည်။ ၎င်းစနစ်များသည် ပစ်မှတ်ထောက်လှမ်းခြင်း၊ လေယာဉ်ပေါ်ရှိစနစ်များကိုပေါင်းစပ်ထိန်းချုပ်ခြင်းနှင့် လေယာဉ်မှူးက လိုအပ်သည့် အချက်အလက်များကို လျင်မြန်စွာ ရယူနိုင်ခြင်းတို့တွင် အထောက်အကူပြုသည်။

တိုက်လေယာဉ်များကို အဆင့်မြှင့်တင်သည့်လုပ်ငန်းကို ဂရိနိုင်ငံ အေသင်မြို့၏မြောက်ဘက်ရှိ Tanagra လေကြောင်းနှင့် အာကာသလုပ်ငန်းဆိုင်ရာစက်ရုံ၌ ဆောင်ရွက်နေပြီး Lockheed Martin ကုမ္ပဏီက နည်းပညာအကူအညီပေးလျက်ရှိသည်။ အဆင့်မြှင့်တင်ပြီး တိုက်လေယာဉ်များ ပေးပို့မှုကို ၂၀၂၇ ခုနှစ်ထိ ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားသည်။

ဂရိနိုင်ငံသည် F-16 တိုက်လေယာဉ်များကို Viper အဆင့်သို့ပြောင်းလဲတပ်ဆင်ရေးအစီအစဉ်ကို ၂၀၁၈ ခုနှစ်တွင် အတည်ပြုခဲ့ပြီး လေးနှစ်အကြာ ပထမဆုံး F-16 Viper နှစ်စင်းကို လက်ခံရရှိခဲ့သည်။ ဂရိနိုင်ငံ၏ လက်နက်ဝယ်ယူရေးနှင့် F-16 တိုက်လေယာဉ်အဆင့်မြှင့်တင်ရေး အစီအစဉ်သည် လေတပ်၏ လက်ရှိတိုက်လေယာဉ်များကို ခေတ်မီရေဒါ၊ မစ်ရှင်ကွန်ပျူတာနှင့် အဆင့်မြင့်လက်နက်စနစ်များဖြင့် အဆင့်မြှင့်တင်ခြင်းအပြင် F-35 တိုက်လေယာဉ်ကဲ့သို့ မျိုးဆက်သစ်တိုက်လေယာဉ်များအတွက်ပါ စွမ်းရည်ဖြည့်တင်းရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ၎င်းက လေတပ်စွမ်းရည်တိုးမြှင့်ရေးတွင် လေယာဉ်အသစ်များ ဝယ်ယူခြင်းတစ်ခုတည်းသာမက လက်ရှိလေယာဉ်များ၏ အာရုံခံစနစ်၊ ကွပ်ကဲထိန်းချုပ်မှုနှင့် လက်နက်အသုံးပြုနိုင်စွမ်းတို့ကို အဆင့်မြှင့်တင်ခြင်းသည်လည်း အရေးပါလျက်ရှိကြောင်း သိရသည်။

**Greece to Spend Up to $4B in US Weapons Purchases, F-16 Upgrades ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# လက်ချောင်းတွေကပြောနေတဲ့ ခန္ဓာကိုယ်ရဲ့သတိပေးစကား

မန္တလာဆရာမျိုး

မနက်အိပ်ရာထလာတဲ့အခါ လက်ချောင်းတွေ ထုံကျင်နေတာ၊ ညဘက်အိပ်နေရင်း လက်ထုံလို့ နိုးလာတာ၊ ဖုန်းကို အချိန်ကြာကြာကိုင်ထားပြီးနောက် လက်ချောင်းတွေ ကျင်လာတာမျိုးကို လူတော်တော်များများ ကြုံဖူးကြမှာပါ။ တချို့က လက်ကို ခါလိုက်၊ လှုပ်လိုက်ရင် သက်သာသွားတယ်။ တချို့ကတော့ တစ်နေ့လုံးလိုလို လက်ချောင်းတွေမှာ ပုရွက်ဆိတ်လျှောက်သလို တရွရွ ကျင်ကျင် ဖြစ်နေတတ်တယ်။ တချို့မှာ ထုံတာတင်မကဘဲ ပူစပ်ပူလောင်ဖြစ်တာ၊ စူးရှုနာကျင်တာ၊ လက်အားနည်းတာထိ ဖြစ်လာတတ်တယ်။ ဒီလိုဖြစ်လာရင် အများစုက "သွေးမလျှောက်လို့ပါ" "လက်ပေါ်ဖိအိပ်မိလို့ပါ" "ဖုန်းကိုင်တာများလို့ပါ"ဆိုပြီး ပေါ့ပေါ့ဆဆထားတတ်ကြတယ်။

တကယ်တော့ လက်ချောင်းထုံကျင်ခြင်း Numbness and Tingling ဆိုတာ ရောဂါအမည်တစ်ခု မဟုတ်ပါ။ ခန္ဓာကိုယ်အတွင်း တစ်နေရာရာမှာ ဖြစ်နေတဲ့အခြေအနေတစ်ခုကို ပြသနေတဲ့လက္ခဏာတစ်ခုဖြစ်တယ်။ လက်ပေါ်ဖိအိပ်မိလို့ ခဏတာ ထုံသွားတာလို သာမန်အကြောင်းရင်းကြောင့် ဖြစ်နိုင်သလို၊ အာရုံကြောဖိမိတာ၊ ဆီးချိုကြောင့် အာရုံကြောထိခိုက်တာ၊ Vitamin B12 ချို့တဲ့တာ၊ သွေးလည်ပတ်မှုပြဿနာနဲ့ တချို့အရေးကြီးတဲ့ အာရုံကြောဆိုင်ရာ ရောဂါတွေကြောင့်လဲ ဖြစ်နိုင်တယ်။

ဒါကြောင့် လက်ချောင်းတွေ ထုံလာရင် ပထမဆုံးမေးရမဲ့ မေးခွန်းက "ဘာကြောင့် ထုံနေတာလဲ" ဆိုတာဖြစ်သင့်တယ်။ အကြောင်းရင်းကို ခန့်မှန်းဖို့ လက်ချောင်းတွေက သဲလွန်စအချို့ ပေးနိုင်တယ်။ ဘယ်လက်ချောင်းတွေ ထုံသလဲ။ လက်တစ်ဖက်တည်းလား၊ နှစ်ဖက်လုံးလား။ ညဘက်မှာ ပိုဆိုးသလား။ လက်ကောက်ဝတ်ကွေးလိုက်ရင် ပိုထုံသလား။ တံတောင်ဆစ်ထောက်ထားရင်ဖြစ်သလား။ လည်ပင်းနာတာနဲ့တွဲနေသလား။ လက်ထုံတာတင်မကဘဲ လက်အားပါ နည်းလာသလား။ ခြေထောက်တွေလည်း ထုံနေသလား။ ရုတ်တရက်ဖြစ်လာတာလား၊ လနဲ့ချီပြီး တဖြည်းဖြည်းပိုဆိုးလာတာလား။ ဒီအချက်တွေဟာ လက်ထုံတာရဲ့ အကြောင်းရင်းကို ရှာဖွေရာမှာ အလွန်အရေးကြီးပါတယ်။

လက်ချောင်းတွေ ဘာကြောင့်ထုံတတ်သလဲ ဆိုတာနားလည်ဖို့ အာရုံကြောတွေရဲ့လမ်းကြောင်းကို နည်းနည်းသိထားဖို့ လိုတယ်။ ဦးနှောက်ကနေ လက်ချောင်းတွေထိ အာရုံခံစားမှုရောက်ရှိဖို့ အာရုံကြောလမ်းကြောင်းတွေက လည်ပင်းကျောရိုးမှတစ်ဆင့် ပခုံး၊ လက်မောင်း၊ တံတောင်ဆစ်၊ လက်ကောက်ဝတ်ကိုဖြတ်သန်းပြီး လက်ချောင်းတွေထိ ရောက်ရှိလာတယ်။ ဒီလမ်းကြောင်းတစ်လျှောက် ဘယ်နေရာမှာမဆို အာရုံကြောကို ဖိမိတာ၊ ရောင်ရမ်းတာ၊ ထိခိုက်ပျက်စီးတာရှိလာရင် လက်ချောင်းတွေ ထုံတာ၊ ကျင်တာ၊ ပူစပ်တာ၊ နာတာ သို့မဟုတ် အားနည်းတာတို့ ဖြစ်လာနိုင်တယ်။

အဖြစ်များဆုံး အကြောင်းရင်းတစ်ခုက Carpal Tunnel Syndrome (လက်ကောက်ဝတ်အာရုံကြောဖိမိခြင်း) ဖြစ်တယ်။ လက်ကောက်ဝတ်မှာ Carpal Tunnel လို့ခေါ်တဲ့ နေရာကျဉ်းလေးတစ်ခုရှိပြီး အဲဒီနေရာကနေ Median Nerve ဆိုတဲ့ အာရုံကြောဖြတ်သန်းသွားတယ်။ ဒီအာရုံကြောကို ဖိအားများလာတဲ့အခါ လက်ချောင်းတွေ ထုံကျင်လာနိုင်တယ်။ Carpal Tunnel Syndromeရဲ့ စိတ်ဝင်စားစရာကောင်းတဲ့အချက်က ထုံတဲ့လက်ချောင်းနေရာက အကြောင်းရင်းကို သဲလွန်စပေးနိုင်တာဖြစ်တယ်။ အများအားဖြင့် လက်မ၊ လက်ညှိုး၊ လက်ခလယ်နဲ့ လက်သူကြွယ်ရဲ့ တစ်ခြမ်းဘက်မှာ ထုံကျင်တာဖြစ်တတ်သည်။ လက်သန်းကတော့ အများအားဖြင့် မထိခိုက်တတ်ပါ။

ညဘက်ပိုဆိုးတာကလဲ ထင်ရှားတဲ့လက္ခဏာတစ်ခုဖြစ်နိုင်တယ်။ တချို့သူတွေမှာ အိပ်နေရင်း လက်ထုံလို့ နိုးလာတယ်။ လက်ကို ခါလိုက်၊ လှုပ်လိုက်၊ လက်ကောက်ဝတ်ကို တည့်အောင်ထားလိုက်ရင် နည်းနည်းသက်သာသွားတတ်တယ်။ မနက်အိပ်ရာထလာတဲ့အခါ လက်ချောင်းတွေ ထုံကျင်နေတတ်တယ်။ အစောပိုင်းမှာ ထုံတာ၊ ကျင်တာလောက်သာဖြစ်နိုင်ပေမဲ့ အာရုံကြောဖိအား



ဆက်ရှိနေရင် လက်အားနည်းလာနိုင်တယ်။ ခွက်ကိုင်ရင်း လွတ်ကျတာ၊ ပစ္စည်းသေးသေးလေးတွေ ကောက်ရခက်တာ၊ ကြယ်သီးတပ်ရခက်တာ၊ စာရေးရတာ မသွက်တော့တာမျိုးဖြစ်လာနိုင်တယ်။ ပိုကြာလာရင် လက်မဘက်ကြွက်သားတွေ သေးလာနိုင်တယ်။

ဒါကြောင့် Carpal Tunnel Syndrome ကို ရိုးရိုးလက်ထုံတာလို့ထားပြီး အချိန်ကြာကြာ လျစ်လျူရှုမထားသင့်ပါ။ Carpal Tunnel Syndrome ဟာ ကွန်ပျူတာသုံးသူတိုင်းမှာ ဖြစ်တာတော့ မဟုတ်ပါ။ လက်ကောက်ဝတ်ကို ထပ်ခါတလဲလဲ အသုံးပြုရတဲ့အလုပ်အချို့၊ ကိုယ်ဝန်ဆောင်တာ၊ ဆီးချို၊ အဝလွန်တာ၊ Rheumatoid Arthritisနှင့် အခြားအခြေအနေအချို့နဲ့ ဆက်စပ်နိုင်တယ်။

လက်သန်းနဲ့ လက်သူကြွယ်ဘက် ပိုထုံတယ်ဆိုရင်တော့ နောက်ထပ်အာရုံကြောတစ်ခုကို စဉ်းစားရနိုင်တယ်။ အဲဒါက Ulnar Nerve ဖြစ်တယ်။ Ulnar Nerve ဟာ တံတောင်ဆစ်အတွင်းဘက်ကနေ ဖြတ်သန်းသွားတယ်။ တံတောင်ဆစ်ကို စားပွဲပေါ် အချိန်ကြာကြာထောက်ထားတာ၊ တံတောင်ဆစ်ကို အချိန်ကြာကြာကွေးထားတာမျိုးကြောင့် အာရုံကြောဖိအားရနိုင်တယ်။ ဒီအာရုံကြောထိခိုက်လာရင် အထူးသဖြင့် လက်သန်းနဲ့ လက်သူကြွယ်ဘက်မှာ ထုံကျင်မှု ပိုသိသာနိုင်တယ်။ ပိုဆိုးလာရင် လက်ကြွက်သားအားနည်းလာပြီး လက်ချောင်းတွေနဲ့ ပစ္စည်းတွေကို ကိုင်တွယ်ရခက်လာနိုင်တယ်။ ဒါကြောင့် "လက်ထုံတယ်"လို့ပဲ မပြောဘဲ ဘယ်လက်ချောင်းတွေထုံတာလဲဆိုတာ သတိထားကြည့်ခြင်းက အရေးကြီးတယ်။ လက်မ၊ လက်ညှိုးနဲ့ လက်ခလယ်ဘက် ထုံတာနဲ့ လက်သန်းဘက် ထုံတာဟာ အကြောင်းရင်း တူချင်မှတူမယ်။

နောက်ထပ် လူအများကြုံရတဲ့ အကြောင်းရင်းက လည်ပင်းအာရုံကြောဖိမိတာ Cervical Radiculopathy ဖြစ်တယ်။ လည်ပင်းကျောရိုးကနေ လက်တွေဆီသွားတဲ့ အာရုံကြောတွေ ထွက်လာတယ်။ အသက်အရွယ်ကြောင့် လည်ပင်းကျောရိုးမှာ အပြောင်းအလဲဖြစ်လာတာ၊ Disc ပြဿနာနှင့် အခြားအကြောင်းရင်းတွေကြောင့် အာရုံကြောတစ်ချောင်းကို ဖိမိလာရင် လည်ပင်းကနေ ပခုံး၊ လက်မောင်း၊ လက်ချောင်းထိ နာကျင်မှု၊ ထုံကျင်မှု ဖြစ်နိုင်တယ်။ တချို့မှာ လည်ပင်းနာတာက အဓိကဖြစ်တယ်။

တချို့မှာ လည်ပင်းသိပ်မနာဘဲ လက်ထဲ ကျင်ဆင်းတာ ပိုသိသာတယ်။ လည်ပင်းကို လှည့်လိုက်တဲ့အခါ လက်တစ်လျှောက် ဓာတ်လိုက်သလို ကျင်ဆင်းတာ၊ ပခုံးကနေ လက်မောင်းအောက်ထိ နာတာ၊ လက်တစ်ဖက်အားနည်းလာတာမျိုးရှိရင် လည်ပင်းအာရုံကြောနဲ့ ဆက်စပ်မှုရှိမရှိ စစ်ဆေးဖို့ လိုနိုင်တယ်။

အခုခေတ်မှာ ဖုန်းနဲ့ ကွန်ပျူတာကို နာရီပေါင်းများစွာ အသုံးပြုရသူတွေ များလာတယ်။ ဖုန်းကြည့်ချိန်မှာ ခေါင်းကို အချိန်ကြာကြာ ငုံ့ထားခြင်း၊ ကွန်ပျူတာရှေ့မှာ ကိုယ်နေဟန်မမှန်ဘဲ ထိုင်ခြင်းတို့ကြောင့် လည်ပင်းနဲ့ပခုံး ကြွက်သားများ နာကျင်တင်းကျပ်လာနိုင်တယ်။ ဒါပေမဲ့ လက်ထုံတာတိုင်းကို "ဖုန်းကြည့်တာများလို့"လို့ သတ်မှတ်လိုက်တာတော့ မမှန်ပါ။

ဆီးချိုရောဂါကလဲ လက်နဲ့ခြေထောက်ထုံကျင်ခြင်းရဲ့ အရေးကြီးတဲ့အကြောင်းရင်းတစ်ခုဖြစ်တယ်။ သွေးတွင်းသကြားဓာတ် အချိန်ကြာမြင့်စွာမြင့်မားနေတာက အာရုံကြောတွေကို ထိခိုက်စေနိုင်တယ်။ ဒါကို Diabetic Neuropathy လို့ခေါ်တယ်။ အများအားဖြင့် ခြေချောင်းနဲ့ခြေဖျားတွေက စတင်တတ်တယ်။ ပုရွက်ဆိတ်လျှောက်သလို ခံစားရတာ၊ ပူစပ်ပူလောင်ဖြစ်တာ၊ အပ်နဲ့ထိုးသလိုဖြစ်တာ၊ ထုံသွားတာတို့ ဖြစ်နိုင်တယ်။ နောက်ပိုင်းမှာ လက်တွေပါ ထိခိုက်လာနိုင်တယ်။

တချို့မှာ နာကျင်တာက ပြဿနာဖြစ်ပေမယ့် တချို့မှာတော့ မနာတော့တာကပဲ ပြဿနာဖြစ်လာနိုင်တယ်။ အာရုံခံစားမှုလျော့သွားတဲ့အတွက် အပူလောင်တာ၊ အနာဖြစ်တာ၊ ထိခိုက်မိတာကို မသိတော့နိုင်ဘူး။ အထူးသဖြင့် ခြေထောက်မှာ အနာဖြစ်ပြီး မသိဘဲထားမိရင် ဆီးချိုလူနာတွေအတွက် နောက်ဆက်တွဲပြဿနာတွေ ဖြစ်လာနိုင်တယ်။ ဒါကြောင့် ဆီးချိုရှိသူမှာ လက်ခြေထုံလာရင် "သွေးမလျှောက်လို့"လို့ပဲ မယူဆဘဲ သွေးချို ထိန်းချုပ်မှုနဲ့ အာရုံကြောထိခိုက်မှုကို စစ်ဆေးဖို့ လိုနိုင်တယ်။

နောက်ထပ် သတိထားသင့်တဲ့ အကြောင်းရင်းက Vitamin B12 ချို့တဲ့ခြင်းဖြစ်တယ်။ Vitamin B12 ဟာ သွေးနီဥဖွဲ့စည်းမှုအတွက်သာမက အာရုံကြောစနစ် ကောင်းမွန်စွာအလုပ်လုပ်ဖို့လဲ လိုအပ်တယ်။ B12 ချို့တဲ့လာရင် သွေးအားနည်းတာ၊ အားနည်းပင်ပန်းတာနဲ့အတူ လက်နဲ့ခြေထောက် ထုံကျင်တာ၊ ဟန်ချက်မညီတာ စတဲ့အာရုံကြောဆိုင်ရာလက္ခဏာတွေ ဖြစ်နိုင်တယ်။ အစားအသောက်ပုံစံအချို့၊ အစာအိမ်အူလမ်းကြောင်းက Vitamin B12 စုပ်ယူမှုကို ထိခိုက်စေတဲ့အခြေအနေများနဲ့ ဆေးဝါးအချို့ကို ရေရှည်သောက်နေရတာတို့ကြောင့် ချို့တဲ့မှုဖြစ်နိုင်တယ်။ ဒါပေမဲ့ လက်ထုံတာနဲ့ B12 အားဆေးဝယ်သောက်တာ၊ ဗီတာမင်ဆေးအမျိုးမျိုး သောက်တာမျိုးမလုပ်သင့်ပါ။

လက်ထုံခြင်းတိုင်းဟာ ဗီတာမင်ချို့တဲ့တာကြောင့် မဟုတ်ပါ။ အကြောင်းရင်းမှားနေရင် ဆေးသောက်နေသော်လဲ အာရုံကြောဖိမိမှုက ဆက်ရှိနေနိုင်တယ်။ တချို့သူတွေမှာ ကျောက်ကပ်ရောဂါ၊ သိုင်းရွိုက်ပြဿနာနဲ့ အခြားဇီဝဖြစ်စဉ်ဆိုင်ရာရောဂါအချို့ကြောင့်လဲ အစွန်အဖျားအာရုံကြော ထိခိုက်နိုင်တယ်။ အရက်ကို ရေရှည်အလွန်အကျွံသောက်သုံးတာနှင့် ဆေးဝါးအချို့ကြောင့်လဲ Peripheral Neuropathy ဖြစ်နိုင်တယ်။ ဒီလိုအခြေအနေတွေမှာ လက်တစ်ဖက်တည်းထက် လက်နှစ်ဖက်၊ ခြေနှစ်ဖက် ထုံကျင်ခြင်းမျိုး တွေ့နိုင်တယ်။

လူအများပြောတတ်တဲ့ "သွေးမလျှောက်လို့ လက်ထုံတာ"ဆိုတာကိုလဲ နည်းနည်းရှင်းဖို့လိုတယ်။ သွေးလည်ပတ်မှုပြဿနာကြောင့် လက်ချောင်းတွေမှာ ထုံတာဖြစ်နိုင်ပေမဲ့ ထုံကျင်မှုတိုင်းက သွေးကြောပြဿနာကြောင့်မဟုတ်ပါ။ အာရုံကြောပြဿနာတွေကလဲ အလွန်အဖြစ်များတယ်။ သွေးလည်ပတ်မှုနည်းလာတဲ့အခါ လက်ချောင်းတွေ အေးတာ၊ ဖြူတာ ဒါမှမဟုတ် ပြာတာ၊ နာကျင်တာတို့ ဖြစ်နိုင်တယ်။ အထူးသဖြင့် အအေးမိတဲ့အခါ လက်ချောင်းတွေ ရုတ်တရက် ဖြူသွားပြီးနောက် ပြာလာကာ ပြန်နွေးလာချိန် နီတာ၊ ကျင်တာမျိုးကို Raynaud Phenomenon မှာ တွေ့နိုင်တယ်။ ဒါကြောင့် လက်ထုံတဲ့အခါ လက်ချောင်းအရောင်ပြောင်းသလား၊ အလွန်အေးသလား၊ နာကျင်သလား ဆိုတာကိုလဲ သတိထားသင့်တယ်။

တချို့သူတွေက မနက်အိပ်ရာထချိန်တိုင်း လက်ထုံတတ်တယ်။ အိပ်နေစဉ် လက်ပေါ်ဖိအိပ်မိတာ၊ လက်မောင်းအနေအထားတစ်ခုမှာ အချိန်ကြာကြာရှိနေတာကြောင့် အာရုံကြောကို ခဏတာ ဖိမိပြီး ထုံကျင်နိုင်တယ်။ အိပ်ရာထပြီး လက်ကို လှုပ်ရှားလိုက်တာနဲ့ မိနစ်အနည်းငယ်အတွင်း လုံးဝပျောက်သွားပြီး မကြာခဏမဖြစ်ဘူးဆိုရင် အများအားဖြင့် အလွန်စိုးရိမ်စရာ မဟုတ်နိုင်ပါ။ ဒါပေမဲ့ ညတိုင်းလိုလို လက်ထုံလို့ နိုးနေရတယ်၊ လက်ကိုခါမှ သက်သာတယ်၊ နေ့ဘက်မှာပါ ဆက်ထုံလာတယ်ဆိုရင်တော့ အကြောင်းရင်းကို ရှာသင့်တယ်။ အထူးသဖြင့် ထုံတာနဲ့အတူ လက်အားနည်းလာခြင်းက ပိုအရေးကြီးတယ်။ ခွက်ကိုင်ရင်း လွတ်ကျတတ်တယ်။ သော့ဖွင့်တာတွေ၊ ပုလင်းအဖုံး ဖွင့်တာတွေ၊ ကြယ်သီးတပ်တာတွေ ခက်လာတယ်။ စာရေးတာ၊ ဖုန်းကိုင်တာလို လက်ချောင်းအသေးစိတ်လှုပ်ရှားမှုတွေ အရင်လို မသွက်တော့ဘူး။ လက်ကြွက်သားတွေသေးလာတယ်။ ဒီလိုဖြစ်လာရင် အာရုံကြောထိခိုက်မှု ပိုမိုပြင်းထန်လာနိုင်တာကြောင့် စစ်ဆေးသင့်တယ်။

စာမျက်နှာ ၁၁ သို့ ➤




➤ စာမျက်နှာ ၁၀ မှအဆက်

ဒီနေရာမှာ အရေးအကြီးဆုံးသတိထားရမဲ့အချက် တစ်ခုရှိတယ်။ လက်ထုံခြင်းဟာ တစ်ခါတစ်ရံ Stroke (လေဖြတ်ခြင်း)ရဲ့ လက္ခဏာဖြစ်နိုင်တယ်။ ဒါပေမဲ့ Stroke မှာ အများအားဖြင့် သာမန်လက်ထုံတာလို တဖြည်းဖြည်းဖြစ်တာမျိုးထက် ရုတ်တရက်ဖြစ်လာတတ်တယ်။ လက်တစ်ဖက်ရုတ်တရက်ထုံသွားတာ ဒါမှမဟုတ် အားနည်းသွားတာနဲ့အတူ မျက်နှာတစ်ဖက်ရွဲ့တာ၊ ခြေတစ်ဖက်အားနည်းတာ၊ စကားမပီတာ၊ စကားနားမလည်တာ၊ ရုတ်တရက်အမြင်ပြဿနာဖြစ်တာ၊ ဟန်ချက်ပျက်တာတို့ တွဲလာရင် အရေးပေါ်အခြေအနေဖြစ်နိုင်တယ်။

ဒီလိုအခြေအနေမှာ "သွေးမလျှောက်တာပါ" "နည်းနည်းနှိပ်လိုက်ရင် ကောင်းသွားမှာပါ" "မနက်ဖြန်မှ ဆေးခန်းသွားမယ်"ဆိုပြီး စောင့်မနေသင့်ပါ။Stroke မှာ အချိန်ဟာ အလွန်အရေးကြီးတယ်။ FAST ဆိုတဲ့ စကားလုံးနဲ့ လွယ်လွယ်မှတ်ထားနိုင်တယ်။

F – Face – မျက်နှာတစ်ဖက် ရွဲ့နေသလား။
A – Arm – လက်တစ်ဖက် ရုတ်တရက်အားနည်းနေသလား။
S – Speech – စကားမပီ၊ စကားပြောရခက်နေသလား။
T –Time – ဒီလက္ခဏာတွေရှိရင် အချိန်မဆွဲဘဲအရေးပေါ်ဆေးကုသမှုခံယူရန်ဖြစ်တယ်။

ဒါဆို လက်ချောင်းတွေ မကြာခဏထုံနေသူတစ်ယောက်က နေ့စဉ်ဘဝမှာ ဘာလုပ်နိုင်သလဲ။ ပထမဆုံးလက္ခဏာကို သေချာ လေ့လာပါ။ ဘယ်လက်ချောင်းထုံသလဲ။ ဘယ်အချိန်ပိုဆိုးသလဲ။ အိပ်ရာထချိန်လား။ ဖုန်းကိုင်ပြီးမှလား။ ကွန်ပျူတာအသုံးပြုတာကြာရင်လား။ တံတောင်ဆစ်ထောက်ထားရင်လား။ လည်ပင်းလှုပ်တဲ့အခါဖြစ်သလား။ ခြေထောက်ပါထုံသလား။ နာတာ၊ ပူစပ်တာ၊ အားနည်းတာပါလား။ ဒီအချက်တွေကို မှတ်ထားခြင်းက ဆရာဝန်က အကြောင်းရင်းရှာဖွေရာမှာ အထောက်အကူပြုနိုင်တယ်။

ကွန်ပျူတာအသုံးများသူတွေက လက်ကောက်ဝတ်ကို အချိန်ကြာကြာ အလွန်ကွေးထားခြင်းကို လျှော့သင့်တယ်။ Keyboard နဲ့ Mouse အသုံးပြုတဲ့အခါ လက်ကောက်ဝတ်အနေအထား သက်သောင့်သက်သာရှိဖို့ ဂရုစိုက်သင့်တယ်။ တံတောင်ဆစ်ကို မာတဲ့စားပွဲပေါ်မှာ အချိန်ကြာကြာ ထောက်မထားသင့်ပါ။ ဖုန်းကို နားရိပေါင်းများစွာ ခေါင်းငုံ့ကြည့်နေမဲ့အစားကြားထဲမှာ အနားယူပြီး လည်ပင်းနဲ့ လက်တွေကို လှုပ်ရှားပေးသင့်တယ်။

Carpal Tunnel Syndrome ရှိသူတချို့မှာ ညဘက်လက်ကောက်ဝတ်ကို တည့်တည့်ထားပေးတဲ့ Wrist Splint က အထောက်အကူဖြစ်နိုင်တယ်။ ဒါပေမဲ့ ကိုယ့်လက္ခဏာရဲ့ အကြောင်းရင်းမသေချာရင် ရေရှည်ကိုယ့်ဘာသာကုသတာထက် စစ်ဆေးတာက ပိုသင့်တော်တယ်။

ဆီးချိုရှိသူတွေအတွက်တော့ သွေးချိုကို ကောင်းစွာထိန်းချုပ်တာက အာရုံကြောထိခိုက်မှုကိုကာကွယ်ဖို့ ဒါမှမဟုတ် ပိုဆိုးလာမှုကို နှေးကွေးစေဖို့ အရေးကြီးတယ်။

အာဟာရမျှတစွာစားတာ၊ ပုံမှန်ကိုယ်လက်လှုပ်ရှားတာ၊ ဆေးလိပ်ရှောင်တာနဲ့ အရက်အလွန်အကျွံသောက်တာတွေကို ရှောင်တာကလဲ အာရုံကြောနဲ့ သွေးကြောကျန်းမာရေးအတွက် အရေးကြီးတယ်။ လက်ထုံတာ မကြာခဏဖြစ်လာရင် ဆရာဝန်က လက္ခဏာပုံစံ၊ အာရုံခံစားမှု၊ ကြွက်သားအားနဲ့ အာရုံကြောစစ်ဆေးမှုတွေကို အခြေခံပြီး အကြောင်းရင်းကို ရှာဖွေနိုင်တယ်။ လိုအပ်တဲ့အခါ သွေးချို၊ Vitamin B12၊ သိုင်းရွိုက်နဲ့ အခြားသွေးစစ်ဆေးမှုတွေ ပြုလုပ်နိုင်သလို Carpal Tunnel ဒါမှမဟုတ် အခြားအာရုံကြောပြဿနာသံသယရှိပါက Nerve Conduction Study (အာရုံကြောလျှပ်စစ်စီးဆင်းမှုစစ်ဆေးတာ)လို စမ်းသပ်မှုတွေလိုတယ်။ လည်ပင်းအာရုံကြောကို သံသယရှိပါကလဲ အခြေအနေအလိုက် ထပ်မံစစ်ဆေးနိုင်တယ်။ ဒါပေမဲ့ လက်ထုံသူတိုင်း MRI ရိုက်ရမယ်၊ အာရုံကြောစမ်းသပ်မှုလုပ်ရမယ်ဆိုတာမျိုးတော့ မဟုတ်ပါ။ လက္ခဏာနဲ့ စစ်ဆေးတွေ့ရှိချက်ပေါ်မှုတည်ပြီး လိုအပ်တဲ့စမ်းသပ်မှုကို ရွေးချယ်ရတာဖြစ်တယ်။

အရေးကြီးတာက လက်ထုံတာကို ဖုံးကွယ်ဖို့ ဆေးတစ်မျိုးရှာတာထက် အကြောင်းရင်းကို ရှာဖွေတာဖြစ်တယ်။ လက်ချောင်းတွေထုံနေတာဟာ သေးငယ်တဲ့ လက္ခဏာတစ်ခုလို့ ထင်ရနိုင်တယ်။ ဒါပေမဲ့ အဲဒီလက္ခဏာရဲ့နောက်မှာ ခန္ဓာကိုယ်က ပြောချင်တဲ့အကြောင်းအရာ ရှိနေနိုင်တယ်။ တစ်ခါတစ်ရံ အိပ်နေတုန်း လက်ပေါ်ဖိမိလို့ ခဏတာထုံတာဖြစ်နိုင်တယ်။ တစ်ခါတစ်ရံ လက်ကောက်ဝတ်မှာ Median Nerve ဖိမိနေတာ၊ တံတောင်ဆစ်မှာ Ulnar Nerve ဖိမိနေတာ၊ လည်ပင်းအာရုံကြောပြဿနာဖြစ်နိုင်တယ်။ တစ်ခါတစ်ရံ ဆီးချို၊ Vitamin B12 ချို့တဲ့မှု ဒါမှမဟုတ် အခြားအာရုံကြောရောဂါတစ်ခုရဲ့ လက္ခဏာဖြစ်နိုင်တယ်။ ရှားပါးပေမဲ့ ရုတ်တရက်ဖြစ်လာတဲ့လက်တစ်ဖက်ထုံတာ၊ အားနည်းတာဟာ Stroke လို အရေးပေါ်အခြေအနေတစ်ခုရဲ့သတိပေးချက်လဲ ဖြစ်နိုင်တယ်။ ဒါကြောင့် လက်ချောင်းထုံတိုင်း "သွေးမလျှောက်လို့ပါ"ဆိုတဲ့ စကားတစ်ခွန်းနဲ့ မပြီးသင့်ပါ။

ဘယ်လက်ချောင်းက ထုံနေတာလဲ။ ဘယ်အချိန်မှာ ထုံတာလဲ။ ဘယ်လောက်ကြာနေပြီလဲ။ နာကျင်မှု၊ ပူစပ်မှု၊ အားနည်းမှုတွေပါ တွဲလာသလား။ ခြေထောက်တွေပါ ထုံနေသလား။ ဒီမေးခွန်းတွေရဲ့ အဖြေတွေက ခန္ဓာကိုယ်က ဘာကိုသတိပေးနေတာလဲဆိုတာ နားလည်ဖို့ ကူညီပေးနိုင်တယ်။

လက်ချောင်းတွေက စကားမပြောတတ်ပါဘူး။ ဒါပေမဲ့ ထုံတာ၊ ကျင်တာ၊ နာတာ၊ အားနည်းတာတွေနဲ့ ခန္ဓာကိုယ်အတွင်းက ပြဿနာတစ်ခုကို သတိပေးနေနိုင်တယ်။ ခဏတာဖြစ်ပြီး ပြန်ကောင်းသွားတဲ့ လက်ထုံမှုတိုင်းကို စိုးရိမ်ဖို့မလိုပါ။ ဒါပေမဲ့ ထိုကျင်မှုက မကြာခဏ ဖြစ်လာတယ်၊ ပိုကြာလာတယ်၊ တဖြည်းဖြည်းပိုဆိုးလာတယ်၊ လက်အားပါ နည်းလာတယ်ဆိုရင်တော့ လက်ချောင်းတွေက ပြောနေတဲ့ ခန္ဓာကိုယ်ရဲ့သတိပေးစကားကို နားထောင်ဖို့ အချိန်ရောက်ပြီဖြစ်ပါတယ်။

# Naughty ဟာသဇာတ်ကား၌ မင်းသမီး ရက်ဂျီနာဟော ပါဝင်လာ

နယူးယောက် အောက်တိုဘာ ၁၄

ယူနီဗာဆယ်ကုမ္ပဏီ၏ Naughty အမည်ရှိ ဟာသဇာတ်ကားတွင် မင်းသမီး ရက်ဂျီနာဟော ပါဝင်လာကြောင်း အောက်တိုဘာ ၁၃ ရက် သတင်းများအရ သိရသည်။

Naughty ဇာတ်ကားတွင် ရက်ဂျီနာဟောသည် မင်းသမီး ဂျင်နီဖာအင်နစ္စတန်၊ မင်းသား ပီတာဒင်းကလက်တို့နှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Naughty ဇာတ်ကားသည် ကွာရှင်းထားသည့် ခင်ပွန်းသည်ထံမှ သားဖြစ်သူကို အုပ်ထိန်းခွင့်ရရန် ကြိုးပမ်းနေသည့် အမျိုးသမီးတစ်ဦး ဆန်တာကလော့ဘိုးဘိုးကြီးနှင့် တွေ့ဆုံခဲ့ပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Naughty ဇာတ်ကားကို ဒါရိုက်တာ အိုလီဗီယာဝိုင်းက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျင်မီဝါဒ်နက ရေးသားပေးထားကြောင်း သိရသည်။

မင်းသမီး ရက်ဂျီနာဟောသည် One Battle After Another ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူဖြစ်သည်။

လက်ရှိတွင် Naughty ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# American River အက်ရှင်ဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ ကတ်သရင်းဟာ့ဒ်ဝစ်ရိုက်ကူးမည်

နယူးယောက် အောက်တိုဘာ ၁၄

Bronte Studios ၏ American River အမည်ရှိ ဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ ကတ်သရင်းဟာ့ဒ်ဝစ် တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း အောက်တိုဘာ ၁၃ ရက် သတင်းများအရ သိရသည်။

American River ဇာတ်ကားသည် အမျိုးသမီး ဇာတ်ကောင်ကို အဓိကထားသည့် မြင်းစီးသေနတ်သမားလောကနောက်ခံ ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး လက်ရှိတွင် အဆိုပါဇာတ်ကားအတွက် သရုပ်ဆောင်များကို Bronte Studios က ရွေးချယ်နေဆဲဖြစ်သည်။

American River ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အားရစ်အက်ဆိုးက ရေးသားပေးထားသည်။

၁၈၄၈ ခုနှစ် ကယ်လီဖိုးနီးယားပြည်နယ်ကို နောက်ခံထားရိုက်ကူးမည့် American River ဇာတ်ကားသည် ဘဝနောက်ခံချင်းမတူသော အမျိုးသမီးလေးဦးတို့၏ ရှင်သန်ရေးအတွက် ရုန်းကန်စွန့်စားခဲ့ရမှုများကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

American River ဇာတ်ကားကို ၂၀၂၇ ခုနှစ်အတွင်း ဩစတြေးလျနိုင်ငံ၌ စတင်ရိုက်ကူးရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# President of the Republic of the Union of Myanmar U Min Aung Hlaing delivers address at opening ceremony of Thanlyin Oil Refinery (Phase-1) of the Ministry of Electricity and Energy


**President U Min Aung Hlaing delivers an address at the opening ceremony of Thanlyin Oil Refinery (Phase-1) of the Ministry of Electricity and Energy.**

**Nay Pyi Taw October 14**

Opening ceremony of Thanlyin Oil Refinery (Phase-1) of the Ministry of Electricity and Energy took place at the refinery in Thanlyin this morning. President of the Republic of the Union of Myanmar U Min Aung Hlaing commissioned the refinery into service and delivered an address.

Also present were union ministers U Khin Maung Yi, U Mya Tun Oo, Dr Soe Win, Dr Thet Thet Zin, U Min Naung, U Ko Ko Lwin, Dr Charlie Than, and U Myo Thant, the Yangon Region Chief Minister, senior military officers from Office of the Commander-in-Chief, the Yangon Region chief minister, deputy ministers, retired senior officers and retired factory managers from Myanmar Oil and Gas Enterprise, nationality enterprises, artists from Thanlyin Refinery Company and its associate companies, staff of Thanlyin Refinery, and honoured guests.

On arrival at the refinery, the President was warmly welcomed by Union Minister for Electricity and Energy U Ko Ko Lwin and staff and students.

At the first part of the ceremony, Union Minister at the President's Office U Khin Maung Yi, Union Minister U Ko Ko Lwin, and Yangon Region Chief Minister U Aung Naing Thu formally opened the refinery.

The President unveiled the signboard of the main control room of the refinery and the plaque by pushing a button and sprinkled scented water.

The President viewed the scale model of the refinery, the documentary photos of the past successive years, and the documentary photos of the inspection tours of the Head of State in the main control. The Union Minister for Electric Power and Energy explained the salient points.

The President and attendees pushed the digitalized button to send raw material and start the engines in the main control room. After inspecting the main control room, the President signed the visitor's book of the refinery.

The President and party toured the refinery by buggies, and heard a report on the operations of the refinery. The President gave instructions.


**President U Min Aung Hlaing pushes the digitalized button to send raw material and start the engines in the main control room.**


**President U Min Aung Hlaing sprinkles scented water on the stone inscription of Thanlyin Oil Refinery (Phase-1) of the Ministry of Electricity and Energy.**

At the part two of the ceremony, the President commissioned the refinery through digital technology.

In his honorary speech, the President said today's ceremony is not just a milestone that recognizes the completion of the refinery. It also is an important step to fulfil the nation's energy need, to boost domestic production, and to ensure a sustainable energy security.

The Ministry held its 40th Ruby anniversary and the Centenary of the Thanlyin Refinery in 2025, and now it has opened a new refinery. It is an honourable achievement of the Ministry which must make continuous efforts for greater progress of the nation's energy sector, based on this success.

The country has a long history regarding the oil industry. Historical records say that oil refinery operations started in 1871 by the Yangon Oil Company. In 1925, BOC Company Ltd established Thanlyin Oil Refinery, with the capacity to refine 800,000 gallons of crude oil per day. Crude oil from the country's oil fields were piped to the refinery which distributed finished products for domestic use and exports.

Although oil industry infrastructure was damaged and destroyed during the Second World War, it was subsequently repaired and rebuilt, enabling the refinery to resume operations in 1957. The refinery was later expanded and upgraded in successive phases. However, it is important to learn from the past that the mere existence of a refinery does not guarantee long-term success if there is an imbalance among raw material availability, production technology, product quality and market demand. Therefore, in constructing and operating the new refinery today, it is necessary to systematically manage not only the construction of the facility itself but also ensure an adequate supply of raw materials, production efficiency, product quality and economic viability simultaneously.

Today, the new refinery under Phase I of the project has been successfully implemented. This achievement is the result of the concerted efforts of departmental staff, technical experts, skilled and manual workers, and major partner companies involved in the project. The President therefore recognized and commended all those who contributed to this success.

Relevant officials are urged to continuously monitor and assess refinery operations, production capacity, equipment maintenance, energy consumption and product quality, and to promptly identify the causes of any gaps between the established targets and actual results and take corrective measures accordingly.

Under Phase II of the project, the expanded oil refinery will continue to be developed. At this stage, attention must not be focused solely on refinery construction to achieve the targeted production of high-grade fuels and petrochemical products. Once all phases of the project have been completed and

*See Page 14*

# President of the Republic of the Union of Myanmar U Min Aung Hlaing inspects operational capacity and expansion potential of Myanmar's port sector




**President U Min Aung Hlaing hears reports on implementation plans for the Ywathagyi station yard project.**

**Nay Pyi Taw October 14**

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by union ministers, the Chief Minister of Yangon Region, senior military officers from the Office of the Commander-in-Chief of Defence Services, the Commander of Yangon Command, deputy ministers, and relevant officials, toured Yangon Region this afternoon to inspect the operational capacity and potential expansion of Myanmar's port sector.

First, at Thilawa Railway Station, Union Minister for Transport U Mya Tun Oo briefed the President on data concerning the existing Toegyaunggalay–Thilawa railway section, sectional surveying works, and projected operational plans to upgrade the line into a dual track. He also presented details regarding Thanlyin Bridge No. 1, design schemes for dual-track entry into the Thilawa station yards, proposed yard expansions, and the completion status of ongoing upgrades and repairs along the existing route.

In response, the President stated that Thilawa Port is one of the nation's key ports. He explained that upgrading the Toegyaunggalay –Thilawa rail section to a dual track aims to facilitate the swift, smooth, and cost-effective distribution of freight from Thilawa Port and the Thilawa Special Economic Zone. He instructed officials to conduct systematic ground-level surveys and engineering calculations along the planned alignment to ensure proper structural execution at bends, gradients, and bridge crossings. He also underscored the need to extend the railway directly into the Thilawa Port precinct, initiate early preparatory works—such as site clearance, earthworks, bridge construction, and ballast quarrying along the expanded route—and incorporate advance technical planning to accommodate electric trains in the future.

The President then inspected the completed track maintenance and replacement works at the Thilawa station yard and gave necessary guidance following reports by responsible officials.

Upon arriving at Myanmar International Terminals Thilawa (MITT), Union Minister U Mya Tun Oo reported on port operational performance. His briefing covered the background, policies, and responsibilities of Myanma Port Authority; Myanmar's ports along its 1,260-nautical-mile coastline; maritime trade operations and profitability; yearly jetty development; terminals across Yangon and the Thilawa outer port zones; and Yangon Port's annual cargo-handling capacity. He further detailed the authority's involvement in the Yangon–Dala Bridge project, efforts to boost maritime trade in line with export promotion policies, port services rendered by Myanma Port Authority, upgrade plans for general cargo berths, cargo handling volumes across monsoon and open seasons, ongoing transshipment activities, potential avenues to promote transit trade, the development of inland container depots and domestic coastal ports across Yangon Region, monitoring initiatives to double export volumes, preparations to roll out a semi-smart container port pilot project, port-level digital transformation initiatives, and study tours conducted at foreign seaports.

Following the presentation, the President stressed the necessity of annual maintenance dredging to keep navigation channels from the sea estuary consistently navigable. He noted that establishing a semi-smart port would yield significant benefits. He pointed out that upgrading the railway to a dual track was instructed to accelerate container movements by rail alongside road transport during peak vessel-berthing periods. Similarly, road expansions and bridge upgrades have been implemented to ensure rapid, unhindered container truck traffic into and out of Yangon's port terminals. He also mentioned upgrading the Pamawaddy Port in Ayeyawady Region to accommodate large vessels carrying 20,000 to 30,000 tonnes operating along the Pathein River, enabling efficient domestic and international sea shipments of regional rice and general cargo, as well as inbound freight required for Ayeyawady Region.

The President highlighted that Thilawa Port is vital to the country and offers optimal logistical convenience for freight haulage, urging officials to strive continuously for port sector development.

Regarding the Dawei Deep-Sea Port, he noted that several countries have expressed interest in constructing the Southern ASEAN land corridor. Addressing Myeik and Kawthoung, he observed that Kawthoung is well-positioned for border trade and that regional development must also take tourism into account. He pointed out that ports in Pathein, Yangon, and Dawei will emerge as the nation's principal maritime gateways in the future—with Dawei Port geared toward international transit trade, and the ports in Yangon and Pathein focused on facilitating domestic freight transport. He concluded by urging all stakeholders to work collaboratively to ensure smooth and efficient port operations.

Subsequently, the President toured Myanmar International Terminals Thilawa by motorcade to inspect daily port operations.

Later, the President and his entourage arrived at the Ywathagyi Dry Port in East Dagon Township. In the meeting hall, the Union Minister for Transport presented on implementation plans for the Ywathagyi station yard project, ongoing dry port operations, project parameters, the operation of the Ywathagyi –Myitnge–Ywathagyi container freight trains, and the completed boundary fencing along railway-owned land flanking the station access road.

The President raised queries regarding the briefings and instructed officials to calculate land use systematically to ensure compact, optimal utilization during project implementation. He also directed authorities to closely supervise and ensure that land parcels permitted for operational activities in Yangon Region are utilized strictly and correctly for their designated purposes, before issuing other necessary directives.

Afterward, the President toured the dry port complex by motorcade to inspect ongoing logistics and freight services.

MNA

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Systematic demolition of illegal buildings used in online scams/gambling in Shwe Kokko (Part-II) continues

**Preparing and rigging explosives on an illegal 13-story building used for committing online gambling offenses in Part-II of the Shwe Kokko area.**



**The 13-story building being rigged with explosives.**



**The process of preparing and rigging explosives.**

**Nay Pyi Taw October 14**

Placing emphasis on combat against online scams and gambling as a national responsibility, the government has carried out systematic total demolition of illegal buildings in Shwe Kokko, where majority of online scams and gambling were operated, so that they could not be used again for such crimes.

In doing so, demolition of a 5-storey building out of remaining ones to be knocked down with the use of machinery in Shwe Kokko (Part-II) continued today and 94 percent of the works completed. Moreover, 40 percent of the demolition of another 5-storey building was over and preparations of explosives for a 13-storey building were carried out.

Out of 63 buildings to be demolished in Shwe Kokko (Part-II), 25 were classified to be knocked down with the use of machinery, four to be detonated and 34 to be destroyed manually floor by floor due to their proximity to residential complexes and systematic demolition works were being carried out. Demolition of three out of four illegal building to be detonated completed and plans were underway to systematically demolish the 60 remaining buildings.

In cooperation with neighboring and regional countries, the government has placed a special emphasis on total eradication of online scams and gambling, which have posed a threat to the global socioeconomic arena and national security.

100

---

*From Page 12*

the refinery becomes operational, its viability and benefits must be carefully assessed based on its actual production capacity, product range, domestic market demand and raw material availability.

The President underscored that, alongside increasing the refinery's capacity, efforts must also be made simultaneously to enhance its long-term operational sustainability, economic viability and product quality. The first requirement for achieving these objectives is to ensure an adequate supply of crude oil feedstock. Regardless of how high the refinery's capacity may be, production targets cannot be met if raw materials are insufficient. Therefore, priority must be given to increasing domestic oil production, ensuring the efficient utilization of available crude oil, and securing a continuous supply of the necessary raw materials.

Furthermore, domestically produced crude oil and raw materials available from abroad must be managed in an integrated manner and arranged to meet the requirements of the refineries. Increasing production alone will not ensure that the public receives the full benefits. Therefore, emphasis must also be placed on ensuring the timely and efficient distribution of products while controlling costs.

Increasing domestic fuel production is not intended solely to replace imports, but also to reduce foreign currency expenditure, supply the energy required by domestic manufacturing sectors, and generate sustainable long-term economic benefits for the State. To achieve these objectives, costs must be comprehensively reviewed and effectively managed at every stage of the process, from raw material procurement to oil refining, storage and distribution.

To ensure energy security, it is necessary to reduce excessive dependence on energy and raw materials from abroad. In addition, renewable energy sources should be integrated appropriately, while energy storage capacity and the ability to respond effectively to emergencies should be enhanced. At the same time, harmonious efforts must be made to ensure the efficient use of energy and minimize waste.

A study of the global energy sector shows that technology and market conditions are evolving and changing rapidly. Therefore, it is necessary to take a balanced approach to meeting current energy needs while also ensuring long-term energy development. Oil and natural gas resources must be utilized efficiently, while equal emphasis should be placed on promoting the use of renewable energy, conserving energy, and developing and applying new technologies.

Furthermore, the long-term success of a modern oil refinery depends not only on having modern equipment and technology but also on the availability of local experts and skilled workers who can apply these technologies effectively. Therefore, the Ministry of Electricity and Energy needs to prioritize human resource development.

Similarly, digital systems, automated control systems and artificial intelligence (AI) technologies should be applied wherever appropriate to meet operational needs. In particular, these technologies must be used effectively to predict equipment failures before they occur, improve energy efficiency, monitor production conditions in real time, and identify potential hazards in advance.

At the same time, as oil refining is a high-risk industrial activity, special attention must be paid to workplace safety and environmental protection. Therefore, systematic measures must be taken to assess potential risks in advance at every stage of refinery operations, prepare for fires and other emergencies, regularly inspect and maintain equipment, and control wastewater and air pollution. These are essential foundations for ensuring the refinery's safe and sustainable long-term operation.

Safety and environmental standards must never be compromised in the pursuit of production targets. Therefore, every employee must strictly comply with the established rules and regulations. In addition, all personnel must work together to foster a workplace culture in which potential hazards are promptly reported.

The opening of the new oil refinery today marks an important step towards revitalizing the domestic oil refining industry and meeting the energy needs of the State. Building on this achievement, continued efforts must be made to complete subsequent project phases within the stipulated timeframe, ensure quality standards, and achieve economic viability.

The President acknowledged and commended the efforts of all those involved in the project's construction and operational activities, including officials from the ministry, refinery staff, technical experts, and specialists and workers from Thanlyin Refinery Company and its partner companies. All were urged to continue implementing the forthcoming phases of the project successfully, as they have done so far, by working in unity and with a strong sense of responsibility while making full use of their expertise.

The electricity and energy sector plays a vital role in the State's economic development, industrial production and the daily lives of the people. Therefore, in implementing energy projects, it is necessary to take a balanced approach to enhancing production capacity, ensuring cost-effectiveness and efficiency, developing technology and human resources, maintaining workplace safety, and protecting the environment.

The Ministry must prioritize practical implementation and long-term benefits in its efforts to develop the electricity, oil and natural gas, oil refining, and petrochemical sectors, striving to achieve beneficial outcomes for the State and the people. Therefore, the President urged all concerned to continue implementing each task systematically, methodically and firmly, based on energy sufficiency, energy security and sustainable energy development, in order to realize the goal of "Moving from Energy Sufficiency to Energy Independence for the State."

He said he wished all staff success in carrying out energy-related activities that benefit the State and the people through their collective strength, sense of responsibility, spirit of innovation and continuous learning. In accordance with the Ministry's motto, "Abundant Energy for the Benefit of the Nation," he also extended his best wishes for the successful implementation of initiatives aimed at ensuring energy sufficiency and energy security.

The Union Minister for Electricity and Energy reported on the implementation of the Thanlyin oil refinery (Phase I) and further plans.

The President and the attendees at the ceremony watched a video clip on the implementation of the refinery (Phase I).

The Union Minister for Electricity and Energy presented a scale model of the refinery to mark its launch to the President.

The President presented a fruit basket of honour to experts who implemented the refinery.

After the ceremony, the President and party proceeded to the site designated for the construction of Phase II of the Thanlyin Oil Refinery. At the briefing hall of the Phase II Thanlyin Oil Refinery Construction Project, the Union Minister for Electricity and Energy explained the plans for continuing the implementation and construction of Phase II of the Refinery, after which the President gave the necessary guidance and instructions.

Afterwards, the President and party inspected the historical displays and artifacts on Myanmar's oil and natural gas production exhibited at the Energy Museum, which was opened to mark the centenary of the Thanlyin Refinery, and gave the necessary guidance and instructions in response to the reports presented by officials.

MNA

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ကျွန်းလှ အောက်တိုဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၄၀၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း အဆိုပါစိုက်ပျိုးထားသောပဲတီစိမ်း စိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၃၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ ပဲတီစိမ်း ၅၄၀၁ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ နည်းပညာတွေပေးခဲ့ပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ နည်းပညာတွေပေးခဲ့ပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးစသည်တို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင်ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုး နိုင်ရေး ကြိုးပမ်းသင့်ကြောင်းမြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။ (၂၀၆)

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကွမ်းသီးခြောက်ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ အောက်တိုဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ကွမ်းသီးခြောက် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်စုခင်က ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဩဂုတ်လအတွင်းက ကွမ်းသီးခြောက် ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလ တစ်လအတွင်း ကွမ်းသီးခြောက် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀ မှ ၁၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်မှာ အရောင်းအဝယ်ဖြစ်နေတဲ့ ကွမ်းသီးခြောက်တွေက နွေရာသီကတည်းက သိုလှောင်ထားတဲ့ ကွမ်းသီးခြောက်တွေပါ။ ပြီးခဲ့တဲ့ တစ်လအတွင်းက ကွမ်းသီးခြောက် ပိဿာချိန် ၅၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတဲ့ ကွမ်းသီးခြောက်တွေက အရည်အသွေးကောင်းပါတယ်။ ရန်ကုန်ဈေးကွက်က နေ့စဉ်အမှာကုန်တွေရှိနေပါတယ်" ဟု ဓနုဖြူမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်စုခင်က ပြောပြသည်။



ဓနုဖြူမြို့နယ်တွင် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကွမ်းသီးများကို ဝယ်ယူပြီး အလုံးအတိုင်းနှင့်ခွဲစိတ်ထားသည့်ခွဲခြမ်း ပုံစံနှစ်မျိုးပြုလုပ်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သံတောင်ကြီးမြို့နယ် မိုင်းလွန်(လယ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သံတောင်ကြီးအောက်တိုဘာ ၁၄**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းလွန် (လယ်) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အောင်မြင်နေမှု အခြေအနေများကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မျိုးအောင်၊ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစောဟဲဒိုးစိုးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မိုင်းလွန်(လယ်) ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်နေမှုအခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၃၁ ဒသမ ၂ သန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၈ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၇ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၇ ဦးကို ရန်ပုံငွေကျပ် ၄၇ သန်းကို ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်လျက်ရှိကြောင်း သိရသည်။

**ကိုညီ**




# မိုင်းဖြတ်မြို့နယ် ပါလောင်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်၍ ကော်မတီဖွဲ့စည်း



**မိုင်းဖြတ် အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ပါလောင်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ခန်းမဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါကော်မတီဝင် ရွေးချယ်ရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုသည်များမေးမြန်းရာ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ပြန်လည် ရှင်းလင်းဖြေကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်း ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ပါလောင်းကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇင်မာ**


ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သန်လျင်ရေနံချက်စက်ရုံ(အပိုင်း-၁) ဖွင့်ပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အငြိမ်းစားအရာရှိကြီးများနှင့် စက်ရုံမှူး တာဝန်ထမ်းဆောင်ခဲ့ကြသူများ၊ တိုင်းရင်းသား လုပ်ငန်းရှင်များ၊ Thanlyin Refinery Company နှင့် မိတ်ဖက်ကုမ္ပဏီများမှ ပညာရှင်များ၊သန်လျင်ရေနံချက်စက်ရုံမှဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ရောက်ရှိလာရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူလေးများက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကိုစတင်ကျင်းပရာ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူတို့က သန်လျင်ရေနံချက်စက်ရုံ(အပိုင်း-၁) ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက သန်လျင်ရေနံချက်စက်ရုံ ပင်မထိန်းချုပ်ခန်း ဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် စက်ရုံပင်မထိန်းချုပ်ခန်းအတွင်းရှိ သန်လျင်ရေနံချက်စက်ရုံ(အပိုင်း-၁) ပုံစံငယ်နှင့် ယခင်သန်လျင်ရေနံချက်စက်ရုံ၏ ခေတ်အဆက်ဆက် မှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံတော်အကြီးအကဲ လာရောက်စစ်ဆေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများကိုကြည့်ရှုရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် သန်လျင်ရေနံချက်စက်ရုံ ပင်မထိန်းချုပ်ခန်းအတွင်း စက်စတင်လည်ပတ်နိုင်ရန်အတွက် ကုန်ကြမ်းများစတင်ပို့လွှတ်မှုကို Digital နည်းပညာဖြင့် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပင်မထိန်းချုပ်ခန်းအတွင်း ကြည့်ရှုစစ်ဆေးကာ နိုင်ငံတော်သမ္မတက သန်လျင်ရေနံချက်စက်ရုံ(အပိုင်း-၁)စက်ရုံ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ယင်းနောက် သန်လျင်ရေနံချက်စက်ရုံအတွင်း ဘာဂီယဉ်ငယ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စက်သုံးဆီများထုတ်လုပ်သည့် နည်းစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်ပြီး သန်လျင်ရေနံချက်စက်ရုံ(အပိုင်း-၁) ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းကိုကျင်းပရာ ဦးစွာနိုင်ငံတော်သမ္မတက သန်လျင်ရေနံချက်စက်ရုံ(အပိုင်း-၁) ဖွင့်ပွဲအခမ်းအနားကို Digital နည်းပညာအသုံးပြု၍ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတက သန်လျင်ရေနံချက်စက်ရုံ(အပိုင်း-၁) ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် စက်ရုံတစ်ရုံတည်ဆောက်ပြီးစီးမှုကိုဂုဏ်ပြုသည့် မှတ်တိုင်တစ်ခုသာမက နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်၊ ပြည်တွင်းထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ရန်နှင့် ရေရှည်တည်တံ့သည့်စွမ်းအင်လုံခြုံမှုကိုတည်ဆောက်ရန်တို့အတွက်အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ဝန်ကြီးဌာန၏ နှစ် ၄၀ ပြည့် ပတ္တမြားရတုအခမ်းအနားနှင့် သန်လျင်ရေနံချက်စက်ရုံရာပြည့်အခမ်းအနားတို့ကိုကျင်းပနိုင်ခဲ့သကဲ့သို့ ယနေ့တွင်လည်း ရေနံချက်စက်ရုံသစ်ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် ဝန်ကြီးဌာနအတွက် ဂုဏ်ယူဖွယ်ရာမှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ ယခုအောင်မြင်မှုကိုအခြေခံပြီး နိုင်ငံတော်၏ စွမ်းအင်ကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ရေနံလုပ်ငန်းနှင့် ပတ်သက်ပြီး ရှည်လျားသည့်သမိုင်းကြောင်းရှိခဲ့ကြောင်း၊ သမိုင်းမှတ်တမ်းများအရ ၁၈၇၁ ခုနှစ်ကတည်းက **“ရန်ကုန်ရေနံကုမ္ပဏီ”** အမည်ဖြင့် ရေနံချက်လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်ကို လေ့လာသိရှိရကြောင်း၊ ထို့နောက် ၁၉၂၅ ခုနှစ်တွင် ဘီအိုစီကုမ္ပဏီလီမိတက်က တစ်ရက်ကို ရေနံစိမ်းဂါလန် ရှစ်သိန်းချက်လုပ်နိုင်သည့် သန်လျင်ရေနံချက်စက်ရုံကို တည်ဆောက်ခဲ့ပြီး ပြည်တွင်းရေနံမြေများက ရရှိသည့်ရေနံစိမ်းများကို ပိုက်လိုင်းများဖြင့် ပို့ဆောင်ချက်လုပ်ပြီး ပြည်တွင်းသုံးစွဲမှုနှင့် ပြည်ပတင်ပို့မှုတို့အတွက် ဆောင်ရွက်ခဲ့ကြောင်း။

ဒုတိယကမ္ဘာစစ်ကာလအတွင်း ရေနံလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများပျက်စီးဆုံးရှုံးခဲ့ရသော်လည်း ပြန်လည်ပြုပြင်တည်ဆောက်နိုင်ခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် ရေနံချက်စက်ရုံကို ပြန်လည်လည်ပတ်နိုင်ခဲ့ကြောင်း၊ နောက်ပိုင်းတွင်လည်း စက်ရုံကိုအဆင့်ဆင့်တိုးချဲ့တည်ဆောက်ခဲ့ကြောင်း၊ သို့သော် ကုန်ကြမ်းရရှိမှု၊ ထုတ်လုပ်မှုနည်းပညာ၊ ထုတ်ကုန်အရည်အသွေးနှင့် ဈေးကွက်လိုအပ်ချက်တို့ကြား ဟန်ချက်မညီပါက စက်ရုံတည်ရှိနေရုံဖြင့် ရေရှည်အောင်မြင်မှုမရနိုင်သည်ကို သင်ခန်းစာယူကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ရေနံချက်စက်ရုံသစ်ကို တည်ဆောက်လည်ပတ်ရာတွင်လည်း စက်ရုံတည်ဆောက်ရေးတစ်ခုတည်းကိုသာ အာရုံစိုက်မနေဘဲ ကုန်ကြမ်းလုံလောက်မှု၊ ထုတ်လုပ်မှုစွမ်းဆောင်ရည်၊ ထုတ်ကုန်အရည်အသွေးနှင့် စီးပွားရေးအရ အကျိုးအမြတ်ရှိမှုတို့ကိုလည်း တစ်ပြိုင်တည်းစနစ်တကျ စီမံဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သန်လျင်ရေနံချက်စက်ရုံ(အပိုင်း-၁) ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ် စက်ရုံပုံစံငယ်ကို ဂါရဝပြုပေးအပ်စဉ်။

ယနေ့တွင် စီမံကိန်းပထမအဆင့် (Phase I) စက်ရုံသစ်ကို အကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုအောင်မြင်မှုသည် စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ ကာယ၊ ဉာဏလုပ်သားများ၊ မိတ်ဖက်ကုမ္ပဏီကြီးများ၏ ကြိုးပမ်းအားထုတ်မှုများကြောင့်ဖြစ်ပေါ်လာခြင်းဖြစ်သဖြင့် သက်ဆိုင်သူအားလုံးကို အသိအမှတ်ပြုဂုဏ်ပြုသည်ကို ပြောကြားလိုကြောင်း။

သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စက်ရုံလည်ပတ်မှု၊ ထုတ်လုပ်မှုစွမ်းဆောင်ရည်၊ စက်ပစ္စည်းပြုပြင်ထိန်းသိမ်းမှု၊ စွမ်းအင်သုံးစွဲမှုနှင့် ထုတ်ကုန်အရည်အသွေးတို့ကို စဉ်ဆက်မပြတ် စောင့်ကြည့်သုံးသပ်ကြရန်နှင့် သတ်မှတ်ထားသည့် ရည်မှန်းချက်များနှင့် လက်တွေ့ရလဒ်များကြား ကွာဟချက်ရှိပါကအကြောင်းရင်းများကို အချိန်မီဖော်ထုတ်ပြီး ပြင်ဆင်ဆောင်ရွက်ကြရန်မှာကြားလိုကြောင်း။

စီမံကိန်းဒုတိယအဆင့်(Phase II) အနေဖြင့် တိုးချဲ့ရေနံချက်စက်ရုံကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ ထိုအဆင့်တွင် ရည်မှန်းထားသည့်အဆင့်မြင့်စက်သုံးဆီများနှင့် ရေနံဓာတုထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် စက်ရုံတည်ဆောက်ရေးတစ်ခုတည်းကိုသာ အာရုံစိုက်၍မရကြောင်း၊ စီမံကိန်းအဆင့်အားလုံးပြီးစီးပြီး စက်ရုံလည်ပတ်လာသည့်အခါ လက်တွေ့ထုတ်လုပ်နိုင်မည့် ပမာဏ၊ ထုတ်ကုန်အမျိုးအစား၊ ပြည်တွင်းဈေးကွက်လိုအပ်ချက်နှင့် ကုန်ကြမ်းရရှိနိုင်မှုတို့ကိုအခြေခံပြီး စီမံကိန်း၏အကျိုးဖြစ်ထွန်းမှုကို သေချာစွာစိစစ်သွားကြရန် လိုအပ်ကြောင်း။

မိမိအနေဖြင့် အလေးထားမှာကြားလိုသည်မှာ စက်ရုံစွမ်းရည်တိုးမြှင့်ရေးနှင့်အတူ စက်ရုံ၏ရေရှည်လည်ပတ်နိုင်စွမ်း၊ စီးပွားရေးအရ အကျိုးရှိမှုနှင့်ထုတ်ကုန်အရည်အသွေးတို့ကိုတစ်ပြိုင်တည်း မြှင့်တင်သွားကြရန်ဖြစ်ကြောင်း၊ အဆိုပါရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန် ပထမလိုအပ်ချက်မှာ ရေနံစိမ်းကုန်ကြမ်း လုံလောက်စွာရရှိရေးပင်ဖြစ်ကြောင်း၊ စက်ရုံစွမ်းရည်မည်မျှပင်မြင့်မြင့် ကုန်ကြမ်းမလုံလောက်ပါကသတ်မှတ်ထားသည့် ထုတ်လုပ်မှုရည်မှန်းချက်များကို မပြည့်မီနိုင်သောကြောင့် ပြည်တွင်းရေနံထုတ်လုပ်မှုတိုးမြှင့်ရေး၊ ရရှိနိုင်သည့် ရေနံစိမ်းများကို ထိရောက်စွာအသုံးချနိုင်ရေးနှင့် လိုအပ်သည့်ကုန်ကြမ်းများကို စဉ်ဆက်မပြတ်ရရှိနိုင်ရေးတို့အတွက် ဦးစားပေးဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ထို့ပြင် ပြည်တွင်းက ထုတ်လုပ်သည့် ရေနံစိမ်းနှင့် ပြည်ပကရရှိနိုင်သည့်ကုန်ကြမ်းများကို ပေါင်းစပ်စီမံခန့်ခွဲပြီး စက်ရုံများ၏ လိုအပ်ချက်နှင့်ကိုက်ညီအောင် စီစဉ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ထုတ်လုပ်မှုတိုးမြှင့်နိုင်ရုံဖြင့် ပြည်သူများအတွက် အကျိုးကျေးဇူးအပြည့်အဝရရှိမည်မဟုတ်ကြောင်း၊ ထုတ်ကုန်များကို အချိန်မီနှင့် ထိရောက်စွာဖြန့်ဖြူးပေးနိုင်ရန်၊ ကုန်ကျစရိတ်များကိုလည်း ထိန်းချုပ်နိုင်ရန် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပြည်တွင်း၌ စက်သုံးဆီထုတ်လုပ်မှုတိုးမြှင့်ရခြင်းသည် ပြည်ပကတင်သွင်းမှုကို အစားထိုးနိုင်ရန် တစ်ခုတည်းအတွက်မဟုတ်ကြောင်း၊ နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်ရန် ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍများအတွက် လိုအပ်သည့်စွမ်းအင်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် နိုင်ငံတော်အတွက် ရေရှည်တည်တံ့သည့်စီးပွားရေးအကျိုးအမြတ်များရရှိစေရန်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါရည်မှန်းချက်များ အမှန်တကယ်အောင်မြင်ရန်အတွက် ကုန်ကြမ်းဝယ်ယူမှုမှစတင်ပြီး ရေနံချက်လုပ်မှု၊ သိုလှောင်မှုနှင့် ဖြန့်ဖြူးမှုထိ အဆင့်ဆင့်တိုင်းတွင် ကုန်ကျစရိတ်များကို ခြုံငုံသုံးသပ်ပြီး ထိရောက်စွာ စီမံခန့်ခွဲသွားကြရန်လိုအပ်ကြောင်း။

စွမ်းအင်လုံခြုံမှုရှိစေရန် ပြည်ပက စွမ်းအင်နှင့်ကုန်ကြမ်းများကို အလွန်အမင်းမှီခိုနေရခြင်းကို လျှော့ချရန်လိုအပ်ကြောင်း၊ ထို့ပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို သင့်လျော်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သန်လျင်ရေနံချက်စက်ရုံအပိုင်း(၂)တည်ဆောက်မည့်နေရာကို ကြည့်ရှုစဉ်။

သလို ပေါင်းစပ်အသုံးပြုရန်၊ စွမ်းအင်သိုလှောင်နိုင်မှုနှင့် အရေးပေါ်အခြေအနေများတွင် ထိရောက်စွာတုံ့ပြန်နိုင်စွမ်းကို မြှင့်တင်ရန်လည်း လိုအပ်ကြောင်း၊ တစ်ချိန်တည်း၌ပင် စွမ်းအင်ကိုအလေအလွင့်မရှိဘဲ ထိရောက်စွာအသုံးပြုနိုင်ရေးကိုလည်း ဟန်ချက်ညီညီ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ကမ္ဘာ့စွမ်းအင်ကဏ္ဍကို လေ့လာကြည့်မည်ဆိုပါက နည်းပညာနှင့် ဈေးကွက်အခြေအနေများသည် အလျင်အမြန်ပြောင်းလဲတိုးတက်လျက်ရှိနေကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် လက်ရှိစွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ရေရှည်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်ခုစလုံးကို ဟန်ချက်ညီညီစဉ်းစားဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဲ့သို့ စွမ်းအင်အရင်းအမြစ်များကိုလည်း ထိရောက်စွာအသုံးချသွားရမည်ဖြစ်သကဲ့သို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုရေး၊ စွမ်းအင်ချွေတာရေးနှင့် နည်းပညာအသစ်များ ဖော်ထုတ်အသုံးချရေးတို့ကိုလည်း တစ်ပြိုင်နက်တည်း အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ထားသည့် စွမ်းအင်ပြတိုက်(Energy Museum)အတွင်း ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**ယနေ့ဖွင့်လှစ်လိုက်သည့် ရေနံချက်စက်ရုံသစ်သည် ပြည်တွင်းရေနံချက်လုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံတော်၏စွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် အရေးပါသည့်ခြေလှမ်းတစ်ရပ်ဖြစ်၊ ယင်းအောင်မြင်မှုကို အခြေခံပြီး နောက်ဆက်တွဲစီမံကိန်းများကိုလည်း သတ်မှတ်ချိန်အတွင်းပြီးစီးရေး၊ အရည်အသွေးပြည့်မီရေးနှင့် စီးပွားရေးအရ အကျိုးရှိစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ် . . .**

ထို့ပြင် ခေတ်မီရေနံချက်စက်ရုံတစ်ရုံ ရေရှည်အောင်မြင်ရန်အတွက် စက်ပစ္စည်းနှင့်နည်းပညာများ ခေတ်မီရုံဖြင့် မလုံလောက်ဘဲ အဆိုပါနည်းပညာများကို ထိထိရောက်ရောက်အသုံးချနိုင်သည့် ပြည်တွင်းပညာရှင်များနှင့် ကျွမ်းကျင်လုပ်သားများရှိရန်လည်းလိုအပ်ကြောင်း၊ ထို့ကြောင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

အလားတူ ဒီဂျစ်တယ်စနစ်များ၊ အလိုအလျောက်ထိန်းချုပ်မှုစနစ်များနှင့် ဉာဏ်ရည်တု(AI)နည်းပညာများကိုလည်း လုပ်ငန်းလိုအပ်ချက်နှင့် ကိုက်ညီသည့်နေရာများတွင် အသုံးချသွားရန်လိုအပ်ကြောင်း၊ အထူးသဖြင့် စက်ပစ္စည်းများမချွတ်ယွင်းမီ ကြိုတင်ခန့်မှန်းနိုင်ရန်၊ စွမ်းအင်ကို ထိရောက်စွာအသုံးပြုနိုင်ရန်၊ ထုတ်လုပ်မှုအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်နိုင်ရန်နှင့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို ကြိုတင်ဖော်ထုတ်နိုင်ရန် နည်းပညာများကို လက်တွေ့အကျိုးရလဒ်ရရှိအောင် အသုံးချသွားကြရမည်ဖြစ်ကြောင်း။

တစ်ချိန်တည်း၌ပင် ရေနံချက်လုပ်ငန်းသည် ဘေးအန္တရာယ်ဖြစ်နိုင်ခြေမြင့်မားသည့်စက်မှုလုပ်ငန်းတစ်ခုဖြစ်သည့်အတွက် လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထူးအလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စက်ရုံလည်ပတ်မှုအဆင့်တိုင်း၌ အန္တရာယ်ဖြစ်နိုင်ခြေများကို ကြိုတင်စိစစ်ရန်၊ မီးဘေးနှင့် အရေးပေါ်အခြေအနေများအတွက် အသင့်ပြင်ဆင်ထားရန်၊ စက်ပစ္စည်းများကို ပုံမှန်စစ်ဆေးထိန်းသိမ်းရန်နှင့်ရေဆိုး၊ လေထုညစ်ညမ်းမှုများကိုထိန်းချုပ်ရန် စနစ်တကျဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယင်းတို့သည် လုပ်ငန်းကိုရေရှည်တည်တံ့ပြီး ဘေးကင်းလုံခြုံစွာလည်ပတ်နိုင်ရန် မဖြစ်မနေလိုအပ်သည့် အခြေခံအချက်များဖြစ်ကြောင်း။

ထုတ်လုပ်မှု ရည်မှန်းချက်များပြည့်မီအောင် ဆောင်ရွက်ရာတွင်လည်း ဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစံနှုန်းများကို အလျှော့ပေး၍မရကြောင်း၊ ထို့ကြောင့် ဝန်ထမ်းတစ်ဦးချင်းစီအနေဖြင့် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို တိတိကျကျလိုက်နာကြရန် လိုအပ်ကြောင်း၊ ထို့ပြင် အန္တရာယ်ဖြစ်နိုင်သည့်အခြေအနေများကိုလည်း အချိန်မီသတင်းပို့တင်ပြနိုင်သည့် လုပ်ငန်းခွင်ယဉ်ကျေးမှုတစ်ရပ်ကို အားလုံးဝိုင်းဝန်း တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်လိုက်သည့် ရေနံချက်စက်ရုံသစ်သည် ပြည်တွင်းရေနံချက်လုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံတော်၏စွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် အရေးပါသည့်ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း၊ ယင်းအောင်မြင်မှုကိုအခြေခံပြီး နောက်ဆက်တွဲစီမံကိန်းများကိုလည်း သတ်မှတ်ချိန်အတွင်းပြီးစီးရေး၊အရည်အသွေးပြည့်မီရေးနှင့် စီးပွားရေးအရ အကျိုးရှိစေရေးဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စီမံကိန်းတည်ဆောက်ရေးနှင့် လည်ပတ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စက်ရုံဝန်ထမ်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ Thanlyin Refinery Company နှင့် မိတ်ဖက်ကုမ္ပဏီများမှ ပညာရှင်များနှင့်လုပ်သားများအားလုံး၏ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုချီးကျူးလိုပါကြောင်း၊ ရှေ့ဆက်ဆောင်ရွက်ကြမည့် စီမံကိန်းအဆင့်များကိုလည်း ယခုကဲ့သို့ပင် စည်းစည်းလုံးလုံးတာဝန်ယူမှုရှိရှိဖြင့် မိမိတို့၏ကျွမ်းကျင်မှုများကို အပြည့်အဝအသုံးချပြီး အောင်မြင်အောင် ဆက်လက် အကောင်အထည်ဖော်သွားကြရန် တိုက်တွန်းလိုကြောင်း။

လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုကုန်ထုတ်လုပ်မှုနှင့် ပြည်သူများ၏ နေ့စဉ်လူမှုဘဝအတွက် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ထို့ကြောင့် စွမ်းအင်စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ရေး၊ ကုန်ကျစရိတ်သက်သာပြီး ထိရောက်မှုရှိရေး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဟန်ချက်ညီညီဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အား၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ရေနံချက်လုပ်ရေးနှင့် ရေနံဓာတုဗေဒကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရေးဆောင်ရွက်ရာတွင် လက်တွေ့အကောင်အထည်ဖော်နိုင်မှုနှင့် ရေရှည်အကျိုးရှိမှုကို အဓိကထားပြီး နိုင်ငံတော်နှင့်ပြည်သူများအတွက် အကျိုးရှိသည့်ရလဒ်များရရှိလာအောင်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **"နိုင်ငံတော်အတွက် စွမ်းအင်ဖူလုံမှုမှသည် စွမ်းအင်အမှီအခိုကင်းရေးအထိ"**ဟူသည့် ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန် စွမ်းအင်ဖူလုံရေး၊ စွမ်းအင်လုံခြုံရေးနှင့် ရေရှည်တည်တံ့သည့် စွမ်းအင်ဖွံ့ဖြိုးရေးတို့ကို အခြေခံပြီး လုပ်ငန်းစဉ်တစ်ခုချင်းစီကို

**စာမျက်နှာ ၁၉ သို့**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက တိုးကြောင်ကလေး-သီလဝါရထားလမ်းပိုင်းကို အဆင့်မြှင့်တင်ပြုပြင်ပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

☆ **ကျောဖုံးမှအဆက်**

လမ်းပိုင်းဆိုင်ရာ အချက်အလက်များ၊ တိုးကြောင်ကလေး-သီလဝါ ရထားလမ်းပိုင်းကို ဒွေးလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရေး အပိုင်းအလိုက်တိုင်းတာမှုများပြုလုပ်ပြီး လုပ်ငန်းများလျာထားဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ သန်လျင်တံတားအမှတ်(၁)၏ တံတားဆိုင်ရာ အချက်အလက်များ၊ သီလဝါဘူတာယာဒ်ဝင်းများသို့ ဒွေးလမ်းများဝင်ရောက်မည့်ပုံစံနှင့် သီလဝါယာဒ်ဝင်းတိုးချဲ့မည့် အဆိုပြုပုံစံများ၊ လက်ရှိ တိုးကြောင်ကလေး-သီလဝါ ရထားလမ်းပိုင်းကို အဆင့်မြှင့်တင်ပြုပြင်ပြီးစီးမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သီလဝါဆိပ်ကမ်းသည် မိမိတို့နိုင်ငံရှိ အဓိကဆိပ်ကမ်းကြီးများအနက်မှ တစ်ခုဖြစ်ပြီး သီလဝါဆိပ်ကမ်းနှင့် စက်မှုဇုန်တို့မှ ကုန်ပစ္စည်းများကို ပိုမိုလွယ်ကူလျင်မြန်ချောမွေ့စွာ၊ ကုန်ကျစရိတ် သက်သာစွာဖြင့်ဖြန့်ဖြူးနိုင်ရေး တိုးကြောင်ကလေး-သီလဝါ ရထားလမ်းပိုင်းကို ဒွေးလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ ဒွေးလမ်းဖောက်လုပ်မည့် လျာထားလမ်းကြောင်းတစ်လျှောက်ကို မြေပြင်ကွင်းဆင်းစစ်ဆေးတိုင်းတာတွက်ချက်၍ လမ်းကွေ့နေရာများ၊ ဆင်ခြေလျှောနေရာများ၊ တံတားနေရာများ၌ စနစ်တကျဖြစ်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ သီလဝါဘူတာမှ သီလဝါဆိပ်ကမ်းဝင်းအတွင်းသို့လည်း ရထားလမ်းတိုးချဲ့ဖောက်လုပ်ရန်နှင့် တိုးချဲ့မည့်ဒွေးလမ်း လမ်းကြောင်းတစ်လျှောက်ကြိုတင်ဆောင်ရွက်နိုင်သည့် မြေနေရာ ရှင်းလင်းခြင်းနှင့်မြေကြီးလုပ်ငန်းများ၊ တံတားလုပ်ငန်းများနှင့် ကျောက်ထုတ်လုပ်ငန်းများကို ကနဦးဆောင်ရွက်သွားရန်လိုကြောင်း၊ နောင်တစ်ချိန်တွင် လျှပ်စစ်ရထားများပြေးဆွဲနိုင်ရေးအတွက်လည်း ယခုကတည်းက ကြိုတင်တွက်ချက် လျာထားစဉ်းစားဆောင်ရွက်ရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် သီလဝါဘူတာယာဒ်ဝင်းရှိ မီးရထားလမ်းကို သံလမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မြန်မာအပြည်ပြည်ဆိုင်ရာသီလဝါဆိပ်ကမ်း (MITT)သို့ ရောက်ရှိရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှု အခြေအနေများနှင့်ပတ်သက်၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ နောက်ခံသမိုင်းကြောင်း၊ မူဝါဒနှင့်လုပ်ငန်းတာဝန်များ၊ ကမ်းရိုးတန်းအရှည် ရေမိုင် ၁၂၆၀ ရှိ မြန်မာ့ဆိပ်ကမ်းများ၊ ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်ရေး (Maritime Trade) ဆောင်ရွက်နိုင်မှုနှင့် အကျိုးအမြတ်ရရှိမှုများ၊ နှစ်အလိုက်ဆိပ်ကမ်းတံတားများ တိုးတက်လာမှု၊ ရန်ကုန်မြို့ ဆိပ်ကမ်းဧရိယာအတွင်းရှိ ဆိပ်ကမ်းတံတားများ၊ သီလဝါ အပြင်ဆိပ်ကမ်းဧရိယာရှိ ဆိပ်ကမ်းတံတားများ၊ ရန်ကုန်ဆိပ်ကမ်း၏ နှစ်စဉ်ကုန်စည်ကိုင်တွယ်နိုင်စွမ်းများ၊ ရန်ကုန်-ဒလ တံတားစီမံကိန်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဆောင်ရွက်မှု၊ ပို့ကုန်မြှင့်တင်ရေးမူဝါဒနှင့်အညီ ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှုကိုအားပေးမြှင့်တင်လျက်ရှိမှု၊ ပင်လယ်ရေကြောင်း ကုန်သွယ်မှုအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဆောင်ရွက်ပေးနေသည့် ဆိပ်ကမ်းဝန်ဆောင်မှု လုပ်ငန်းများ၊ အထွေထွေ ကုန်စည်တံတားများအဆင့်မြှင့်တင်ဆောင်ရွက်မည့် အစီအမံများ၊ ပို့ကုန်မြှင့်တင်ရေးမူဝါဒနှင့်အညီ ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှုကိုအားပေးမြှင့်တင်လျက်ရှိမှု၊ မိုးရာသီနှင့်ပွင့်လင်းရာသီကုန် ကိုင်တွယ်ရရှိမှုအခြေအနေ၊ Transshipment လုပ်ငန်းလက်ရှိဆောင်ရွက်နေမှု၊ နိုင်ငံဖြတ်သန်းကုန်သွယ်မှု (Transit Trade)ကို အားပေးမြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကုန်းတွင်းကုန်သေတ္တာစခန်းနှင့် ပြည်တွင်းကမ်းရိုးတန်းဆိပ်ကမ်းများ တည်ဆောက်ခြင်း၊ ပို့ကုန်နှစ်ဆ တိုးမြှင့်နိုင်ရေးအတွက် ကြပ်မတ်တွန်းအားပေးဆောင်ရွက်လျက်ရှိမှု၊ Semi Smart ကုန်သေတ္တာဆိပ်ကမ်း (Pilot Project)စီမံကိန်း လက်တွေ့အကောင်အထည်ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိမှု၊ ကုန်သေတ္တာ ဆိပ်ကမ်းများအလိုက် ဒီဂျစ်တယ်နည်းလမ်းဖြင့် ဆောင်ရွက်နေမှု၊ ပြည်ပနိုင်ငံများရှိ ဆိပ်ကမ်းများသို့သွားရောက်၍ ဆိပ်ကမ်းလုပ်ငန်းများကို လေ့လာဆောင်ရွက်ခဲ့မှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတက ပင်လယ်ဝမှ ဝင်ရောက်သည့် ရေလမ်းကြောင်းများ အမြဲကောင်းမွန်နေစေရေးအတွက် နှစ်စဉ်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်လိုကြောင်း၊ Smart Semi Port နှင့်ပတ်သက်၍ ဆောင်ရွက်နိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ဆိပ်ကမ်းတွင် ကွန်တိန်နာသင်္ဘောများ ဆိုက်ကပ်မှုများ များပြားလာသည့်အချိန်တွင် ကွန်တိန်နာများကို ပိုမိုလျင်မြန်စွာဖြင့် ပို့ဆောင်နိုင်ရေး မော်တော်ယာဉ်များဖြင့်သာမက မီးရထားများဖြင့်ပါ ပို့ဆောင်နိုင်ရေး ဒွေးလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ အလားတူ ရန်ကုန်မြို့ရှိဆိပ်ကမ်းများသို့ ကွန်တိန်နာယာဉ်များဝင်ထွက်သွားလာမှုများ ပိုမိုလွယ်ကူလျင်မြန်စွာ ဝင်ရောက်ထွက်ခွာနိုင်ရေးအတွက် လမ်းများအဆင့်မြှင့်တင်တိုးချဲ့ခြင်းနှင့် တံတားများ အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၌လည်း ပမ္မဝတီဆိပ်ကမ်း အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်စေခဲ့ကြောင်း၊ အဆိုပါဆိပ်ကမ်း၌ ပုသိမ်မြစ်တစ်လျှောက်မှ ဝင်ရောက်လာသည့် တန်ချိန် နှစ်သောင်းမှ သုံးသောင်းထိ တင်ဆောင်နိုင်သောသင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်နိုင်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှထွက်ရှိသည့် ဆန်များနှင့် ကုန်ပစ္စည်းများကို သင်္ဘောများဖြင့် ပြည်တွင်း၊ပြည်ပသို့တင်ပို့နိုင်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွက် လိုအပ်သည့် ကုန်ပစ္စည်းများကိုလည်း သင်္ဘောများဖြင့် တင်ပို့နိုင်ကြောင်း။

ဆိပ်ကမ်းများတွင် သီလဝါဆိပ်ကမ်းသည် မိမိတို့နိုင်ငံအတွက် အရေးပါသည့် ဆိပ်ကမ်းတစ်ခုဖြစ်ပြီး ကုန်စည်များသယ်ယူပို့ဆောင်ရန်အတွက် ပိုမိုအဆင်ပြေသည့် ဆိပ်ကမ်းတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ဆိပ်ကမ်းလုပ်ငန်းများတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

ထားဝယ် ရေနက်ဆိပ်ကမ်းနှင့် ပတ်သက်၍ အာဆီယံတောင်ပိုင်းကုန်းတွင်းလမ်းကို တည်ဆောက်နိုင်ရန်အတွက် အချို့နိုင်ငံများကလည်း စိတ်ပါဝင်စားမှုရှိသည်ကို သိရှိရကြောင်း၊ မြိတ်နှင့်ကော့သောင်းတို့တွင် ကော့သောင်းသည် နယ်စပ်ဂိတ်မှတစ်ဆင့် ကုန်သွယ်မှုများကို ဆောင်ရွက်နိုင်ကြောင်း၊ ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကော့သောင်းဒေသကို စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ ပုသိမ်၊ ရန်ကုန်၊ ထားဝယ်တို့ရှိ ဆိပ်ကမ်းများသည် အနာဂတ်ကာလတွင် မိမိတို့နိုင်ငံ၏ အဓိက ဆိပ်ကမ်းများဖြစ်လာမည်ဖြစ်ကြောင်း၊ ထားဝယ်ဆိပ်ကမ်းကို နိုင်ငံတကာအတွက် ကုန်ပစ္စည်းများ Transit လုပ်ငန်းများလုပ်ဆောင်နိုင်ရန် ရည်ရွယ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့နှင့် ပုသိမ်မြို့တို့ရှိဆိပ်ကမ်းများသည် မိမိတို့ပြည်တွင်း ကုန်စည်ပို့ဆောင်ရေးများအဆင်ပြေစေရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဆိပ်ကမ်းလုပ်ငန်းများအဆင်ပြေစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း ဖြင့်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါ ဆိပ်ကမ်း (MITT)အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ရွာသာကြီး ကုန်းတွင်းဆိပ်ကမ်း (Dry port)သို့ရောက်ရှိကြရာ အစည်းအဝေးခန်းမတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရွာသာကြီး ဘူတာယာဒ်ဝင်း တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေများ၊ ကုန်းတွင်းဆိပ်ကမ်း(Dry Port) ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ရွာသာကြီး - မြစ်ငယ် - ရွာသာကြီး ကုန်သေတ္တာရထားပြေးဆွဲမှုအခြေအနေများ၊ ရွာသာကြီးဘူတာအဝင်လမ်းဘေး မီးရထားပိုင်မြေ နေရာနယ်နိမိတ်ကို ခြံစည်းရိုးကာရံပြီးစီးမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များမေးမြန်းပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြေနေရာများကို အကျိုးရှိရှိဖြင့် ကျစ်ကျစ်လျစ်လျစ်အသုံးချနိုင်ရေး စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ငန်းများဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးထားသည့် မြေနေရာများကိုလည်း ခွင့်ပြုပေးထားသည့်လုပ်ငန်းရပ်များနှင့်အညီ မှန်မှန်ကန်ကန်ဖြင့် အသုံးချသွားနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကုန်းတွင်းဆိပ်ကမ်း(Dry Port) အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ဆိပ်ကမ်းများတွင် သီလဝါဆိပ်ကမ်းသည် မိမိတို့နိုင်ငံအတွက် အရေးပါသည့် ဆိပ်ကမ်းတစ်ခုဖြစ်ပြီး ကုန်စည်များသယ်ယူပို့ဆောင်ရန်အတွက် ပိုမိုအဆင်ပြေသည့် ဆိပ်ကမ်းတစ်ခုဖြစ်၊ ဆိပ်ကမ်းလုပ်ငန်းများတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလို. . .**

PPIB News

# အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက်ပြည်ထဲရေးဝန်ကြီးများအစည်းအဝေးနှင့် ပထမအကြိမ် ဘင်းမ်စတက် ပြည်ထဲရေးအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးတို့သို့ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးကိုကိုဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့

နေပြည်တော် အောက်တိုဘာ ၁၄

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးကိုကိုဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၂ ရက်မှ ၁၃ ရက်ထိ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက်ပြည်ထဲရေးဝန်ကြီးများအစည်းအဝေးနှင့် ပထမအကြိမ် ဘင်းမ်စတက်ပြည်ထဲရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတို့သို့ တက်ရောက်ခဲ့ပြီး ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။




ခရီးစဉ်အတွင်း အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး တက်ရောက်၍ မြန်မာနိုင်ငံသည် ဘင်္ဂလားပင်လယ်အော် ဒေသအတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ကိုမြှင့်တင်ရန် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံအားလုံးနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိကြောင်း၊ အွန်လိုင်းလိမ်လည်မှုများ၊ တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ် ဖောက်ကားမှုများနှင့် အခြားနိုင်ငံဖြတ်ကျော်မှုခင်းဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံ အားလုံးနှင့်အတူ ပွင့်လင်းမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုစိတ်ဓာတ်တို့ဖြင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ခရီးစဉ်အတွင်း အွန်လိုင်းလိမ်လည်မှုများ၊ တရားမဝင်မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် ရင်းနှီးပွင့်လင်းစွာ မျှဝေဆွေးနွေးနိုင်ခဲ့ပြီး အပြုသဘောဆောင်သည့် ရလဒ်များရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုကို ပြုပြင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများလျှော့ချလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၄

ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါင်နိမ့်ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှဆည်ရေများလျှော့ချလျက်ရှိပြီး ရေလှောင်တမံ၏ဆင်ခြေလျှောနိမ့်ကျမှုကို ပြန်လည်ပြုပြင်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တမံ၏အထက်ရေပြင်နှင့်ထိစပ်အပိုင်းမှစ၍ တမံလျှော့အိကျနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့်ရေလှိုင်းရိုက်ခတ်ခြင်း ဒဏ်မခံရစေရန်အတွက် မိုးရေကာဖျင်များ စနစ်တကျအုပ်မိုးကာကွယ်ခြင်း၊ တမံလျှော့အိကျမှုကို ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေကို ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံဆောင်ရွက်ခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်းကာ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

ထို့ပြင် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ပေမှ သိုလှောင်ရေ ၁၀ ပေ လျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ ညနေပိုင်းတွင် တမံရှိရေ ၃၀၈ ဒသမ ၉၀ ပေသာ ကျန်ရှိတော့သဖြင့် ၆ ဒသမ ၁ ပေခန့် လျှော့နည်းသွားကြောင်း သတင်းရရှိသည်။

(၅၀၁)

စာမျက်နှာ ၁၇ မှအဆက်

စနစ်တကျ၊ အစီအစဉ်တကျဖြင့် ခိုင်ခိုင်မာမာဆက်လက် အကောင်အထည်ဖော်သွားကြရန်တိုက်တွန်းမှာကြားလိုကြောင်း။

ဝန်ထမ်းများအားလုံး၏ စုစည်းညီညွတ်သည့် အင်အား၊ တာဝန်ယူမှု၊ ဆန်းသစ်တီထွင်လိုစိတ်နှင့် စဉ်ဆက်မပြတ်လေ့လာသင်ယူမှုတို့ဖြင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးရှိသည့် စွမ်းအင်ဆိုင်ရာလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ကြပါစေရန်နှင့် **"စွမ်းအင်ပြည့်ဖြိုးနိုင်ငံ့အကျိုး"** ဟူသော ဝန်ကြီးဌာန၏ ဆောင်ပုဒ်နှင့်အညီ စွမ်းအင်ဖူလုံရေးနှင့် စွမ်းအင်လုံခြုံရေးဆိုင်ရာလုပ်ငန်းစဉ်များကို အောင်မြင်စွာ ဖြည့်ဆည်းဆောင်ရွက်နိုင်ကြပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သန်လျင်ရေနံချက်စက်ရုံ (အပိုင်း-၁) အကောင်အထည်ဖော်တည်ဆောက်ခဲ့မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် သန်လျင်ရေနံချက်စက်ရုံ(အပိုင်း-၁) အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုကိုကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သန်လျင်ရေနံချက်စက်ရုံ(အပိုင်း-၁) ဖွင့်ပွဲ အခမ်းအနားအထိမ်းအမှတ် စက်ရုံပုံစံငယ်ကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက သန်လျင်ရေနံချက်စက်ရုံ(အပိုင်း-၁) အောင်မြင်စွာအကောင်အထည်ဖော်တည်ဆောက်ခဲ့သည့်ပညာရှင်များကို အမှတ်တရဂုဏ်ပြုသစ်သီးခြင်းလက်ဆောင်ပေးအပ်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် သန်လျင်ရေနံချက် စက်ရုံအပိုင်း(၂) တည်ဆောက်မည့်နေရာသို့သွားရောက်ကြပြီး သန်လျင်ရေနံချက်စက်ရုံ အပိုင်း(၂) တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်၌ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သန်လျင်ရေနံချက် စက်ရုံအပိုင်း(၂)ကို ဆက်လက်အကောင်အထည်ဖော် တည်ဆောက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် သန်လျင်ရေနံချက် စက်ရုံ ရာပြည့်အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ထားသည့် စွမ်းအင်ပြတိုက် (Energy Museum) အတွင်း ပြသထားသည့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု သမိုင်းကြောင်းဆိုင်ရာ ပြကွက်များနှင့် ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

အမိန့်အမှတ် ၈၁/၂၀၂၆

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်

(၂၀၂၆ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)

**ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့အရ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအောင်အား ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

အမိန့်အမှတ် ၈၂/၂၀၂၆

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်

(၂၀၂၆ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)

**ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့အရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါဝန်ကြီးဌာနအသီးသီးတွင် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ပြည်ထောင်စုဝန်ကြီး
ကာကွယ်ရေးဝန်ကြီးဌာန

(၂) ဒေါက်တာကိုကိုလွင် ပြည်ထောင်စုဝန်ကြီး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ပုံ) မင်းအောင်လှိုင်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၄**

အနာဂတ်ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် လူငယ်လူရွယ်များ၏ အနာဂတ်ဘဝ လျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (ကျောင်းကုန်း)နှင့် အမှတ်(၁၅) အခြေခံပညာအထက်တန်းကျောင်း(ဖြုတ်ခွဲ)တို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ရောက်ရှိကြပြီး တပ်မတော်(လေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက်အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များ၊တပ်မတော်(ရေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများရိုက်ကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် မုန့်များကိုပေးဝေခဲ့ကြသည်။

ယင်းနောက် ကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ဆရာမများသည် ပြတိုက်အတွင်းခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုလေ့လာခဲ့ကြပြီး သိရှိလိုသည်များမေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များ မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ကြသည်။

ထိုကဲ့သို့လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်းယခုကဲ့သို့ကြားသိရပါသည်-





"တပ်မတော် စစ်သမိုင်းပြတိုက်ကို လေ့လာခွင့်ရတဲ့အတွက် ကျောင်းသား၊ ကျောင်းသူများအားလုံးဟာ မျိုးချစ်စိတ်တွေထက်သန်လာမယ်၊ နိုင်ငံချစ်စိတ်တွေ ထက်သန်လာမယ်၊ နိုင်ငံကိုကာကွယ်လိုတဲ့စိတ်တွေ ဧကန်မလွဲဖြစ်လာမှာ အမှန်ပါပဲ။ အခုလို ကျောင်းသား၊ ကျောင်းသူများအားလုံးကိုလေ့လာခွင့်ရအောင်လမ်းညွှန်ပေးတဲ့ နိုင်ငံတော်သမ္မတကြီးနှင့် သမိုင်းပြတိုက်မှာရှိတဲ့ တာဝန်ရှိတဲ့ဝန်ထမ်းများအားလုံးကိုလဲ ဒီနေရာကနေပြီးတော့ အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်" ဟုပြောသည်။

"ပြတိုက်ကိုလေ့လာတဲ့အခါမှာ တာဝန်ရှိလူကြီးတွေအားလုံးက အစစအရာရာ အသေးစိတ်ရှင်းပြတဲ့အတွက် သမီးတို့ကျောင်းသင်ခန်းစာသမိုင်းဘာသာရပ်ထဲက သင်ကြားရတဲ့စာတွေကို အပြင်မှာ လက်တွေ့သိခွင့်ရတဲ့အတွက်ကြောင့်မို့လို့ ဗဟုသုတတွေ အများကြီးရရှိပါတယ်။ တာဝန်ရှိတဲ့လူတွေအားလုံး ကျေးဇူးတင်ပါ တယ်။ နောက်ပြီးတော့သမီးတို့ဒီလိုမျိုး လာရောက်လေ့လာခွင့်ရအောင်၊ သွားရေးလာရေး အဆင်ပြေအောင်စီစဉ်ပေးတဲ့ တာဝန်ရှိသူများအားလုံးကိုလဲ ကျေးဇူးတင်ပါတယ်"ဟုပြောသည်။ (၅၀၁)

## ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ယာဉ်ထိန်းရဲတပ်ဖွဲ့**

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၄**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၅၆၀ ရှိသည့်အနက် ယနေ့ အစည်းအဝေးသို့ ၅၃၃ ဦး တက်ရောက်သဖြင့် ၉၅ ဒသမ ၁၈ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် နိုင်ငံတော်သမ္မတက အဆိုပြုတင်ပြထားသော ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် အစားထိုးခန့်အပ်တာဝန်ပေးမည့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဒေါက်တာကိုကိုလွင်တို့ကို ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းတင်သွင်းထားမှုအပေါ် ကန့်ကွက်သူမရှိသည့်အတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အား ဆက်လက်အတည်ဖြစ်စေရေး လွှတ်တော်၏ သဘောတူညီချက်ရယူရန်နှင့်စပ်လျဉ်း၍ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထိန်လင်းဦးက ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၉ ရက်တွင် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် ၁/၂၀၂၆ ဆက်လက်အတည်ဖြစ်သည့် ရက်ပေါင်း ၉၀ ပြည့်မြောက်မည်ဖြစ်သော်လည်း အဆိုပါအမိန့်ဖြင့် အရေးပေါ်အခြေအနေ ကြေညာထားသည့် ၅၈ မြို့နယ်တွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းငှာ ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ် ၁/၂၀၂၆ အရေးပေါ် အခြေအနေကြေညာခြင်း အတည်ဖြစ်သည့်ကာလကို တိုးမြှင့်သတ်မှတ်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၂ ပုဒ်မခွဲ (ဃ)တွင် "နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ထိုဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ကို လိုအပ်သောကာလအပိုင်းအခြားထိ ဆက်လက်အတည်ဖြစ်စေနိုင်သည်"ဟု ပြဋ္ဌာန်းထားပါကြောင်း၊သို့ဖြစ်ပါ၍ အဆိုပါပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် ၁/၂၀၂၆ ဆက်လက်အတည်ဖြစ်သည့် ကာလတိုးမြှင့်သတ်မှတ်ခြင်းကို ပြည်ထောင်စုလွှတ်တော်က သဘောတူပေးနိုင်ရေး ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံးသို့ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက်နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံအစိုးရတို့ကြား လက်မှတ်ရေးထိုးခဲ့သည့်ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုကို ကာကွယ်တားဆီးရေး သဘောတူစာချုပ်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၉) ဒေါ်သိင်္ဂီဝင်းရွှေ**က သဘောတူစာချုပ်



၏ အရေးကြီးသည့် အစိတ်အပိုင်းတစ်ရပ်မှာ အခွန်ရှောင်တိမ်းမှုနှင့် အခွန်ဆိုင်ရာမသမာမှုများကို ကာကွယ်တားဆီးရေးဖြစ်ပါကြောင်း၊ အခွန်စနစ်တွင် တရားမျှတမှုရှိရန်လိုအပ်သကဲ့သို့ အခွန်ထမ်းသူ၏ တရားဝင်အခွင့်အရေးကို ကာကွယ်ပေးရမည်ဖြစ်ပြီး အခွန်ဥပဒေကို မသမာစွာ အလွဲသုံးစားပြုခြင်းကိုလည်း ထိရောက်စွာကာကွယ်တားဆီးရမည်ဖြစ်ပါကြောင်း၊ ဤသဘောတူစာချုပ်သည် အခွန်သက်သာခွင့်ပေးသည့် စာချုပ်တစ်ခုသာမက အခွန်ကောက်ခံခွင့်ကို မျှတစွာခွဲဝေသတ်မှတ်ပေးသည့် စာချုပ်လည်းဖြစ်သောကြောင့် နှစ်နိုင်ငံလုံးအတွက် စီးပွားရေးယုံကြည်မှုတိုးတက်ခြင်း၊ လုပ်ငန်းကုန်ကျစရိတ်လျှော့ချနိုင်ခြင်း၊ အခွန်ဆိုင်ရာပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှုတိုးတက်ခြင်း၊ ဒေသတွင်းစီးပွားရေးဆက်ဆံမှုတိုးတက်ခြင်း စသည့်အကျိုးကျေးဇူးများကို မျှော်မှန်းနိုင်ပါကြောင်း၊ နိုင်ငံတကာနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆက်ဆံရေးကို ပိုမိုတိုးတက်စေနိုင်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကောင်းစွာ ဖော်ဆောင်ပေးနိုင်မည်ဖြစ်သဖြင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မွန်ပြည်နယ် ကိုယ်စားလှယ်အမှတ် (၁၂) ဒေါ်စိုးစိုးမြင့်**က မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုကာကွယ်တားဆီးရေးသဘောတူစာချုပ် (Double Taxation Agreement – DTA) ချုပ်ဆိုခြင်းသည် ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရေးအတွက် နိုင်ငံခြားကုမ္ပဏီများကို အခွန်လျှော့ပေးရန်သက်သက်မဟုတ်ဘဲ အခွန်သက်သာမှုနှင့် နိုင်ငံတော်အခွန်ဝင်ငွေမလျော့ကျစေရေးနှစ်ခုကိုချိန်ညှိပြီး လုပ်ဆောင်ရခြင်းဖြစ်ပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှု၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာပါက နိုင်ငံခြားငွေရရှိမှုနှင့် စီးပွားရေးလုပ်ငန်းများလည်း ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဘဏ္ဍာငွေဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ်အထောက်အကူဖြစ်စေသော နှစ်နိုင်ငံအစိုးရတို့ကြား လက်မှတ်ရေးထိုးခဲ့သည့် ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေး သဘောတူစာချုပ်ကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး**က အခွန်ဝင်ငွေဆိုသည်မှာ နိုင်ငံ၏အသက်သွေးကြောဖြစ်သော်လည်း အခွန်နှစ်ထပ်စနစ်ကြောင့် အလုပ်လုပ်သူများတွင် တစ်ဦးချင်းဝင်ငွေ သိသိသာသာ လျော့နည်းလာခြင်း၊ မိသားစုထောက်ပံ့နိုင်မှုကျဆင်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုအားလျော့လာခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများဖြစ်လာစေပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်လာစေကြောင်း၊ ထို့ပြင် အခွန်နှစ်ထပ်ကြောင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအပေါ် ဆိုးကျိုးများ ပေါ်ပေါက်လာစေပါကြောင်း၊ ကျွမ်းကျင်လုပ်သားများ ဆုံးရှုံးရခြင်း၊ ငွေလွှဲပြောင်းမှုပမာဏနည်းသွားခြင်း၊ တရားမဝင် ငွေကြေးလည်ပတ်မှုကြီးမားလာခြင်း၊ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကျဆင်းခြင်း၊ အခွန်စည်းကြပ်မှုကုန်ကျစရိတ်တိုးလာခြင်းများကြောင့် နိုင်ငံ့စီးပွားသည် ရှေ့သို့မရောက်ဘဲ ရပ်တန့်သွားတတ်ပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအနေဖြင့် အခွန်နှစ်ထပ်စနစ်အားရှောင်ရှား၍ ဝင်ငွေခွန်ကို နှစ်ကြိမ်မပေးဆောင်စေရန် သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အချိုးညီ အထောက်အကူပြုစေသည်ဟု ယူဆပါကြောင်းနှင့် အခွန်နှစ်ထပ်စနစ်ဖြင့် ဝင်ငွေခွန်နှစ်ကြိမ်၊ နှစ်နေရာမကျခံစေရေးအပေါ် လေးလေးနက်နက်ကြိုဆိုသကဲ့သို့ အခွန်တိမ်းရှောင်မှုမပြုရေး စာချုပ်ကိုလည်း ခြွင်းချက်မရှိထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၊ မြောင်းမြမဲဆန္ဒနယ်မှ ဒေါ်မြင့်စန္ဒာအောင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က မြန်မာနိုင်ငံအစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံအစိုးရတို့ကြားချုပ်ဆိုထားသည့် ''ဝင်ငွေအပေါ် အခွန်နှစ်ထပ် ကျသင့်မှုမှရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုကို ကာကွယ်တားဆီးရေးသဘောတူစာချုပ်''သည် နှစ်နိုင်ငံကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုတိုးတက်လာစေရန်ရည်ရွယ်၍ ချုပ်ဆိုခဲ့ခြင်းဖြစ်ပါကြောင်း၊ မြန်မာနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအတွက် တည်ငြိမ်မှုရှိသော စီးပွားရေးနှင့် အခွန်စနစ်ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ခြင်း၊ နိုင်ငံဖြတ်ကျော်စီးပွားရေးလုပ်ငန်းများသည် အခွန်နှစ်ထပ်ကောက်ခံခြင်းကို ရှောင်ရှားနိုင်သည့်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများတိုးတက်လာစေခြင်း၊ အခွန်ဌာနများကြား သတင်းအချက်အလက်ဖလှယ်မှုများတိုးတက်လာပြီး အခွန်တိမ်းရှောင်မှုများကို ပူးပေါင်းတားဆီးနိုင်သဖြင့် အခွန်လိုက်နာမှုမြင့်မားလာစေခြင်း၊ နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးကို တိုးတက်ကောင်းမွန်လာစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ပါကြောင်း။

လွှတ်တော်က အတည်ပြုပြီးပါက စာချုပ်အပိုဒ် ၃၀၊ အပိုဒ်ခွဲ(၁) အရ စာချုပ်ဝင်နိုင်ငံအချင်းချင်း သက်ဆိုင်ရာဥပဒေအရ လိုအပ်သည့်လုပ်ထုံးလုပ်နည်းများနှင့်အညီ အသိပေးအကြောင်းကြားစာ (Instrument of Notification) ကို အပြန်အလှန်ပေးပို့ကြမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အဆိုပါစာချုပ်ကို မြန်မာနိုင်ငံတွင် စတင်ကျင့်သုံးနိုင်ရေးနှင့် အများပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်စေရေးအတွက် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်း၊ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာခြင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန ဝက်ဘ်ဆိုက်တွင် လွှင့်တင်ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါသဘောတူစာချုပ် အကျိုးသက်ရောက်စေရေး ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၀၈၊ ပုဒ်မခွဲ (က) နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၅၉ တို့နှင့်အညီ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ပြန်လည်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ပြည်ထောင်စုလွှတ်တော်က သဘောတူသဖြင့် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နဝမအကြော့ အာဆီယံငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများဖြေလျှော့ပေးရေး သဘောတူညီချက် အသက်ဝင်ရေးအတွက် အတည်ပြုစာချွန်လွှာကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၁၀) ဦးသန်းအေး ခေါ် ဦးတင်ဦး**က အဆိုပါစာချွန်လွှာကို လက်မှတ်ရေးထိုးပြီး သံတမန်နည်းလမ်းဖြင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ပါက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြေလျှော့ပေးရေးဆိုင်ရာကိစ္စရပ်များကို အပြီးသတ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာပြီး မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအကျိုးရှိအထောက်အကူပြုစေနိုင်ကြောင်း၊ သို့ဖြစ်ပါ၍ အာဆီယံဝန်ဆောင်မှုဆိုင်ရာ သဘောတူညီချက်အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များအရ နဝမအကြော့ အာဆီယံငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေး သဘောတူစာချုပ်အသက်ဝင်ရေး အတည်ပြုစာချွန်လွှာကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ပေးပို့နိုင်ရေး ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးသင့်ကြောင်း ထောက်ခံဆွေးနွေးသည်။

**တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ**က သဝဏ်လွှာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိနိုင်ကြောင်း ဖော်ပြထားသော်လည်း မျှော်မှန်းထားသည့် အကျိုးကျေးဇူးများကို ပြည့်ပြည့်ဝဝရရှိနိုင်ရန်၊ ကတိကဝတ်များ၊ ဖြေလျှော့မှုအတိုင်းအတာ၊ အကျိုးကျေးဇူးနှင့် အန္တရာယ်များကို သိရှိထားရန်လိုအပ်ပါကြောင်း၊ အကျိုးကျေးဇူးများကိုသာသိပြီး ကတိကဝတ်များ၏ အတိုင်းအတာကို မသိခြင်း၊ ဖြေလျှော့ပေးရမည့် အချက်များကိုမသိဘဲ အတည်ပြုခြင်းသည် နိုင်ငံ၏ရေရှည်ဘဏ္ဍာရေး အကျိုးစီးပွားနှင့် ဆက်စပ်နေသည့် ဆုံးဖြတ်ချက်တစ်ခုအတွက် လုံလောက်သည့်အခြေခံမဟုတ်ပါကြောင်း၊ အကျိုးကျေးဇူးများရရှိနိုင်မည်ဟူသော မျှော်မှန်းချက်တစ်ခုတည်းဖြင့် မိမိတို့နိုင်ငံက မည်သည့်ကတိကဝတ်များကို လက်ခံထားသည်၊ မည်သည့်အတိုင်းအတာထိ ဖြေလျှော့ပေးရမည်ဆိုသည်ကိုမသိရှိဘဲ အတည်ပြုဆုံးဖြတ်ရန် မသင့်လျော်ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က မြန်မာနိုင်ငံအနေဖြင့် သဘောတူစာချုပ်နှင့် နောက်ဆက်တွဲများကို အသက်ဝင်စေရန် ပြည်တွင်းအတည်ပြုရေးလုပ်ငန်းစဉ်များကို စာချုပ်လက်မှတ်ရေးထိုးသည့်နေ့မှ ရက်ပေါင်း ၁၈၀ အတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အာဆီယံအတွင်းရေးမှူးချုပ်က အတည်ပြုစာချွန်လွှာ လက်ခံရရှိကြောင်း အခြားအဖွဲ့ဝင်များထံ အကြောင်းကြားစာပေးပို့သည့် နေ့၏နောက်တစ်ရက်မှစ၍ စာချုပ်အကျိုးသက်ရောက်မည်ဖြစ်ပါကြောင်း။

အာဆီယံဝန်ဆောင်မှုဆိုင်ရာမူဘောင်သဘောတူစာချုပ်အရ အဖွဲ့ဝင်နိုင်ငံများကြား ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်နှင့် ကန့်သတ်ချက်များကို ဖယ်ရှားရန်ဖြစ်ပါကြောင်း၊ နဝမအကြော့ အာဆီယံငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေးတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက အာမခံလုပ်ငန်းကဏ္ဍကိုလည်းကောင်း၊

**စာမျက်နှာ ၂၂ သို့**

စာမျက်နှာ ၂၁ မှအဆက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဘဏ်လုပ်ငန်းနှင့် အခြားငွေရေးကြေးရေး ဝန်ဆောင်မှုကဏ္ဍခွဲများကို လည်းကောင်း ဖြေလျှော့ပေးမည်ဖြစ်ပါကြောင်း။

သဘောတူညီချက်ပါ ဖြေလျှော့မှုဇယား(SOC)ကို ပြည်တွင်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်ပြင်ဆင်အကောင်အထည်ဖော်ခဲ့ရာတွင် ပြည်တွင်း၌ နိုင်ငံခြားရာနှုန်းပြည့်အသက်အာမခံကုမ္ပဏီ ငါးခု၊ ဖက်စပ်အသက်အာမခံကုမ္ပဏီ သုံးခု၊ ဖက်စပ်အထွေထွေအာမခံကုမ္ပဏီ သုံးခု စုစုပေါင်း ၁၁ ခုကို လိုင်စင်ပေးအပ်နိုင်ခဲ့ပြီး နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံး ၂၇ ခုကိုလည်း ဖွင့်လှစ်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း။

နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများအတွက် ငွေကြေးလွှဲပြောင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်များ ပိုမိုအဆင်ပြေလာခြင်း၊ နိုင်ငံခြားဘဏ်ခွဲများက မတည်ရင်းနှီးငွေများယူဆောင်လာခြင်းဖြင့် နိုင်ငံခြားငွေစီးဝင်မှုကို အထောက်အကူပြုခြင်းနှင့် စီမံကိန်းဘဏ္ဍာငွေများရရှိနိုင်ခြင်း၊ ပြည်တွင်းဘဏ်များက အဆင့်မြင့်နည်းပညာ၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ဒီဂျစ်တယ်ဘဏ်လုပ်ငန်းများကို လေ့လာသင်ယူခွင့်ရရှိကာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာခြင်း၊ နှစ်နိုင်ငံသုံးငွေကြေးဖြင့် တိုက်ရိုက်ပေးချေမှုများဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှုတိုးတက်ပြီး ကုန်စည်စီးဆင်းမှုမြန်ဆန်ချောမွေ့ကာ အာဆီယံငွေရေးကြေးရေးပေါင်းစည်းရေးကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း။

အာဆီယံဘဏ္ဍာရေးဝန်ကြီးများ လက်မှတ်ရေးထိုးထားပြီးဖြစ်သော အဆိုပါသဘောတူညီချက်အသက်ဝင်နိုင်ရေးအတွက် စီးပွားရေးရာကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးများသို့ တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရရှိပါက နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်မှတ်ရေးထိုး၍ သံတမန်လမ်းကြောင်းဖြင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ပေးပို့မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အတည်ပြုချွန်လွှာ (Instrument of Ratification) ပေးပို့နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၉ ပုဒ်မခွဲ (က) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၅၂ ပုဒ်မခွဲ(က)တို့နှင့်အညီ ပြည်ထောင်စုလွှတ်တော်ကအတည်ပြုပေးပါရန် ပြန်လည်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်ကသဘောတူသဖြင့် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ၂၀၂၆ ခုနှစ် အောက်တိုဘာ ၈ ရက်က ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် နိုင်ငံတော်သမ္မတမှ ပေးပို့ထားသော ဘယ်လာရုစ်သမ္မတနိုင်ငံ DBRB နှင့် Belinvestbank JSC တို့မှ ပို့ကုန်ချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က နိုင်ငံခြားငွေဖြင့် ချေးငွေရယူရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းကြောင့် ဆုံးရှုံးနိုင်ခြေ(Exchange Rate Risk) နှင့် အတိုးနှုန်းပြောင်းလဲမှုကြောင့် ဆုံးရှုံးနိုင်ခြေ(Interest Rate Risk) များကို ကြုံတွေ့နိုင်သဖြင့် Exchange Rate Risk အနည်းဆုံးဖြစ်စေရန်အတွက် ငွေကြေးအမျိုးအစားခိုင်မာမှု၊ သက်ဆိုင်ရာအခြေခံအတိုးနှုန်းနှင့် ပြန်ဆပ်ကာလတို့ကို စိစစ်အကဲဖြတ်သွားမည်ဖြစ်ပါကြောင်း၊ ချေးငွေသက်တမ်းမှာ အများဆုံး ငါးနှစ်ဖြစ်၍ ကာလတိုချေးငွေဖြစ်သဖြင့် ဈေးကွက်ပြောင်းလဲမှုကြောင့်သက်ရောက်မှုလျော့နည်းနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံပိုင်ဘဏ် သုံးဘဏ်(မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်)နှင့် ဘယ်လာရုစ်နိုင်ငံတို့ကြား ဘဏ်လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Banking Arrangement) များကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလနှင့် ၂၀၂၆ ခုနှစ် မေလတို့တွင် လက်မှတ်ရေးထိုးခဲ့ပြီး ဘဏ်စာရင်းများ ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပို့ကုန်ချေးငွေကို နိုင်ငံခြားငွေကြေးအမျိုးအစား ငါးမျိုးဖြင့် ရယူနိုင်သဖြင့် Sanction အကျုံးမဝင်သည့် နိုင်ငံခြားငွေကြေးအမျိုးအစားနှင့် သင့်လျော်သောငွေပေးချေမှုလမ်းကြောင်းကို ကြိုတင်စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံမှ ပေးအပ်မည့် ပို့ကုန်ချေးငွေဖြင့် ဝယ်ယူမည့်ပစ္စည်းနှင့် ဝန်ဆောင်မှုများသည် နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်ပြီး အများပြည်သူအတွက် အကျိုးရှိထိရောက်မှုရှိစေရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်အတူ စိစစ်ရွေးချယ်အကောင်အထည်ဖော်မည်ဖြစ်ပါကြောင်း။

ပို့ကုန်ချေးငွေဆိုင်ရာ မူဘောင်သဘောတူစာချုပ်များ (Basic Agreement) ကို လက်မှတ်ရေးထိုးပြီးဖြစ်ရာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပုဒ်မ ၉ နှင့် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၃ တို့ပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ကို စက်ခလုတ်နှိပ်မဲခွဲရယူရာ ထောက်ခံဆန္ဒမဲများသည့်အတွက် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်းမှာ သီးခြားစီမံကိန်းတစ်ခုအတွက် ရင်းနှီးမြှုပ်နှံရန်ရည်ရွယ်၍ ချေးယူခြင်းမျိုးမဟုတ်ဘဲ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းတွင် ဖြစ်ပေါ်လာသည့် လိုငွေကို ဖြည့်ဆည်းရန်အတွက် ချေးယူခြင်းဖြစ်ပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှချေးယူရန် လျာထားငွေကျပ် ဘီလီယံ ၂၁၀၀ မှာ အသားတင်ချေးယူငွေဖြစ်ပါကြောင်းနှင့် ၂၀၂၆ ခုနှစ် ဇွန်လထိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူထားခြင်း မရှိသေးပါကြောင်း၊ အဆိုပါ ကျပ်ဘီလီယံ ၂၁၀၀ သည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရန်လျာထားသည့် ပမာဏ ဖြစ်ပါကြောင်း။ အဆိုပါပမာဏကို မဖြစ်မနေအပြည့်အဝအသုံးပြုရမည်ဟု ဆိုလိုခြင်းမဟုတ်ပါကြောင်းနှင့် လစဉ်အစိုးရ ငွေတိုက်လက်မှတ်၊ အစိုးရငွေတိုက်စာချုပ်များ လေလံစနစ်ဖြင့် ကြိုတင်ရောင်းချဖြည့်ဆည်းပြီးနောက် လကုန်ဆုံး၍ ပြည်ထောင်စုအစိုးရအပ်ငွေ စာရင်းပိတ်ချိန်တွင် လိုငွေဖြစ်ပေါ်လာမှသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းနိုင်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်းသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပုဒ်မ ၁၂၊ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၃၊ ပုဒ်မ ၅ နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၉၁ တို့နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ထိရောက်သောအသုံးစရိတ်များဖြစ်စေရန်နှင့် ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့်မရှိစေရေးတို့ကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် အစိုးရဌာန၊ အဖွဲ့အစည်းများကို ကြီးကြပ်ဆောင်ရွက်မည်ဖြစ်သကဲ့သို့ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများကလည်း မြန်မာနိုင်ငံ၏ဘဏ္ဍာရေးစီမံခန့်ခွဲမှု ဆိုင်ရာစည်းမျဉ်း(၃၅/၂၀၁၇)နှင့်အညီ ရငွေများကို ပြည့်မီစေရေးစီမံကြီးကြပ်ကောက်ခံရန်လိုအပ်ပြီး အသုံးစရိတ်များသုံးစွဲရာတွင် လိုက်နာရမည့် အခြေခံချက်များ၊ လုပ်ထုံးလုပ်နည်း၊ အမိန့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့က မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ အစိုးရငွေတိုက်လက်မှတ်များအာမခံပေး၍ ချေးငွေရယူရန် ကျပ် ဘီလီယံ ၂၁၀၀ လျာထားမှုအပေါ် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးသက်ထွန်းအောင်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ထိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ချုပ်ဆိုထားသည့် သဘောတူညီချက်အရ အစိုးရငွေတိုက် လက်မှတ်များအပေါ် အတိုးနှုန်းလေးရာခိုင်နှုန်းဖြင့်ဗဟိုဘဏ်ကဝယ်ယူသည့်နည်းလမ်းဖြင့် ဖြည့်ဆည်းသွားမည်ဖြစ်ပါကြောင်း၊ ပြန်လည်ပေးဆပ်မည့် အချိန်ဇယားနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၉၃ ပါ ပြဋ္ဌာန်းချက်အတိုင်း ဝန်ကြီးဌာနနှင့် ဗဟိုဘဏ်တို့ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဗဟိုဘဏ်ချေးငွေကြောင့် ငွေကြေးဖောင်းပွမှု၊ တန်ဖိုးကျဆင်းမှုအပေါ်သတိပြုရန်နှင့် ဘဏ္ဍာရေးမူဝါဒနှင့် ငွေကြေးမူဝါဒကို ညှိနှိုင်းဆောင်ရွက်ရန် လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုခဲ့ပါကြောင်း၊ အစိုးရအနေဖြင့် ဗဟိုဘဏ်တွင် ငွေချေးယူမှုကို တစ်နှစ်ထက်တစ်နှစ် လျှော့ချလျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဖြည့်ဆည်းမှုရာခိုင်နှုန်း ၇၀ ဒသမ ၈၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ၇ ဒသမ ၈၂ ရာခိုင်နှုန်းသို့ သိသိသာသာ လျော့ကျလာခဲ့ပါကြောင်း။

ငွေကြေးဈေးကွက်(Money Market)နှင့်တစ်ဆင့်ပြန်လည်ရောင်းချသည့်ဈေးကွက် (Secondary Market) ဖွံ့ဖြိုးလာသည်နှင့်အမျှ ဗဟိုဘဏ်မှ ငွေချေးယူမှုကို ပိုမိုလျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ ဗဟိုဘဏ်အနေဖြင့် ငွေကြေးဖောင်းပွမှုဖိအားများကို လျှော့နည်းစေရန် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်အချိုး (CRR) ပြင်ဆင်သတ်မှတ်ခြင်းနှင့် ပိုလျှံသီးသန့်ငွေအပေါ် အတိုးပေးခြင်းစသည့် ငွေကြေးမူဝါဒများကို ကျင့်သုံး ဆောင်ရွက်လျက်ရှိပါကြောင်း။

ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သည့် ငွေကြေးမူဝါဒကော်မတီတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါဝင်ပြီး လစဉ်အစည်းအဝေးများပြုလုပ်ကာ မူဝါဒများကို ဟန်ချက်ညီညီညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ လိုငွေအနက် ခန့်မှန်းချက်အရ ငွေကျပ် ဘီလီယံ ၂၁၀၀ အတွင်း လိုအပ်ပါက ဗဟိုဘဏ်မှ အစိုးရငွေတိုက်လက်မှတ်များ ဝယ်ယူခြင်းဖြင့် ဖြည့်ဆည်းနိုင်ရန်အတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေပုဒ်မ ၉၁ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုပေးပါရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံဆန္ဒမဲများသည့်အတွက် လွှတ်တော်ကသဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာနှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုဌာန၊ အဖွဲ့အစည်းများ၏ သာမန်ရငွေအပိုင်းတွင် လျာထားချက်ကိုနီးပါးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော်လည်း ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီရငွေအပိုင်းတွင် လျာထားချက်ကိုပြည့်မီရန် လိုအပ်ခဲ့ပါကြောင်း။

ငွေလုံးငွေရင်းရငွေအပိုင်းတွင် ပြည်ပအကူအညီရငွေဖြင့် လုပ်ငန်းစီမံကိန်းဆောင်ရွက်နိုင်မှုမရှိခဲ့သည့်အတွက် ယင်းအသုံးစရိတ်များနှင့် ဆက်နွှယ်သည့် ပြည်ပအကူအညီရငွေများ လျော့နည်းခဲ့ခြင်းတို့ကြောင့် လျာထားချက်ကိုပြည့်မီရန် လိုအပ်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ကြွေးမြီရငွေအပိုင်းတွင် မြီရှင်နိုင်ငံများသို့ ချေးငွေအရင်းပေးဆပ်ရန် ငွေလွှဲပြောင်းနိုင်မှုမရှိသဖြင့် နိုင်ငံတော်ကစိုက်ထုတ်ပေးချေရမှုမရှိခဲ့သည့်အတွက် သက်ဆိုင်ရာဌာနက ပြန်လည်ပေးသွင်းမှုမရှိခဲ့ခြင်း၊ ကိုဗစ်-၁၉ Special Relief Loan နှင့် ကိုဗစ်-၁၉ Fund မှ ထုတ်ချေးငွေတို့အတွက် နိုင်ငံတော်သို့ အပြည့်အဝပြန်လည်ပေးဆပ်မှုမရှိခဲ့ခြင်းတို့ကြောင့် လျာထားချက်ကိုပြည့်မီရန် လိုအပ်ခဲ့ခြင်း ဖြစ်ပါကြောင်း။

သာမန်အသုံးစရိတ်အပိုင်းတွင် ပြည်ပချေးငွေအပေါ် အတိုးပေးချေမှုလျော့နည်းခဲ့ခြင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများသို့ နှစ်စဉ်ကြေးထည့်ဝင်မှုလျော့နည်းခဲ့ခြင်းတို့ကြောင့် လျာထားချက်ပြည့်မီရန် အနည်းငယ်သာလိုအပ်ခဲ့ပါကြောင်း။

ငွေလုံးငွေရင်းအသုံးစရိတ်အပိုင်းတွင် နယ်မြေဒေသနှင့်ရာသီဥတုအခြေအနေများအရ အချို့တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုမရှိခဲ့ခြင်း၊ ဓာတ်အားပေးစက်ရုံများအတွက် Spare Part ပစ္စည်းများစာချုပ်ချုပ်ဆိုဝယ်ယူရာတွင် အချို့စက်ပစ္စည်းများ အချိန်မီပေးသွင်းနိုင်မှုမရှိခဲ့ခြင်း၊ တင်ဒါပိုလျှံငွေများဖြစ်ပေါ်ခဲ့ခြင်း၊ ပြည်ပချေးယူရငွေဖြင့်ဆောင်ရွက်မည့်စီမံကိန်းလုပ်ငန်းများ ဆိုင်းငံ့နေခြင်းကြောင့် ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးယူရငွေတို့နှင့်ဆက်နွှယ်သည့် အသုံးစရိတ်များ လျော့နည်းခဲ့ခြင်းတို့ကြောင့် လျာထားချက်ကို ပြည့်မီရန် အနည်းငယ်လိုအပ်ခဲ့ပါကြောင်း။

ကြွေးမြီအသုံးစရိတ်အပိုင်းတွင် ပိုလန်နိုင်ငံချေးငွေအပေါ် အရင်းပေးဆပ်ရာတွင် Internal Policy ကြောင့် ငွေပေးချေနိုင်မှုမရှိခဲ့ခြင်း၊ မြီရှင်နိုင်ငံများသို့ ချေးငွေအရင်းပေးဆပ်ရန် ငွေလွှဲပြောင်းနိုင်မှုမရှိခဲ့ခြင်းတို့ကြောင့် လျာထားချက်ကို ပြည့်မီရန် လိုအပ်ခဲ့ခြင်းဖြစ်ပါကြောင်း။

သို့ပါ၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဘဏ္ဍာနှစ်အတွင်း ရရှိသုံးစွဲနိုင်မည့်ရငွေနှင့် အသုံးစရိတ်တို့ကိုသာ လျာထားရေးဆွဲကြရန်နှင့် သက်ဆိုင်ရာဘဏ္ဍာနှစ်အတွင်း အမှန်တကယ်ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များအတွက်ကိုသာ ထည့်သွင်းလျာထားရန်လိုအပ်ပါကြောင်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တင်ပြသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်နိုင်ပါရန်နှင့် အတည်ပြုမှတ်တမ်းတင်ပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၂/၂၀၂၆)ကို ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁၀) ဦးချစ်ဆွေက ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံးသို့ အမည်စာရင်းတင် သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးပဉ္စမနေ့ကို ရုပ်နားလိုက်ပြီး အစည်းအဝေးဆဋ္ဌမနေ့ကို အောက်တိုဘာ ၁၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော် ရုပ်သံမှ ကြည့်ရှုရန်

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၄**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လမ်းအဆင့်မြှင့်တင်ပေးရေး၊ ဆရာဝန်ခန့်ထားပေးနိုင်ရေး၊ဆေးတက္ကသိုလ် ဖွင့်လှစ်ပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ငါးခု မေးမြန်းဖြေကြားခြင်းနှင့် အဆို တစ်ခု ဆွေးနွေး အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ပန်းတနော်မဲဆန္ဒနယ်မှ ဦးကျော်မင်းသန်း၏ **ဓနုဖြူမြို့နယ် ကျူတောရိုး၊ ကျီးချောင်း၊ ခနောင်ရိုက် ရွာချင်းဆက်လမ်းအား အဆင့်မြှင့်တင်ပေးနိုင်ခြင်း အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်** စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဓနုဖြူမြို့နယ် အကျော်-ကျူတောရိုး- ကျီးချောင်းကျေးရွာချင်းဆက်လမ်း အရှည် ၅ မိုင် ၃ ဖာလုံရှိပြီး ကျောက်ခင်းလမ်း ၂ မိုင် ၂ ဖာလုံနှင့် မြေသားလမ်း ၃ မိုင် ၁ ဖာလုံ ဖြစ်ပါကြောင်း၊ မြေသားလမ်း သုံးဖာလုံကို ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ကျန်မြေသားလမ်းကို ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ တိုင်းဒေသကြီးရန်ပုံငွေတွင် လျာထားပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ချောင်းဦးမဲဆန္ဒနယ်မှ ဦးထွန်းလွင်၏ **ချောင်းဦးမြို့ နတ်ရေကန်- ဘလွေ-ကျောက်ဆစ်ကန်လမ်းမှ ကျောက်ခင်းလမ်းကို ပြန်လည်ပြုပြင်ပေးရန်နှင့် ကျန်ရှိသော မြေသားလမ်းကို အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိမရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် နတ်ရေကန် -ဘလွေ -ကျောက်ဆစ်ကန်လမ်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီးက စီမံခန့်ခွဲသော အရှည် ၆ မိုင် ၄ ဖာလုံရှိသော Class A အဆင့်လမ်းဖြစ်ပြီးပျက်စီးနေသည့် ကျောက်လမ်း ၂ မိုင် ၃ ဒသမ ၂၈ ဖာလုံကို ပြန်လည်ပြုပြင်ခြင်းနှင့် မြေသားလမ်း ၄ မိုင် ၀ ဒသမ ၇၂ ဖာလုံကို ကျောက်လမ်းအဆင့်မြှင့်တင်နိုင်ရန်အတွက် နယ်မြေဒေသအခြေအနေအရ ကွင်းဆင်းစစ်ဆေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် ကွင်းဆင်းဆောင်ရွက်နိုင်ပါက ရန်ပုံငွေလျာထားတင်ပြပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ **မလှိုင်မြို့နယ်ရှိ မိတ္ထီလာ- မလှိုင်-မြင်းခြံလမ်းမကြီးမှ ထန်းပင်ကန်ကျေးရွာသို့ဆက်သွယ်သည့် ကတ္တရာလမ်းကို မည်သည့်ဘဏ္ဍာနှစ်တွင် ပြုပြင်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက မိတ္ထီလာ-မလှိုင်-မြင်းခြံလမ်း ထန်းပင်ကန်ကျေးရွာမှ ရိုးကျေးရွာကြား ကတ္တရာလမ်း လေးဖာလုံကို ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထန်းပင်ကန်ကျေးရွာသို့ ဆက်သွယ်ထားသည့် အရှည် ၂ မိုင် ၁ ဖာလုံ အနက်ပျက်စီးနေသော လမ်းပိုင်းများကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်ထောင်စု ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေ အကန့်အသတ်ဘောင်အတွင်းမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှစ၍ တစ်မိုင် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီး ရန်ပုံငွေဖြင့် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစိုင်းဝန်းဆမ်၏ **မိုင်းခတ်မြို့နယ် ၂၅ ခုတင်ဆံ့ဆေးရုံတွင် လစ်လပ်လျက်ရှိသော သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ဦး ခန့်ထားပေးရန်အစီအစဉ် ရှိ မရှိ၊ ရှိလျှင် မည်သည့်အချိန်တွင် ခန့်ထားပေးမည်ကိုသိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်ဆေးရုံတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူးနှင့်အတူ သူနာပြု ကိုးဦးနှင့် အခြားကျန်းမာရေးဝန်ထမ်း ၁၂ ဦးတို့က ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်လျက်ရှိပြီး လိုအပ်လျက်ရှိသော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်ကို လုပ်ငန်းလိုအပ်ချက်ပေါ် မူတည်၍၂၀၂၆ ခုနှစ်အတွင်း စိစစ်ခန့်ထားပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ရေးမဲဆန္ဒနယ်မှ ဒေါ်မြင့်သန်း၏ **မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး သုံးခုတို့တွင် လိုအပ်နေသော ဆေးတက္ကသိုလ် တစ်ခု ဖွင့်လှစ်ပေးနိုင်ပါရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်** စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက တိုင်းဒေသကြီး၊ပြည်နယ်အသီးသီးမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများကို ဆေးတက္ကသိုလ်ခွဲဝေနေရာချထားရာတွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီ တိုင်းဒေသကြီးစသည့် မြန်မာနိုင်ငံအောက်ပိုင်းရှိ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာစစ်ဌာနများမှအောင်မြင်သော ကျောင်းသား၊ကျောင်းသူများကို သွားလာရေးအဆင်ပြေလွယ်ကူစေရန်နှင့် ပညာသင်ယူမှုအဆင်ပြေစေရန်အတွက် မြန်မာနိုင်ငံ အောက်ပိုင်းတွင်တည်ရှိသည့် ဆေးတက္ကသိုလ်(၁)ရန်ကုန်နှင့် ဆေးတက္ကသိုလ်(၂)ရန်ကုန်တို့သို့ လွန်ခဲ့သော ၁၅ နှစ်ခန့်ကတည်းကပင် ခွဲဝေနေရာချထား၍ တက်ရောက်စေပြီး ဆေးတက္ကသိုလ်ဝင်ခွင့်ရရှိသူဦးရေအနေဖြင့် တစ်နှစ်လျှင်ပျမ်းမျှ ကရင်ပြည်နယ်မှ ငါးဦး၊ မွန်ပြည်နယ်မှ ၄၉ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ခုနစ်ဦးသာ ရှိခဲ့သည့်အတွက် အဆိုပါဒေသကြီး သုံးခုတွင် ဆေးတက္ကသိုလ် တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် နောင်တွင် နိုင်ငံတော်၏ လိုအပ်ချက်ပေါ်မူတည်ပြီး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး တင်သွင်းသည့် **"နိုင်ငံသူနိုင်ငံသား မိဘပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးဆိုင်ရာ ဝန်ပိနေမှုများကို လျှော့ချပေးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြင်ပလူနာဌာနကြီးများ ထူထောင်ဖွင့်လှစ်ပေးနိုင်ပါရန်နှင့် ရောဂါကြီးများကို နိုင်ငံတကာအဆင့်မီ ကုသမှုခံယူနိုင်ရန်အတွက် ဒေသဇုန်ကြီးများအလိုက် အဆင့်မြင့်အထူးကုဆေးရုံကြီးများ ထူထောင်ဖွင့်လှစ်ပေးနိုင်ပါရန် တိုက်တွန်းသည့်အဆို"**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဖာပွန် မဲဆန္ဒနယ်မှ ဦးစောဝင်းထိန်**က ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများသည် ယှဉ်တွဲပြီး နိုင်ငံအတွက်အရေးပါနေသကဲ့သို့ တစ်ခုနှင့်တစ်ခု အပြန်အလှန်ယှက်နွှယ်နေပါကြောင်း အဆိုကိုအကောင်အထည်ဖော်ပေးနိုင်မည်ဆိုပါက ပြည်သူ၊ အစိုးရနှင့် လွှတ်တော်များအတွက်ပါ အကျိုးကျေးဇူးများမည်ကို တွေ့ရှိရပါကြောင်း၊ ပြည်သူများအတွက် ပိုမိုကောင်းမွန်ထိရောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိခံစားရမည်ဖြစ်သကဲ့သို့ အစိုးရအနေဖြင့်လည်း ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်မြင့်မားသည့် နိုင်ငံသားများကို ရရှိလာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လွှတ်တော်များ၏ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်နိုင်စွမ်းကို ပြည်သူများပိုမိုယုံကြည်လာမည်ဖြစ်ပြီး ပြည်သူလူထု တစ်ရပ်လုံး၏ ယုံကြည်လေးစားမှုများ ရရှိလာမည်ဖြစ်သည့်အတွက် အဆိုကိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မိုင်းရှူး မဲဆန္ဒနယ်မှ ဦးစိုင်းကံ** က အဆိုအပေါ် ပြည်သူလူထုတစ်ရပ်လုံး အကျိုးဖြစ်ထွန်းရန် အမြင်၊ ဆင်းရဲမှုလျှော့ချရေးအမြင်၊ Life Expectancy မြင့်တက်လာရန်အမြင်၊ တိုင်းရင်းသားအချင်းချင်း ယုံကြည်မှုတည်ဆောက်ရေးအမြင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအမြင်ဖြင့်ကြည့်ကြည့် နိုင်ငံရေးအမြင်၊ ငြိမ်းချမ်းရေးအထောက်အကူပြုအမြင်၊ မည်သည့်အမြင်မျိုးဖြင့် ကြည့်ရှုသည်ဖြစ်စေ တိုင်းပြည်နှင့် ပြည်သူအတွက် အကျိုးရှိသည့်အတွက် ဒေသဇုန်များခွဲပြီး ရောဂါကြီးများအတွက် နိုင်ငံတကာအဆင့်မီကုသပေးနိုင်မည့် အဆင့်မြင့်အထူးကုဆေးရုံကြီးများ ထူထောင်ဖွင့်လှစ်ပေးရေးသည် အမှန်တကယ် ဆောင်ရွက်ရန်လိုအပ်သည့်အတွက် အပြည့်အဝထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ခေါင်လန်ဖူး မဲဆန္ဒနယ်မှ ဦးဆင်ဆုန်း** က ယခုအဆိုသည် ဝေးလံခေါင်သီသည့် ဒေသများမှ တိုင်းရင်းသားမိဘပြည်သူလူထုအားလုံးအတွက် အလွန်တန်ဖိုးရှိသော အဆိုဖြစ်ပြီး ဆင်းရဲချမ်းသာ၊ လူမျိုးဘာသာမခွဲခြားဘဲ နိုင်ငံသူနိုင်ငံသား ပြည်သူလူထုအားလုံးအပေါ် တန်းတူညီမျှတန်ဖိုးထားကြောင်း ပေါ်လွင်စေသောအဆိုဖြစ်ပါကြောင်း၊ သာမန်နာမကျန်းသူသည် ပြဿနာမရှိသော်လည်း ကင်ဆာ၊ ကျောက်ကပ်၊ နှလုံးသွေးကြောပိတ်ခြင်းနှင့် အူအတက်ရောဂါများကိုမူ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်အထိတက်ရောက်ကုသရန် များစွာအခက်အခဲရှိပါကြောင်း၊ ထို့ကြောင့်ဝေးလံခေါင်သီဒေသမှ ပြည်သူများ၊ ရောဂါကြီးများကို ခေတ်မီစက်ကိရိယာကြီးများဖြင့် နိုင်ငံတကာအဆင့်မီ ကုသမှုခံယူနိုင်ရန် ဒေသဇုန်ကြီးများသတ်မှတ်ပြီး အထူးကုဆေးရုံကြီးများ သီးခြားထူထောင်ဖွင့်လှစ်ပေးခြင်းသည် ကောင်းမွန်သည့် အစီအစဉ်တစ်ရပ်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်အနေဖြင့် ပြည်နယ်ပြည်မ မခွဲခြားဘဲ၊ နိုင်ငံသားအားလုံးအပေါ်၊ တိုင်းရင်းသားလူမျိုးစုအားလုံးအပေါ် ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို တန်းတူခံစားပိုင်ခွင့်များရရှိအောင် ဆောင်ရွက်ပေးခြင်းဖြစ်သည့်အတွက် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ယုံကြည်မှုများ ပိုမိုအားကောင်းလာစေရန်များစွာ အထောက်အပံ့ဖြစ်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ အဆိုသည် တစ်နိုင်ငံလုံးတွင်ရှိသည့် ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးဆိုင်ရာ ပူပင်သောက၊ဒုက္ခနှင့် ဝန်ပိနေမှုများကို အများဆုံး လျှော့ချပေးနိုင်မည့် အစီအစဉ်ဖြစ်သည်ဟု ယုံကြည်သည့်အတွက် တစ်နိုင်ငံလုံးတွင်ရှိကြသည့် တိုင်းရင်းသားမိဘပြည်သူလူထုအားလုံး၏ကိုယ်စား အဆိုအပေါ် အပြည့်အဝထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ ရေးမဲဆန္ဒနယ်မှ ဒေါ်မြင့်သန်း၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းလောင်းနှင့် ဗန်းမော်မဲဆန္ဒနယ်မှ ဦးကျော်လင်းတို့က ထောက်ခံဆွေးနွေးကြသည်။

ယင်းနောက် ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ပြည်သူ့ဆေးရုံများတွင် ပြင်ပလူနာကြည့်ရှုကုသမှုနှင့်ပတ်သက်၍ နယ်မြေဒေသအေးချမ်းတည်ငြိမ်သောဒေသများရှိ ပြည်သူ့ဆေးရုံတိုင်းတွင် အရေးပေါ်နှင့် ပြင်ပလူနာဌာနများကို ၂၄ နာရီ ဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပြီး ခုတင် ၁၀၀ ဆံ့ ဆေးရုံများမှစတင်ပြီး အထူးကုဆရာဝန်များ ခန့်အပ်တာဝန်ပေးကာ အထူးကုပြင်ပလူနာဌာနများကို နံနက်ပိုင်းသာမက နေ့လယ်ပိုင်းများတွင်ပါ တိုးချဲ့ဖွင့်လှစ်၍ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုလက်လှမ်းမီစွာရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြင်ပလူနာများ စောင့်ဆိုင်းရချိန်လျှော့ချရေးနှင့် ဆေးဝါးများ အခမဲ့ထောက်ပံ့ပေးနိုင်ရေးအတွက် ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေများခွဲဝေချထားပေးခြင်း၊ လိုအပ်သည့် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့ဆေးရုံများကို အဆင့်မြှင့်တင်ရာတွင် ဆေးနှင့်ဆေးပစ္စည်းများ၊ အခြေခံအဆောက်အအုံများကို နှစ်စဉ်ဘတ်ဂျက်လျာထားရရှိမှု၊ နယ်မြေဒေသအေးချမ်းမှုတို့ အပေါ်မူတည်ပြီး ဦးစားပေးအစီအစဉ်ဖြင့် ဖြည့်တင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အရင်းအမြစ်များရရှိနိုင်မှုကို တွက်ချက်ကာ အများပြည်သူကုသရေးဝန်ဆောင်မှု တိုးမြှင့်ရရှိစေရန်အလို့ငှာ ဆေးရုံခုတင် အဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ပြည်သူများကို ငွေကြေးအခက်အခဲ မဖြစ်စေဘဲ လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများရရှိနိုင်ရေးအတွက် နောင်အနာဂတ်ကာလတွင် ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှု အာမခံစနစ်ကို နိုင်ငံ၏လူမှုစီးပွားအခြေအနေနှင့်ကျန်းမာရေးစနစ် ဖွံ့ဖြိုးတိုးတက်မှုအဆင့်တို့နှင့် လိုက်လျောညီထွေစွာ အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်နိုင်ရေးကို သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတကာအဆင့်မီ အထူးကုဆေးရုံသစ်ကြီးများကို အစမှအဆုံး အသစ်ဖွင့်လှစ်ထူထောင်ခြင်းသည် ကြီးမားသောဘဏ္ဍာငွေ၊ အဆင့်မြင့်စက်ပစ္စည်းများနှင့် အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများစသည့် လူ့စွမ်းအားအရင်းအမြစ် အမြောက်အမြားအချိန်ယူစုဆောင်းရမည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ ဒေသအလိုက်ဖွင့်လှစ်ထားရှိပြီး ပြည်သူ့ဆေးရုံကြီးများတွင် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များနှင့် ခေတ်မီကုသရေးနှင့် ရောဂါရှာဖွေရေးပစ္စည်းများကို နှစ်စဉ်တိုးမြှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် စီစဉ်ထားရှိပြီး အဆင့်ဆင့်ဆက်လက်စီမံဆောင်ရွက်သွားမည် ဖြစ်သောကြောင့် နိုင်ငံသူနိုင်ငံသား မိဘပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးဆိုင်ရာ ဝန်ပိနေမှုများကို လျှော့ချပေးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြင်ပလူနာဌာနကြီးများ ထူထောင်ဖွင့်လှစ်ပေးနိုင်ရန်နှင့် ရောဂါကြီးများကို နိုင်ငံတကာအဆင့်မီ ကုသမှုခံယူနိုင်ရန်အတွက် ဒေသဇုန်ကြီးများအလိုက် အဆင့်မြင့်အထူးကုဆေးရုံကြီးများ ထူထောင်ဖွင့်လှစ်ပေးနိုင်ပါရန် အဆိုကိုမှတ်တမ်းတင်သင့်ပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦးတင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က အဆိုအပေါ် ဝန်ကြီးဌာန၏ ဆောင်ရွက်မှုကို စနစ်တကျအလေးအနက်မှတ်သားထားပြီး တိုးတက်မှုအခြေအနေကို စောင့်ကြည့်မှတ်တမ်းတင်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်
ရုပ်သံဖိုင်ကြည့်ရန်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးက တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းကို တံခွန်စိုက်ဆုဖလားနှင့် ဆင့်ပွားဖလား ပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးက အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းကို တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးက မြန်မာ့သိုင်းအားကစားပြိုင်ပွဲတွင် စွယ်စုံတံခွန်စိုက်ဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းကို စွယ်စုံတံခွန်စိုက်ဒိုင်းဆုကြီးနှင့်ဆင့်ပွားဒိုင်း ပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးက ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ အခြေခံအထိ ခြောက်ချက်ပြိုင်ပွဲတွင် ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးက လက်ဝှေ့အားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။



၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ အားကစားနည်းများအလိုက် ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**❖ အားကစားပြိုင်ပွဲများမှ**

သတ်မှတ်ထားသော အားကစားကွင်းများနှင့် အားကစားရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြပြီး အားကစားနည်းများအလိုက် ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားများကို ကျင်းပသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား ၃၃ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(A)၌ ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ဝိတ်တန်းအလိုက် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဝိတ်တန်းအလိုက် ရွှေတံဆိပ်ဆု၊ ငွေတံဆိပ်ဆု၊ ကြေးတံဆိပ်ဆုရရှိသူများ၊ အကောင်းဆုံးနည်းပြဆုနှင့် အကောင်းဆုံးဒိုင်လူကြီးဆုရရှိသူများ၊ အတန်းလိုက်အကောင်းဆုံးကစားသမားဆု၊ အတိုက်ဝိတ်တန်းအလိုက် ဖလားရရှိသည့် အသင်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တာဝန်ရှိသူများက တစ်ဦးချင်းဆု၊ငွေသားဆု၊ အသင်းလိုက် ဆုဖလားများကို အသီးသီးပေးအပ်ကြသည်။

ထို့နောက် တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၀ ခု၊ ငွေတံဆိပ် ကိုးခု၊ ကြေးတံဆိပ် လေးခုဖြင့် တံခွန်စိုက်ဆုဖလားရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဆုဖလားနှင့် ဆင့်ပွားဖလားကို ပေးအပ်ချီးမြှင့်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(B)၌ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ဗိုလ်လုပွဲစဉ်များယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသား၊ အမျိုးသမီးနေရာအလိုက် အကောင်းဆုံးဆု၊ အကောင်းဆုံး ဘော်လီဘောအားကစားသမားဆု၊ စတုတ္ထဆု၊ တတိယဆုရရှိသည့် အသင်းများကို တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ငွေသားဆုနှင့် တစ်ဦးချင်းဆုများ အသီးသီးပေးအပ်ကြသည်။

ယင်းနောက် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသောအသင်းကို တပ်မတော်ဘော်လီဘောကော်မတီဥက္ကဋ္ဌက ငွေသားဆုနှင့် တစ်ဦးချင်းဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ၂၀၂၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းနှင့် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဒိုင်းဆုပေးအပ်ချီးမြှင့်သည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ၃၃ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(C)၌ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ကီလိုတန်းအလိုက် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အားကစားနည်းများအလိုက် တစ်ဦးချင်းဆုရရှိသူများနှင့် အမျိုးသား၊ အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုရရှိသည့်အသင်းများကို မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တပ်မတော်အရာရှိကြီးများက တစ်ဦးချင်းဆု၊ ငွေသားဆု၊ တံခွန်စိုက်ဒိုင်းဆုများ အသီးသီးပေးအပ်ကြသည်။

ယင်းနောက် မြန်မာ့သိုင်းအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၉ ခု၊ ငွေတံဆိပ် ရှစ်ခု၊ ကြေးတံဆိပ် ခုနစ်ခုဖြင့် စွယ်စုံတံခွန်စိုက်ဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးက စွယ်စုံတံခွန်စိုက်ဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်းအတွင်းရှိ စံပယ်(၆) အားကစားရုံ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နှင့် ရိုးရာခြင်းလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက အခြေခံအထိ ခြောက်ချက်ပြိုင်ပွဲ၊ လေးပေါက်တန်း ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုတို့ကို ကြည့်ရှုအားပေးသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆု၊ အသင်းလိုက်ဆု၊ တက်သစ်စအကောင်းဆုံးအားကစားသမားဆု၊ အကောင်းဆုံးအားကစားသမားဆု၊ အတိုးတက်ဆုံးအသင်းဆု၊ ဒိုင်အဖွဲ့များအတွက် ဂုဏ်ပြုဆုများကို မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နာယကနှင့် တာဝန်ရှိသူများကလည်းကောင်း၊ အခြေခံအထိ ခြောက်ချက်ပြိုင်ပွဲတွင် ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)အသင်းနှင့် လေးပေါက်တန်းအဆင့် ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အသင်းတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးကလည်းကောင်း ဒိုင်းဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် ညနေပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ကီလိုတန်းအလိုက် လူသစ်တန်းနှင့် အလွတ်တန်းအဆင့် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အလွတ်တန်းအဆင့်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များ၊ (က)အဆင့်ကစားသမားများ၊ (က)အဆင့်နှင့် အလွတ်တန်းအဆင့် အကောင်းဆုံးလက်ဝှေ့ကစားသမားဆုရရှိသူများ၊ လူသစ်တန်း ဒိုင်းဆု၊ (က)အဆင့် ဒိုင်းဆုနှင့်အလွတ်တန်းအဆင့် ဒိုင်းဆုရရှိသော အသင်းများကို တပ်မတော်အရာရှိကြီးများက တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် အသင်းလိုက် ဆုဖလားများ အသီးသီးပေးအပ်ကြသည်။

ယင်းနောက် လက်ဝှေ့အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ခြောက်ခု၊ ငွေတံဆိပ် လေးခု၊ကြေးတံဆိပ် ခြောက်ခုဖြင့် တံခွန်စိုက်ဒိုင်းဆုရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အမှတ်(၂၇)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းရှိ ကျောင်းသား၊ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ထုတ်ပေး



**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ်(၂၇) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများကို ယနေ့မွန်းလွဲပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက အဆိုပါ ကျောင်းရှိ အောင်တံခွန်ခန်းမ၌ One Stop Service ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် သွားရောက်ထုတ်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ကျောင်းသား၊ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ဆောင်ရွက်ပေးနေမှုကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များက သွားရောက်ကြည့်ရှုအားပေးကြပြီး ကျောင်းသား၊ကျောင်းသူများထံ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ပေးအပ်ကြသည်။

လမင်းစီမံချက်ဖြင့် တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၌ အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများကို ၂၀၂၆-၂၀၂၇ ပညာသင်နှစ်ကျောင်းများ စတင်ဖွင့်လှစ်ချိန်မှစ၍ နိုင်ငံသားစိစစ်ရေးကတ်နှင့်UID ကတ်ထုတ်ပေးခြင်းကို One Stop Service ဖြင့် ဆောင်ရွက်ပေးခဲ့ရာ ယနေ့ထိ တိုင်းဒေသကြီးအတွင်းရှိ စာသင်ကျောင်း ၁၅၂၉ ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၂၁၆၁၈၁ ဦးကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျန်ရှိသည့် ကျောင်းများကိုလည်း ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၆ ခုနှစ် ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့တွင် ကျောက်စိမ်းအတွဲ ၄၆၃ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၁၄**

၂၀၂၆ ခုနှစ် ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ကို ယနေ့တွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပလျက်ရှိရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့်ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။



ယနေ့ပြပွဲတွင် အုပ်စု(အေ)နှင့်(ဘီ)မှ ကျောက်စိမ်းအတွဲများအနက် ကျောက်စိမ်းအတွဲ အမှတ်(၅၅၁) မှ (၁၁၀၀) ထိ အတွဲ ၅၅၀ ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲ ၄၆၃ တွဲ ရောင်းချနိုင်ခဲ့ကြောင်း ကြေညာသည်။

ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ကျောက်ခင်းကွင်းနယ်မြေအလိုက် ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားရှိမှု၊ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းပေးသွင်းလွှာများကို တင်ဒါပုံးများအတွင်း ထည့်သွင်းနေမှုနှင့် တင်ဒါအောင်မြင်သည့် ကျောက်စိမ်းအတွဲများ အောင်စာရင်းထုတ်ပြန်ကြေညာနေမှုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ပြပွဲအဋ္ဌမနေ့တွင် ရောင်းချမည့် အုပ်စု(အေ)နှင့်(ဘီ)မှ ကျောက်စိမ်းအတွဲ အမှတ်(၁၁၀၁) မှ (၁၆၀၅)ထိကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကြည့်ရှုစစ်ဆေး၍ ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြပြီး တင်ဒါပုံးများကို ညနေ ၅ နာရီတွင် ပိတ်သိမ်း၍ တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ အောက်တိုဘာ ၁၅ ရက်တွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို ကြေညာသွားမည်ဖြစ်သည်။

နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် စီးပွားရေး အကျိုးဖြစ်ထွန်းစေရန်နှင့် ကျောက်မျက်သယံဇာတများကို ရေရှည်တည်တံ့အောင် စနစ်တကျစီမံခန့်ခွဲနိုင်ရန် ရည်ရွယ်ကျင်းပသည့် အဆိုပါမြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၁၇ ရက်ထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ၁၄-၁၀-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၅ ~ ၃၆၇၁ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆၀ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၉,၀၇၃,၄၄၄.၉၀ | ၃,၅၂၅,၅၇၁.၉၀ | ၂၂,၉၄၅,၅၂၆.၈၀ | - |

၂၀၂၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့

World Food Day 2026

"ယနေ့တီထွင်ဆန်းသစ်မှ အာဟာရပြည့်ဝ အနာဂတ်လှ"

(Innovate today. Nourish tomorrow.)

အောက်တိုဘာလ ၁၆ ရက်နေ့




## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီ လုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၉ ရက်တွင် ကျင်းပခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ စက်တင်ဘာ ၂၁ ရက်မှ ၂၅ ရက်ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် နှစ်ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် ဂျာနယ် တစ်ဦး၊ အထွေထွေ ကိုးဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း သုံးဦး စုစုပေါင်း ၁၅ ဦးတို့ကို လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှစ၍ ယနေ့ထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၈၇၁ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၇၆၈ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၅၂ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၆၁၉၁ ဦးကို အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း စည်းကမ်းမဲ့လမ်းဖြတ်ကူးသူ ၃၅ ဦးကို အရေးယူဆောင်ရွက်



**ရန်ကုန် အောက်တိုဘာ ၁၄**

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း သတ်မှတ်ထားသည့် ခုံးကျော်တံတား၊ မြေအောက်လမ်း၊ လူကူးမျဉ်းကျားနှင့် ခွင့်ပြုထားသောနေရာများမှ ဖြတ်သန်းသွားလာရန်နှင့် စည်းကမ်းမဲ့ဖြတ်သန်းသူများကို အရေးယူဆောင်ရွက်လျက်ရှိရာ နှစ်ရက်အတွင်း စည်းကမ်းမဲ့လမ်းဖြတ်ကူးသူ ၃၅ ဦးကို အရေးယူဆောင်ရွက်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီမှ ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၂ ရက်တွင် ရန်ကုန်မြို့ ဆူးလေခုံးကျော်တံတားအောက်မှ လမ်းဖြတ်ကူးကြသည့် အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီးကိုးဦးကိုလည်းကောင်း၊ အောက်တိုဘာ ၁၃ ရက်တွင် အမျိုးသား ၁၃ ဦးနှင့် အမျိုးသမီး သုံးဦးတို့ကိုလည်းကောင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၉၆ အရ အရေးယူဆောင်ရွက်ခဲ့သည်။

"ယာဉ်အန္တရာယ် ကင်းရှင်းရေးနဲ့ အများပြည်သူ ခရီးသွားလာရာမှာ အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်နေတာဖြစ်ပါတယ်။ အခုလိုဆောင်ရွက်မှုအပေါ် လူမှုကွန်ရက်မှာ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အားပေးထောက်ခံသူအားလုံးကို ကျေးဇူးတင်ပါတယ်။ လမ်းအသုံးပြုသူ ပြည်သူတွေအနေနဲ့ သတ်မှတ်ထားတဲ့စည်းကမ်းအတိုင်း ဖြတ်သန်းသွားလာကြဖို့ တိုက်တွန်းလိုပါတယ်"ဟု ကျောက်တံတားမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုမှ ဒုတိယရဲမှူးမိုးဝင်းက ပြောသည်။

ထိုသို့ စည်းကမ်းမဲ့ လမ်းဖြတ်ကူးသူများကို အရေးယူဆောင်ရွက်မှုကြောင့် ရက်ပိုင်းအတွင်း ခုံးကျော်တံတားများကို အသုံးပြုဖြတ်သန်းသွားလာသူ များပြားလာလျက်ရှိပြီး ခုံးကျော်တံတားအောက်မှ စည်းကမ်းမဲ့လမ်းဖြတ်ကူးသူ အရေအတွက် လျော့ကျသွားကြောင်း သိရသည်။

**သစ္စာ(MNA)**




**❑ ပြန်လည်ပို့ဆောင်ပေးမှ**

စစ်ရေယာဉ် ပြည်တော်အေး(၄) ရေယာဉ်ဖြင့် ပြန်လည်ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ပြီး ပြန်လည် ရောက်ရှိလာကြသူများကို ဆိပ်ငယ်ဖောတံတားတွင် နယ်မြေခံလေတပ်စခန်းဌာနချုပ်မှူး၊ မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက နွေးထွေးစွာကြိုဆိုခဲ့ကြကာ ခရိုင်အားကစားခန်းမတွင် ခေတ္တထားရှိ၍ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ UID စစ်ဆေးခြင်း၊ e-ID စစ်ဆေးခြင်း၊ PSMS စစ်ဆေးခြင်းကို တာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြပြီး သက်ဆိုင်ရာမြို့နယ်များထံ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**ခိုင်ထူး(ပြန်/ဆက်)**

**■ တနင်္သာရီတိုင်းဒေသကြီးမှ**

ပရဟိတအဖွဲ့များ၊ ဒေသခံပြည်သူများပါဝင်သော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အပျက်အစီးများဖယ်ရှားခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ လမ်းပေါ်ရှိ မြေစိုင်ခဲများ ဖယ်ရှားခြင်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များက လောင်းလုံးမြို့ဝန်းကျင်ဒေသရှိ သဗျာ၊ ပညှင်း၊ ညှင်းမှော်၊ ပြင်းထိန်၊ ပိန်းရှောင်၊ စန်းလှမ်း၊ အင်းဇောက်၊ ပဥ္စသီမော်ကျေးရွာတို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(၅၀၁)**



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ရေဘေးသင့်ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**● မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲမှ**

ISPE အသင်းတို့ နိုင်ပွဲများရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၉) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ တောင်ဒဂုံအားကစားကွင်းတွင် ရန်ကုန်စီးတီးအသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်စီးတီးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး ရန်ကုန်စီးတီးအသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၁၀ မိနစ်တွင် ထက်အာကာဝင်းက သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက သီဟဒီပအားကစားကွင်းတွင် မြဝတီအက်ဖ်စီအသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ မြဝတီအက်ဖ်စီအသင်းက လေးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး မြဝတီအက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၅ မိနစ်နှင့် ၇၅ မိနစ်တွင် စင်ဝါအောင်၊ ပွဲချိန် ၃၆ မိနစ်တွင် မျိုးမင်းခန့်၊ ပွဲချိန် ၆၅ မိနစ်တွင် မျိုးမင်းအောင်တို့က သွင်းယူနိုင်ခဲ့ပြီး စစ်ကိုင်းယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၀ မိနစ်နှင့် ၃၇ မိနစ်တွင် အောင်မင်းခန့်၊ ပွဲချိန် မိနစ် ၅၀ တွင် ပိုင်သက်ဦးတို့က သွင်းယူနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ဇဟန်းအားကစားကွင်းတွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ISPE အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၈ မိနစ်နှင့်၇၁ မိနစ်တွင် စစ်ငြိမ်းချမ်းဦး၊ ပွဲချိန် ၇၄ မိနစ်တွင် ချစ်ရင်ထူးတို့က သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

**STA**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၃၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

❍ ရွှေကုက္ကိုလ်မှ

တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများကို အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ငါးထပ်အဆောက်အအုံ တစ်လုံးကို ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့ထိ ၉၄ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီး




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။

ဖြစ်ကြောင်း၊ ထပ်မံ၍ ငါးထပ်အဆောက်အအုံတစ်လုံးကို ဖြိုချဖျက်ဆီးမှုမှာ ယနေ့ထိ ၄၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်းနှင့် ၁၃ ထပ် အဆောက်အအုံ တစ်လုံးကိုလည်း ယမ်းပြင်ယမ်းကပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ လေးလုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အား အသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ လေးလုံးအနက် သုံးလုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ အလုံး ၆၀ ကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု (Online Scam)များ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ငါးထပ်အဆောက်အအုံ စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိမှုကို တွေ့ရစဉ်။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ငါးထပ် အဆောက်အအုံကို ယန္တရားများဖြင့် စနစ်တကျဖြိုချ ဖျက်ဆီးနေမှုကို တွေ့ရစဉ်။

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရှိရာ အောက်တိုဘာ ၅ ရက်မှ ၁၁ ရက်ထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများက ပေးပို့လာသောစာရင်းများအရ တရားမဝင် ကျွန်း ၈၃ ဒသမ ၀၀၁၂ တန်၊ သစ်မာ သုည ဒသမ ၄၅၄၄ တန်၊ အခြား ၇၅ ဒသမ ၉၈၇၀ တန် စုစုပေါင်း ၁၅၉ ဒသမ ၄၄၂၆ တန်၊ ယာဉ်၊ ယန္တရား ၁၀ စီး၊ တရားခံ ၁၄ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## ထူးခြားသည့် နေ့အပူချိန်များ (၁၄- ၁၀ -၂၀၂၆)

| | | | | |
|---|---|---|---|---|
| စစ်ကိုင်း | ၃၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ရန်ကုန် | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တပ်ကုန်း | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ကော့ကရိတ် | ၃၅ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေကျင် | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဖြူး | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေဘို | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဘီးလင်း | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

# လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ fake accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက တိုင်ကြားနိုင်

**နေပြည်တော် အောက်တိုဘာ ၁၄**

လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ fake accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက ခရီးသည်အမည်၊ ဝယ်ယူခဲ့သည့်ရက်စွဲ၊ ခရီးစဉ်အချက်အလက်၊ Booking PNR/Ticket အမှတ်၊ ဝယ်ယူခဲ့ရသည့် ဈေးနှုန်းနှင့် ငွေပေးချေသည့်အထောက်အထား စသည့်တိကျသည့်သတင်းအချက်အလက်များနှင့်အတူ သက်ဆိုင်ရာလေကြောင်းလိုင်းများသို့ တိုက်ရိုက်တိုင်ကြားနိုင်ကြောင်းနှင့် လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက်ပိုမိုရောင်းချခြင်း၊ fake accounts များမှတစ်ဆင့် ရောင်းချခြင်းများတွေ့ရှိရပါက မည်သူမဆို ပြစ်မှုဆိုင်ရာဥပဒေကြောင်းအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးချက်ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

# ယနေ့တီထွင်ဆန်းသစ်မှု အာဟာရပြည့်ဝ အနာဂတ်လှ

ထက်ဝေအောင်(စစ်ကိုင်း)

ယနေ့ကမ္ဘာကြီးသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ ကပ်ရောဂါဘေးနှင့် စားရေရိက္ခာလုံခြုံမှု အစရှိသည့် ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းများကို ရင်ဆိုင်နေရပြီး သာမန်ရင်ဆိုင်နေကျပုံစံထက် သာလွန်သော တီထွင်ကြံဆမှုနည်းလမ်းများဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းလျက်ရှိပေသည်။ အလားတူပင် ကမ္ဘာ့လူဦးရေတိုးတက်လာမှု၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် စွမ်းအင်သုံးစွဲမှုဆိုင်ရာ အကျပ်အတည်းများကြောင့် စားနပ်ရိက္ခာလုံခြုံမှုပြဿနာများ၊ စိန်ခေါ်မှုများကို ကျော်လွှားသွားနိုင်ရေး ရေတို၊ ရေရှည် နည်းလမ်းအသွယ်သွယ်ဖြင့် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

လူနှင့်သက်ရှိသတ္တဝါများအတွက် စားရေရိက္ခာ အာဟာရလိုအပ်ချက်သည် ကမ္ဘာတည်နေသရွေ့ ယှဉ်တွဲတည်ရှိနေမည့်အခန်းကဏ္ဍတစ်ခုဖြစ်သည်။ အခန်းကဏ္ဍတစ်ခုဆိုသော်လည်း လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍအသီးသီးမှ ထွက်ရှိသည့် ကုန်ထုတ်လုပ်ငန်းများသည် နက်ရှိုင်းသည့်အဓိပ္ပာယ်များနှင့် ပြည့်နှက်နေပေသည်။ လူတိုင်းအသက်ရှင်နေထိုင်ရပ်တည်နိုင်ရေး စားရေရိက္ခာအာဟာရမဖြစ်မနေလိုအပ်သည်။ တိုးတက်လာသည့် လူဦးရေအလိုက် စားရေရိက္ခာဖူလုံရေးအခန်းကဏ္ဍသည် အနာဂတ်အရေးထည့်တွေးရမည့် အချက်ဟုလည်း ဆိုနိုင်သည်။ ဖူလုံပြည့်ဝအာဟာရပြည့်စုံသော စားရေရိက္ခာရရှိရေးသည် နိုင်ငံတစ်နိုင်ငံ၏ အရေးသာမက ကမ္ဘာတစ်ဝန်းလုံးတွင် မှီတင်းနေထိုင်သည့် ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး၏ အရေးဖြစ်သဖြင့် အနာဂတ်စားရေရိက္ခာဖူလုံရေး အားလုံးပူးပေါင်းပါဝင်ဖြေရှင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကြီးနှစ်ခုသည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိပြီး ပြည်တွင်းစားသုံးမှုဖူလုံရေးအတွက်သာမက စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးကိုလည်းများစွာ အထောက်အကူပြုသည်။ မွေးမြူရေးလုပ်ငန်းတွင် လိုအပ်သည့် တိရစ္ဆာန်အစာအတွက် လယ်ယာဘေးထွက်ပစ္စည်းများကို အသုံးပြုနိုင်သဖြင့် အရည်အသွေးကောင်းမွန်ခြင်း၊ အထွက်နှုန်းကောင်းခြင်း ရလဒ်ကောင်းကိုရရှိစေပြီး အာဟာရပြည့်ဝသည့် တိရစ္ဆာန်အစာဖူလုံရေးကဏ္ဍကို အထောက်အကူပြုလျက်ရှိသည်။ အလားတူ တိရစ္ဆာန်အစာထုတ်လုပ်မှု၊ အစာကျွေးမွေးမှုပုံစံ၊ အစာအမျိုးအစားများနှင့် တိရစ္ဆာန်အစာအရည်အသွေးလိုအပ်ချက်များပြည့်မီစေရေး မွေးမြူရေးနှင့် စိုက်ပျိုးရေးကဏ္ဍတို့ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အနာဂတ်ရည်မှန်းချက်များ ပြည့်မီစေရေး၊ စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ရမည့်နည်းတူ မွေးမြူရေးလုပ်ငန်း၏ လိုအပ်ချက်ဖြစ်သည့် တိရစ္ဆာန်အစာပင်စိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ခင်းများ၏အထွက်နှုန်းကောင်းမွန်ရေး၊ တိရစ္ဆာန်အစာပင်များ၏ အာဟာရတန်ဖိုးမြင့်မားရေး ဦးတည်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် ကျေးလက်ဒေသကို အခြေပြုစိုက်ပျိုးထုတ်လုပ်ခြင်း ဖြစ်သဖြင့် နိုင်ငံ၏ အမြဲတစေလိုအပ်နေမည့် စားရေရိက္ခာဖြည့်တင်းရေးအပိုင်းကို တာဝန်ယူနိုင်မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများကို မြင့်မားလာစေမည်ဖြစ်သည်။ မြန်မာ့နိုင်ငံ၏ လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်များသည် မြေကြီးက ရွှေသီးသည့်ပမာ သီးနှံအထွက်တိုးသရွေ့ အမြတ်ပိုမိုရရှိစေမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် စီးပွားရေးမူဝါဒများ ခိုင်မာစွာချမှတ်လျက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ထုတ်လုပ်ရေး၊ ကုန်ထုတ်စွမ်းအားများ မြင့်မားလာစေရေး၊ တောင်သူများ ဝင်ငွေတိုးတက်ရရှိစေရေး၊ ဘေးကင်းလုံခြုံ၍ အာဟာရပြည့်ဝသည့် စားနပ်ရိက္ခာများထုတ်လုပ်ရေးကို နည်းလမ်းပေါင်းစုံဖြင့် ဥပဒေ၊ နည်းဥပဒေ အကာအကွယ်များစွာဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။




မြန်မာနိုင်ငံသည် ဆန်စပါးကို အခြေခံစားသောက်ကုန်အဖြစ် သတ်မှတ်ထားသဖြင့် နိုင်ငံ၏နေရာအနှံ့အပြားတွင် စပါးကိုစိုက်ပျိုးခဲ့ကြသည်။ နွေစပါး၊ မိုးစပါး အချိန်မီစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ဆောင်ကြရာတွင် အထွက်နှုန်းကောင်းမွန်ရေး အလေးထားဆောင်ရွက်ခဲ့ကြသည်။ တစ်ဖက်တွင်လည်း မျိုးစပါးကောင်းမွန်မှု၊ ရေမြေအနေအထား ကောင်းမွန်မှု၊ ပိုးမွှားဒဏ်ခံနိုင်မှု အစရှိသည့်ကဏ္ဍများကိုပါ ထည့်သွင်းစဉ်းစားပြီး အထွက်နှုန်းတိုးတက်ရေးကြိုးပမ်းဆောင်ရွက်ခဲ့သည်။ စပါးစိုက်ပျိုးသည့်လယ်မြေများ၏ မြေအရည်အသွေးမနိမ့်ကျစေရေး၊ စိုက်ပျိုးရေးပညာရှင်များ၏ နည်းပညာအကူအညီ၊ သုတေသနပြုဆန်းစစ်ချက်များဖြင့် အကောင်းဆုံးရလဒ်ထွက်ပေါ်အောင် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်သည် စီးပွားရေးမူဝါဒများ ခိုင်မာစွာချမှတ်လျက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ထုတ်လုပ်ရေး၊ ကုန်ထုတ်စွမ်းအားများ မြင့်မားလာစေရေး၊ တောင်သူများ ဝင်ငွေတိုးတက်ရရှိစေရေး၊ ဘေးကင်းလုံခြုံ၍ အာဟာရပြည့်ဝသည့် စားနပ်ရိက္ခာများထုတ်လုပ်ရေး လုပ်ငန်းများကို တိုက်တွန်းလုပ်ဆောင်လျက်ရှိသည်။ ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် တစ်ဧကချင်း အထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်းမွန်သည့်စပါးမျိုးများ စိုက်ပျိုးရေးအထူးအလေးထားရန် လမ်းညွှန်ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းတွင် စိုက်ပျိုးရေ လုံလောက်စွာရရှိရေး၊ ဆည်တာတမံကြီးများ၊ မြစ်ရေတင်လုပ်ငန်းကြီးများ ထိန်းသိမ်းမွမ်းမံခြင်း၊ ရေလိုအပ်ချက်နည်းသော သီးနှံများကို ပြောင်းလဲစိုက်ပျိုးခြင်း၊ ရေကိုချွေတာသုံးစွဲနိုင်သည့် ခေတ်မီရေသွင်းကိရိယာများအသုံးပြုစိုက်ပျိုးခြင်း အစရှိသော ရေအသုံးချမှုနှင့် စိုက်ပျိုးရေးဆိုင်ရာ ပညာပေးလုပ်ငန်းများ၊ သရုပ်ပြပွဲများ ဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးရေးလုပ်ငန်းသည် လက်တွေ့ကျကျ ဆောင်ရွက်ရသော အလုပ်ဖြစ်ကာ စိုက်ဧကအလိုက် အထွက်နှုန်းခန့်မှန်းပြီး စိုက်ပျိုးစရိတ်၊ အမြတ်အရှုံး တွက်ချက်၍ အရှုံးထဲမှ သင်ခန်းစာယူကြရသည်။ ခေတ်မီတိုးတက်နေသည့်ကမ္ဘာကြီးတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် ခေတ်နှင့်အညီ ဟန်ချက်ညီညီဖွံ့ဖြိုးလာသည်။ နိုင်ငံ၏ ရေမြေဒေသနှင့်ကိုက်ညီသည့် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး အစရှိသောမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သင့်သည်။ စိုက်ပျိုးရေးဆိုင်ရာပညာရှင်များ၏ လေ့လာတွေ့ရှိချက်များကို အခြေခံ၍ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းသည် မိမိအကျိုး၊ သူတစ်ပါးအကျိုး နှစ်ဖြာသောအကျိုးကို ဖြစ်ထွန်းသည့်အလုပ်ဖြစ်သဖြင့် မွန်မြတ်သောအလုပ်ဟုဆိုနိုင်သကဲ့သို့ ရရှိလာသောဝင်ငွေမှာလည်း သန့်စင်မွန်မြတ်ပေသည်။ လယ်ယာကဏ္ဍတစ်ခွင် ဘက်ပေါင်းစုံဖွံ့ဖြိုးရေး တစ်ယောက်အားနှင့်မရနိုင် ဆိုသကဲ့သို့ လုပ်ငန်းတူ၊ ရည်ရွယ်ချက်တူသူများ ပြိုင်တူပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခန်းကဏ္ဍမှ ဘက်စုံဖွံ့ဖြိုးရေး ဦးတည်ချက်နှင့်အညီ လယ်ယာလုပ်ငန်းခွင်တွင် စီးပွားရေးအရ တွက်ခြေကိုက်သော စပါး၊ မြေပဲ၊ နှမ်း၊ ပြောင်း၊ ပဲမျိုးစုံ၊ ကြံအစရှိသည့် သီးနှံများယှဉ်ပြိုင်စိုက်ပျိုးကြသကဲ့သို့ ဈေးကွက်ဝင်သီးနှံ၊ စီမံကိန်းသီးနှံများလည်း စိုက်ပျိုးကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍတွင် နွေစပါး၊ ဆောင်းပဲတီ၊ နေကြာ၊ ဝါသီးနှံများနှင့် ဝါးစိုက်ပျိုးမှုတို့ချဲ့စိုက်ပျိုးရေး အလေးထားဆောင်ရွက်လျက်ရှိပြီး စိုက်ဧကတိုးချဲ့ရေးသာမက ရေမြေဒေသအလိုက် သီးထပ်စွမ်းအားမြှင့်တင်ရေးနှင့် အထွက်နှုန်းတိုးတက်ရေးသည် အဓိကကျသဖြင့် သဘာဝကပေးစွမ်းသည့်မြေအရင်းအမြစ်၊ ရေအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချလျက် သီးနှံထုတ်လုပ်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့အတူ အထွက်နှုန်းပန်းတိုင်ရည်မှန်းချက်သည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် အစီအမံဖြစ်သည်။ ပန်းတိုင်တစ်ရပ် ချမှတ်ရာတွင် ရှင်းလင်းပြတ်သားရန်လိုအပ်ပြီး ရည်မှန်းချက်ရလဒ်ထွက်ပေါ်ရေး စနစ်တကျ စီမံဆောင်ရွက်ရလေ့ရှိသည်။ ပန်းတိုင်သတ်မှတ်ဆောင်ရွက်မှုကို စီးပွားရေးကုန်ထုတ်လုပ်မှု လုပ်ငန်းနယ်ပယ်များထိ ကျယ်ပြန့်စွာအသုံးပြုလာကြပြီး လုပ်ငန်းအချင်းချင်း ပြိုင်ဆိုင်မှုအသွင်ဖြင့် ဈေးကွက်ရရှိရေး၊ အမြတ်ဝေစုပိုမိုရရှိရေး ကြိုးပမ်းဆောင်ရွက်မှုပင်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် အားနည်းချက်၊ အားသာချက်များကို ပြုပြင်သုံးသပ်ပြီး အသုံးချမှု၊ လုပ်ငန်းဆိုင်ရာစိန်ခေါ်မှု၊ သက်ရောက်မှုအခွင့်အလမ်းများကို တစ်ဆင့်ချင်းဖော်ဆောင်ပြီး အာဟာရပြည့်ဝအနာဂတ်လှပအောင် လယ်ယာတစ်ခွင်ကို အလှဆင်ကြရမည်ဖြစ်သည်။

နေ့စဉ်ဘဝတစ်လျှောက်တွင် လူတိုင်းအသုံးပြုလျက်ရှိသည့် အင်တာနက်စနစ်၊ မိုဘိုင်းဖုန်းနည်းပညာ၊ သယ်ယူပို့ဆောင်ရေးနည်းလမ်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများသည် တီထွင်ဆန်းသစ်မှုကျေးဇူးကြောင့် လူသားတို့အတွက် ပိုမိုလွယ်ကူလျင်မြန်လာသည့် လူမှုစီးပွားအရည်အသွေးများပင်ဖြစ်ပေသည်။ ထို့အတူ နိုင်ငံ၏ စားရေရိက္ခာဖူလုံရေးနှင့် လယ်ယာကဏ္ဍ အသွင်ကူးပြောင်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရေး၊ လယ်ယာကဏ္ဍနှင့် ဆက်နွှယ်သောလုပ်ငန်းများတွင် လုပ်ကိုင်လျက်ရှိသည့် တောင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အခြားပါဝင်ပတ်သက်သူများအတွက် စီးပွားရေးဝန်းကျင်ကောင်း တစ်ရပ်ဖန်တီးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်နည်းတူ အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့်ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ်အောင်မြင်ခြင်းဖြင့် အာဟာရပြည့်ဝသော စားရေရိက္ခာထုတ်လုပ်ရေး၊ ဆင်းရဲမှုတိုက်ဖျက်ရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို များစွာအထောက်အကူဖြစ်စေမည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သုတေသနပြုမှု၊ အောင်မြင်မှုရလဒ်များကိုအခြေခံ၍ ချိတ်ဆက်အကောင်အထည်ဖော်နိုင်ရေးတို့သည် ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့၏ဆောင်ပုဒ်ဖြစ်သော"ယနေ့ တီထွင်ဆန်းသစ်မှု အာဟာရပြည့်ဝအနာဂတ်လှ" ဟူသည့်အတိုင်း အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ခ ) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ဂ ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

( င ) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်း လျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (**www.myawady.net.mm/nurse(male)**)တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၁၀-၂၀၂၆ ရက်နေ့မှစ၍ ၃၀-၁၁-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့ မတိုင်မီ တစ်လအတွင်း ရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၉-၁၂-၂၀၂၆ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady.net.mm/nurse(male))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၆-၁၂-၂၀၂၆ ရက်နေ့မှ ၂၃-၁၂-၂၀၂၆ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်ခွဲနည်းပညာ) B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech(Medical Imaging Technology)

(စ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာ) B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ) (ဒုတိယတန်း)အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်း လျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (**www.myawady.net.mm/nurse(female)**)တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၁၀-၂၀၂၆ ရက်နေ့မှစ၍ ၃၀-၁၁-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့ မတိုင်မီ တစ်လအတွင်း ရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၉-၁၂-၂၀၂၆ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady.net.mm/nurse(female))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၆-၁၂-၂၀၂၆ ရက်နေ့မှ ၂၃-၁၂-၂၀၂၆ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်ခွဲနည်းပညာ) B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech(Medical Imaging Technology)

(စ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာ) B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ) (ဒုတိယတန်း)အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ရွှေဖီဦး

Plus Vitamin C

FDA အမှတ် ၈၄/၁၄၀၉၁/ထလ




ပင်ရင်းအရောင်းဌာန
ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊
ဖုန်း - ၀၉ ၄၂၀၂၁၉၄၃၆

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART NINE MILE Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw
ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၉၀၇၇

Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။

mytel MPT ooredoo telenor

ဘေလ်ပေးဆောင်ခြင်း

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊ လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊
e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊
Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊
မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊
အငြိမ်းစားလစာအပါအဝင်ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို
ဘဏ်သို့ သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။



ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆


## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ရှိ ကွင်းအမှတ်(၇/နန်းတော်ရာ)၊ ဦးပိုင်အမှတ်(၈၁-ခ)၊ ဧရိယာ(၀.၀၆၅)ဧကအကျယ်ရှိ ဦးစိုးထိုက်အောင်အမည်ပေါက် ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦးတို့အား လက်ရှိအကျိုးခံစားနေသူ ဦးစိုးထိုက်အောင် (ဘ) ဦးအောင်မောင်း(၉/ပကခ(နိုင်)၀၄၂၄၅၇)မှ မြေနှင့်သက်ဆိုင်သော ဂရန်စာချုပ်မူရင်းနှင့်တကွ အခြားပိုင်ဆိုင်မှုစာချုပ်မူရင်းများအားပြသပြီး ၎င်းအနေဖြင့် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းကြောင်း၊ ဝန်ခံကတိပြုပြောဆိုရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်လှကြိုင် (ဘ) ဦးဘစိန်(၅/ကလတ(နိုင်)၀၁၀၄၆၉)၊ ဒေါ်လှရီ (ဘ) ဦးဘစိန်(၅/ကလတ(နိုင်)၀၁၀၄၇၀)၊ ဦးထွန်းရီ (ဘ) ဦးဘစိန်(၅/စကန(နိုင်)၀၁၀၄၈၀)၊ ဒေါ်သန်းသန်းထွန်း (ဘ) ဦးကျော်ထွန်း(၅/စကန(နိုင်)၀၁၂၅၆၆)တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ ဦးစိုးထိုက်အောင် အမည်ပေါက် ဂရန်မြေနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မြေအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်လမင်းထွန်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၆၆၇)
ရွာထောင်၊ ပန်းဘဲတန်းရပ်၊ စစ်ကိုင်းမြို့

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အထက(၂၇) အခြေခံပညာအထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်နေသော ဒေါ်နီနီထွန်း(အလပြ)၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးထွန်းလင်း** ဖြစ်ပါကြောင်း။ **ဦးထွန်းလင်း(၉/မရမ(နိုင်)၀၆၆၁၆၃)**

## အမည်ပြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ မဟာဂန္ဓာရုံ ဘက(၁) အထက(ခွဲ)၊ ကျောင်းဝင်အမှတ် ၃၁၉၀ ဖြင့် Grade-8 တွင် ပညာသင်ကြားနေသော (ဘ) ဦးဇေမင်းလတ်၏သား မောင်မင်းကြည်ခိုင်အား **မောင်ဘုန်းသန့်ဇေမင်း** ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဘုန်းသန့်ဇေမင်း**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ခွန်တောင်းကြီးကျေးရွာအထက(ခွဲ)၊ Grade-6 တွင် ပညာသင်ကြားနေသော မောင်ဇေယျာနိုင်၏ဖခင်အမည်မှန်မှာ **ဦးဇင်မင်းစိုး** ဖြစ်ပါကြောင်း။

**ဦးဇင်မင်းစိုး(၅/ရဘန(နိုင်)၁၄၇၇၈၆)**

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ဆင်လမ်းရွာနေ မောင်ဟုန်ရှိန်း (ဘ) ဦးစိုင်းမြမောင်(၉/ပဥလ(နိုင်)၀၄၃၄၅၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-808163)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-775858034

**အဖိုးတန်ရေချိုကို ချွေတာပါ**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## သန္တိသစ္စာဆောက်လုပ်ရေးကုမ္ပဏီမှ ဝန်ထမ်းများခေါ်ယူခြင်း

တည်ဆောက်ရေးလုပ်ငန်းများတွင် လုပ်ကိုင်ရန်အတွက် အမျိုးသား (၃၀)ဦး၊ အမျိုးသမီး(၂၀)ဦး လိုအပ်နေပါသဖြင့် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီပါက လာရောက်လျှောက်ထားနိုင်ပါသည်။

၁။ ပညာအရည်အချင်းသတ်မှတ်ချက်မရှိပါ။ လုပ်ငန်းအတွေ့အကြုံမလိုပါ။
၂။ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
၃။ နယ်သို့သွားရောက်လုပ်ကိုင်နိုင်သူဖြစ်ရမည်။
၄။ အခြေခံတည်ဆောက်ရေးနှင့် အထွေထွေလုပ်ငန်းများ လုပ်ကိုင်နိုင်ရမည်။
၅။ အိမ်ထောင်မရှိ လူပျိုဖြစ်ရမည်။

**စိတ်ဝင်စားပါက**

ကိုယ်ရေးအကျဉ်းအချက်အလက် (၁)စောင်
လတ်တလောရိုက်ကူးထားသော ပတ်စပို့ဓာတ်ပုံ(၃)ပုံ
နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ (၂)စောင်
အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ(၁)စောင်
ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ နေထိုင်ကြောင်း ထောက်ခံစာ (၁)စောင်
ရဲစခန်းထောက်ခံစာ (၁)စောင်

**လစာ** နေ့စားငြိမ်း ၅ သိန်း(အစမ်းခန့်ကာလ ၃လ)
**အလုပ်ချိန်** ၈ နာရီ
**ဆက်သွယ်ရန်** ၇၆ လမ်း၊ ၉ လမ်း x ၁၀ လမ်းကြား၊
၀၉-၇၇၃၁၃၅၃၃၃၊ ၀၉-၇၇၃၂၃၅၃၃၃
မန္တလေး-မိုးကုတ်လမ်း၊ ၈ မိုင် ၄ ဖာလုံ၊ ကြာနီကန်ကျေးရွာ၊
သန္တိသစ္စာ အိမ်ရာဝင်း

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ့ဆိပ်ကမ်းလုပ်ငန်းကဏ္ဍစွမ်းဆောင်နိုင်မှုအခြေအနေများနှင့် ဆက်လက်တိုးချဲ့ဆောင်ရွက်သွားနိုင်မည့်အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက မြန်မာအပြည်ပြည်ဆိုင်ရာသီလဝါဆိပ်ကမ်း(MITT)၌ ဆိပ်ကမ်းလုပ်ငန်းကဏ္ဍစွမ်းဆောင်နိုင်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း လှည့်လည်၍ မြန်မာ့ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများနှင့် ဆက်လက်တိုးချဲ့ဆောင်ရွက်သွားနိုင်မည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ သီလဝါမီးရထားဘူတာရုံ၌ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက လက်ရှိ တိုးကြောင်ကလေး-သီလဝါ ရထားလမ်းပိုင်း၏

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

## ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲ အားကစားနည်းများအလိုက် ဗိုလ်လုပွဲများနှင့် ဆုပေးပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၄**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို လက်ရွေးစင် အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင် အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက်သစ်လူငယ် အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ကျင်းပလျက်ရှိရာ ၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက်

စာမျက်နှာ ၂၄ ကော်လံ ၁ ❖



၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ အားကစားနည်းများအလိုက် ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။




## မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၉)တွင် ရန်ကုန်စီးတီး၊ မြဝတီအက်ဖ်စီ၊ ISPE အသင်းတို့ နိုင်ပွဲများရရှိ

**ရန်ကုန် အောက်တိုဘာ ၁၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာ နေရှင်နယ်လိဂ်ကော်မတီက ကြီးမှူး ကျင်းပလျက်ရှိသည့် မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၉)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရန်ကုန်စီးတီး၊ မြဝတီအက်ဖ်စီ၊

စာမျက်နှာ ၂၆ ကော်လံ ၄ ●

## ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၄**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ

စာမျက်နှာ ၂၇ ကော်လံ ၁ ❍




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ငါးထပ်အဆောက်အအုံကို စက်ယန္တရားဖြင့် စနစ်တကျဖြိုချဖျက်ဆီးနေမှု မှတ်တမ်းဓာတ်ပုံ။